
www.burmeseclassic.com

# ရွာသုံးထောင်




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com




BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

'ညောင်...'လို့ အော်တဲ့ 'ကြောင်'တော့ မဟုတ်ဘူး ...၊

ဒါပေမယ့် ...

အမောဆို့လောက်အောင် ပြောယူရတဲ့

တောသုံးတောင်က ကောင် ...၊

အဲဒီကောင်က ...

တောကြောင်



BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com







•

ဘဝကို ငြိမ်းငြိမ်းချမ်းချမ်း ဖြတ်သန်းချင်တဲ့ ကျွန်တော်..၊ နည်းပညာမပါတဲ့ လူနေမှုဘဝကို မက်မောတဲ့ ကျွန်တော် ..၊ အခုတော့ အခက်တွေ့နေရပြီ ..။

ခြေနှစ်ချောင်း သရက်ကင်း ဆိုတဲ့ ကြားရပ်နားစခန်းခေါ် မလား ..၊

အဲဒီမြေပေါ် ဖုတ်ခနဲ ခြေချလိုက်ကတည်းက စပါပြီ..။

"လာနော် .. အိန္ဒြာကျော်ဇင် စားတဲ့ မုန့်ဟင်းခါး"

ဈေးသည်ရဲ့ဈေးခေါ်သံက တစ်မျိုး ..၊ သူတစ်ဦးတည်း မဟုတ်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာ အမြန် ဝယ်စားထားနော်၊ ကြုံရာကားနဲ့ အမီပို့ရမယ့် နိုင်သင်နှကြည် အော်မှာဆိုလား .. အော်ဒါဆိုလား မှာထားတဲ့ ခေါက်မုန့်"

ကျွန်တော် ပါးစပ်အဟောင်းသား ..၊

ကျွန်တော့် အပြုအမူကို ထမင်းဆိုင်ပိုင်ရှင် ဦးလေးကြီးက ဤသို့ဆို၏။

"ဒီလိုကွ .. သရက်ကင်း အလွန် မြို့ဟောင်းမှာ ရပ်ရှင်ရိုက်နေတဲ့အဖွဲ့က ဃမ်းကြုံလို့ ဝင်စားသွားရင်း အခုလို ဖြစ်လာတာပေါ့ ငါ့တူ .."

ဩော် .. ဒီလိုလား ဆိုတဲ့ အတွေး ဝင်လာပါတယ်။

"ကဲ .. ကဲ .. ငါ့တူ ဘာနဲ့စားမလဲ ..၊ ဒါမှမဟုတ် ထမင်းမစားခင်လေး ဒါရိုက်တာ ခွက်ဝှပ်လေးစို့ပြီး အောင်ပိုင်သားကို စိုးမြတ်သူဇာ တစ်တို့နဲ့ တွဲစားမလား၊ ဒီလိုကွ .."

"ဗျာ!..."

ဒီနေ့တော့ ထူးခြားမှုတွေနဲ့ နပမ်းလုံးနေရပါသည်။

ဦးလေးကြီး ထူးမခြားနားတဲ့အပြုံးနဲ့ ရယ်သံပတ်ပျိုးလေးကို အစချီကာ ...



"ဒီလိုကွ .. ဒါရိုက်တာခွက်ဝှပ်ဆိုတာ မြို့သားတွေသောက်တဲ့ အီစီကလီ ဆိုလား .."

"ဝီစကီလား ဦးလေး .."

"အေး .. ဟုတ်တယ်ဟ ..၊ အောင်ပိုင်သား ဆိုတာ မင်းသားအောင်ပိုင် ရုပ်ရှင်လာလာရိုက်ရင် အမြဲစားတတ်တဲ့ တောဝက်သား၊ စိုးမြတ်သူဇာ တစ်တို့ဆိုတာ ငရုတ်သီးထောင်းလေးကွာ ..၊ ဒါတောင် ရှိသေးတယ် .. မိုးအောင်ရင် ထမင်းကြော်တို့ .."

"ဒီလောက်ဆိုရင် ကျွန်တော် သဘောပေါက်ပါပြီ၊ ဦးလေးပြောတဲ့ အောင်ပိုင်တောဝက် .. အဲလေ .. တောဝက်သားနဲ့ မို့မို့မြင့်အောင် ချဉ်ရည်ဟင်းလေးပဲ ပေးပါတော့ .."

"အိုဆံပင် .."

"ဗျာ!..."

ဦးလေးကြီးက တဟင်းဟင်းနဲ့ ထမင်းမထည့်သေးဘဲ မင်းသားကြီး ဦးဝင်းဦး လို ရယ်ရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"အိုဆံပင် ဆိုတာ ဒီလိုကွ..၊ ဆံပင် ဆိုတာ ကေ ပဲလေ.. အိုကေ ပဲပေါ့ကွာ ..၊ ရှိသေးတယ် .. အိုဂျေနောက် .. ဂျေရဲ့ နောက်မှာ ကေ ရှိတယ်လေ .. အဲဒါလည်း အိုကေပဲ ..၊ ရှိသေးတယ် .. ဒီလိုကွ .."

"ရ .. ရပါပြီ ဦးလေးရာ ..၊ ဒီလိုကွ .."

ဒီလိုကွနဲ့ အဆုံးသတ်မှာစိုးလို့ ကျွန်တော်လည်း ဒီလိုကွလိုက်သည်။

"အားမနာနဲ့နော် ငါ့တူ .. ဇတ်ရှေ့လည်း ရှိတယ်၊ မင်းသမီး မိုးပြည့်ပြည့်မောင် လာတုန်း လက်ဆောင်ပေးထားတာ .. ဒီလိုကွ .."

"ဘာကြီး .."

"ဘကြီး မဟုတ်ပါဘူး .. မိုးပြည့်ပြည့်မောင်ပါ ဒီလိုကွ.. ဇတ်ရှေ့ဆိုတော့ ဇတ်ရဲ့ရှေ့မှာ ဝိုင်လေ .. ဝိုင် သောက်မလား မေးတာ .. ဒီလိုကွ"

"ဝိုင်လည်း မသောက်ဘူး၊ ဇတ်ရှေ့လည်း မသွားဘူး၊ ဇတ်လည်း မကြည့်ပါရစေနဲ့တော့ ဦးလေးရယ် ..၊ ဒီလိုဗျာ .. မြန်မြန်





လေး ထမင်းနဲ့ဟင်း ပေးပါတော့၊ ဗိုက်လည်း ဆာနေပြီ ဦးလေး ဒီလိုကွ ရယ် .."

ဦးလေးကြီးက ကျွန်တော့်စကားကြောင့် တဟင်းဟင်းနဲ့ ရယ်ရင်း ထမင်းနဲ့ဟင်းတွေ ချပေးပါသည်။ ပြီးတော့ ...

"ခွန်းနဲ့မှိန်း ယူမလား"

"မှိန်းက ဘာလုပ်မလို့လဲ"

"ဟိုလေကွာ .. အသားဟင်းကို ထိုးစိုက်စားဖို့လေ .."

ခက်ရင်းကိုလည်း မှိန်းလို့ ပြောလိုပြောနဲ့တော့ .. ဦးလေး ထွန်းအုံ ပြောတဲ့ သရက်ကင်းက စပိတ်ကင်း ဆိုင်မှာ ထမင်းဝင်စားလို့ပြောတာ ဒါကြောင့်ကိုး ..။

ကျွန်တော်က ထမင်းနဲ့ဟင်းကို ဆာဆာနဲ့ လက်နဲ့ အားပါးတရ နှယ်စားရင်း ...

"ဦးလေး ဆိုင်ကို ဘာလို့ စပိတ်ကင်းလို့ ပေးတာလဲ .."

ဦးလေးကြီးက ဒီလိုကွနဲ့ အစချီသည်။

"ဒီလိုကွ .. ငါ့အဖေနာမည်က ဦးစ .. ငါ့ရွာနာမည်က 'ကင်း'ရွာ၊ ငါ့နာမည်က ဦးပိတ် .. ပေါင်းကြည့်လေ .."



www.burmeseclassic.com

www.burmeseclassic.com



"ဦး .. စ .. ကင်းရွာ ဦးပိတ် .. စကင်းပိတ် .. စပိတ်ကင်း.. သြော် .. ဒီလိုလား .."

"အေး .. ဒီလိုကွ .."

ထမင်းစားပြီးတော့ ပိုက်ဆံရှင်းပေးတော့ ...

"ထမင်းစားပြီး အချိုတည်းမလား၊ ပီကယ်အမည်း ရှိတယ်"

"ဘယ်လို .."

"ရှော့ .."

ဦးလေးကြီး လှမ်းပေးတဲ့ ဒန်ချိုင့်လေးကို လှမ်းယူကြည့်တော့ ညိုမည်းမည်း ကပ်စေးနဲ့တွေ တွေ့တာကြောင့် ...

"တော်ပါပြီ ဦးလေး .. ဒါနဲ့ ဒီနားမှာ တောသုံးထောင်ရွာကို သွားမယ့် အငှားယာဉ် ရှိလားဗျ .."

"ရှိတယ် မောင်ရင် ..၊ မောင်ရင်က ဧည့်သည်ထင်တယ်"

"ဟုတ်ကဲ့.. ကျွန်တော်က အဲဒီရွာမှာ တာဝန်ကျတဲ့ ကျောင်းဆရာတစ်ယောက်ပါ ဦးလေး .."

"သြော် .. တွဲဖက်ကျောင်းကို ဒီရက်ပိုင်း ရောက်လာမယ့် ကျောင်းဆရာဆိုတာ မောင်ရင်ကိုး .."





"ဟုတ်ကဲ့ .."

"မောင်ရင့် နာမည်က .."

"ဟုတ်ကဲ့ .. မောင်ရင်"

ဦးလေးကြီးက ကျွန်တော့်ရဲ့ မြန်မာစကားကို နားမလည်..။

"ကျွန်တော့်နာမည်ကိုက မောင်ရင် ပဲ ဦးလေး"

ဦးလေးကြီးက သဘောကျစွာ ရယ်ပြီး ...

"ဆရာ မောင်ရင်နဲ့ စကင်းပိတ်နဲ့ လာတိုးတာကိုး .."

ကျွန်တော်လည်း ရယ်ရင်း ခရီးဆောင်အိတ်ကို မ,တော့ ဦးလေးကြီး တစ်နေရာကို လက်ညှိုးညွှန်ပြပါသည်။

"ဒီတည့်တည့်သာ သွား .. အငှားယာဉ်တွေ တွေ့လိမ့်မယ်.."

"ကျေးဇူးပါပဲ ဦးလေး၊ နောက်မှတွေ့တော့မယ်"

ဦးလေးကြီးကို ကျွန်တော် နှုတ်ဆက်ပြီး ထွက်လာတော့ လှမ်းအော်ပြောပါသည်။

"သရက်ကင်းကို နောက်တစ်ခေါက်လာရင် စပိတ်ကင်းကို ဝင်ခဲ့ပော့ ..၊ ညအိပ်ရင်း စကားလေးဘာလေး ပြောရအောင်.."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ .. ဦးလေး .."

ကျွန်တော်လည်း လှမ်းအော်ပြောရင်း ထွက်လာပါတယ်။ ဈေးဆိုင်တွေကို ကျော်လာတော့ ...

"ဟော .."

လှည်းငါးစီး ရပ်ထားတာကို တွေ့ရပါသည်။ ဘာအငှားယာဉ်မှ မတွေ့ ..။ အဲဒါကြောင့် အနားက ခမောက်ဆောင်းပြီး အထုပ်အပိုးတွေနဲ့ ကောင်လေးကို လှမ်းမေးမိပါသည်။

"ညီလေး .. တောသုံးထောင်ကို သွားမယ့် အငှားယာဉ် ရှိသေးလား .."

ကောင်လေးက ခေါင်းညိတ်ပြီး ဈေးဆိုင်နဲ့တွဲလျက်မှာ ထိုင်နေတဲ့ လက်ဆွဲအော်လံ ကိုင်ထားတဲ့လူကို လှမ်းအော်ပြောပါသည်။

"ကိုကြီးစိန် တောသုံးထောင်ကို သွားမလို့တဲ့ .."

ကိုကြီးစိန် ဆိုတဲ့လူက လက်ဆွဲအော်လံနဲ့ လှမ်းအော်ပါသည်။

"လာ ညီလေး .. ဟာလို .. တောသုံးထောင်ကို သွားမယ့်





တီအေဆယ့်တစ်ယာဉ်မောင်း ဖိုးထောင် အမြန်လာပါ၊ ခရီးသည် ရောက်ပြီ .."

လှည်းငါးစီးထဲက တစ်စီးပေါ်က လှည်းမောင်းသူက လာပြီလို့ လှမ်းအော်ပါသည်။

ကျွန်တော်လည်း ဘာတွေမှန်း မသိတာကြောင့် ကိုကြီးစိန် ဆိုတဲ့လူနား ရပ်ပြီး ...

"ဘာလဲဗျ .. တီအေဆယ့်တစ် .."

ကျွန်တော့်အမေးကြောင့် ကိုကြီးစိန် ဆိုတဲ့လူက ရယ်ပါသည်။

"မင်းက ဧည့်သည်ထင်တယ်၊ အေး .. တီအေဆယ့်တစ် ဆိုတာ သုံးထောင်ရွာက စထွင်တာ .. တီအေဆယ့်တစ် ဆိုတာ အင်္ဂလိပ်လို တီရယ် အေရယ်ပဲ၊ ဆယ့်တစ်ဆိုတာကွာ ဟို .. နိုင်ငံခြားက အရောအနှောမတွေဆိုလား .. သူတို့လူမျိုးတွေရဲ့ သင်္ချာကိန်းဂဏန်း ဆယ့်တစ်ကိုပြောတာ ဆိုပဲ .."

ရောမဂဏန်းမှန်း ကျွန်တော် သိလိုက်ပါသည်။

"မြို့ပေါ်မှာ အငှားယာဉ်တွေရဲ့ထိပ်ဖျားမှာ ရေးထားတာ



www.burmeseclassic.com

www.burmeseclassic.com



ကွာ တီရယ် အေရယ် ဆယ့်တစ်ရယ် ...”

ကျွန်တော် သဘောပေါက်လို့ ရယ်မိပါသည်။ တီအေအိပ်ချ်အိုင် (TAXI)ကို သူတို့သဘောနဲ့သူတို့ ထွင်ထားခြင်းဖြစ်ပါသည်။

“တောသုံးထောင်က တောကြောင် မှည့်ထားတဲ့နာမည်ကွ..”

“တော .. ကြောင် ...”

သံယောင် ရေရွတ်လို့ မဆုံးသေး ...

“ဟာလို.. သတိ .. လှည်းနောက်ဆုတ်မယ်၊ သတိ .. လှည်းနောက်ဆုတ်မယ် ..”

ကျွန်တော် ကမန်းကတန်း ရှောင်လိုက်ပြီး လှည့်ကြည့်တော့ နောက်ဆုတ်ရပ်ထားတဲ့ လှည်းတစ်စီး ..၊

လှည်းရဲ့ဘေးမှာ သင်္ဘောဆေးအနီနဲ့ စကောတစ်ချပ်ပေါ်မှာ တီအေဆယ့်တစ်ကို ရေးထားသည်။

လှည်းမောင်းသူက မတ်တတ်ရပ်ပြီး ဇက်ကြိုးကို ကိုင်ထားသည်။ ဝတ်စားထားတာက တမူ ထူးခြားပါတယ်။

ခေါင်းပေါ်မှာ ရန်ကုန်က ပါရမီယာဉ်လိုင်းကားမောင်းသူ





တွေလို .. စစ်ဗိုလ်..တွ သင်္ဘောကပ္ပတိန်တွေ ဆောင်းတဲ့ ဦးထုပ်နဲ့ ..။

လက်ထဲမှာ မိုက်ကိုကိုင်ဘာ လှည်းရဲ့ဘေး အစွန်းတစ်ဖက်စီမှာ အော်လံသေးသေးနှစ်ခုကို ရှေ့တစ်ခု နောက်တစ်ခု လှည့်၍ တပ်ဆင်ထားပါသည်။

“ဟော့ကောင် .. ဖိုးထောင် ရွာအထိ တစ်ယောက်တည်း ဘယ်လောက်လဲ ..”

ဖိုးထောင် ဆိုတဲ့လူက မိုက်ကို ဟန်ပါပါကိုင်ရင်း ...

“မြန်မာငွေဆိုရင် ငါးထောင်ပေးရပါမယ်၊ ဖက်တီးဆီဆိုရင် ငါးဒေါ်လာ ကျပါတယ် ..”

“ဟော့ကောင် .. FEC ပါကွာ ..၊ ဘာကောင်မှန်းကို မသိဘူး ..”

ဖိုးထောင် ဆိုတဲ့ လှည်းသမားက စပ်ဖြဲဖြဲနဲ့ ...

“ငါးထောင်ကျတယ် ကိုကြီးစိန် ..”

ကိုကြီးစိန် က ကျွန်တော့်ကို မေးဆတ်တော့ ...

“လိုက်မယ်ဗျာ ..”



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က အိတ်ကိုသယ်ပြီး လှည်းပေါ်တက်မယ် လု

တော့ ဖိုးထောင် က ...

"ခဏလေး ဆရာသမား .."

မိုက်ကို လှည်းရဲ့ဘေးက ခွလေးထဲ ညှပ်လိုက်ပြီး ကမန်

ကတန်း ခုန်ဆင်းပြီး ခပ်လှမ်းလှမ်းက လှေကားကို သယ်လာပ

သည်။

လှေကားတော့ လှေကားပါပဲ ..၊ ဖိုးထောင် သယ်လာတ

လှေကားက တစ်မျိုး ..။

ထန်းလက် ပက်လက်ကုလားထိုင်ရဲ့ လက်တင်တဲ့လက်

တန်းမှာ လှေကားကို ကပ်ချည်ပြီး ပတ်ပတ်လည် ချုပ်တန်းတွေ

နဲ့ ခိုင်အောင် ချုပ်ထားပြီး ကျောမှီတဲ့နေရာနောက်ကို ထော

လိုက်ပြီး လှည်းရဲ့နောက်မှာ ကပ်လိုက်တော့ လှည်းပေါ် အသ

တက်လို့ရတဲ့လှေကား ဖြစ်ပေါ်လာပါသည်။

"ကဲ .. ရပြီ ဆရာလေး .. အိတ် ကျွန်တော့်ကို ပေး .."

သူ့ရဲ့အိတ်ကို ယူပြီး လှည်းပေါ်တင်ပြီး သူက လွှားခ

ရှေ့က ခုန်တက်ပါသည်။





ကျွန်တော်လည်း လေယာဉ်ပျံပေါ်တက်သလို ခန့်ခန့်ညား

ညားကြီး တက်လိုက်ပါသည်။

လှည်းပေါ်မှာ ကောက်ရိုးတွေ ခင်းထားတော့ ထိုင်ရတာ

အဆင်ပြေပါသည်။

ဖိုးထောင် က မိုက်ကိုကိုင်ကာ မိုက်ကိုဖွင့်ပြီး ....

"ဟဲလို .. မကြာမီအချိန်အတွင်းမှာ တီသုံးလုံးရွာကို သွား

မယ့် တီအေဆယ့်တစ် ထွက်ခွာပါတော့မယ်၊ ဖိုက် ဖိုး သရီး

တူး ဝမ်း .. လာထား .."

ဖုန်တွေ လုံးခနဲ ..၊

တောသုံးထောင်ကို ဦးတည်နေတဲ့ တီအေဆယ့်တစ်နဲ့အတူ

ကျွန်တော် ..။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က တစ်ဦးတည်းသမား ..။

ဒါပေမယ့် ဖေဖေ မေမေတို့ ရှိစဉ်ကတည်းက ဒရိုင်ဘာ
လည်း ဟုတ် .. မာလီလည်း ဟုတ်တဲ့ .. သူ့ကို ထိန်းကျောင်း
တဲ့ သစ္စာရှိလှမယ့် ဘကြီးထွန်းအုံ နဲ့ အတူနေသည်။

ဆယ်တန်းနှစ်လောက်မှာ ဖေဖေနဲ့ မေမေက ရှေ့ဆ
နောက်ဆင့် ဆုံးပါးသွားခဲ့ကြပါသည်။

ကျွန်တော် တောသုံးထောင်မှာ တာဝန်ကျတဲ့သတင်း ကြ
တော့ ဘကြီးထွန်းအုံ က ...

"ဟာ!... မောင်ရင် .. မင်း .. ဟန်ကျတာပဲဟ .."

"ဘာလို့လဲ ဘကြီး .."





"အဲဒါ ငါ့ရွာကွ .."

ကျွန်တော်လည်း ဝမ်းသာအားရနဲ့ ...

"အဲဒီရွာက တောလေး တောင်ငွေ့ ရှိရဲ့လား .."

ဘကြီးက တဟားဟား ရယ်ရင်း ...

"ရှိပါ့ကွာ .. မင်း အေးအေးချမ်းချမ်းနေချင်တဲ့ ရွာမျိုးပေါ့၊
ဘယ်မှာမှမနေနဲ့ .. ငါ့ညီဆီမှာ နေ .. ငါ စာရေးပေးလိုက်မယ်.."

ဘကြီးက အသေအချာ မှာပြီး စာရေးပေးလိုက်ပါသည်။

သူ့တပည့် လက်စွဲတော် ထမင်းချက် တင်စိန် က သူနဲ့
အတူ ရွာကို လိုက်ချင်ပါသည်။

"ကိုလေး .. ကျွန်တော့်ပါ ခေါ်ပါဗျာ .."

"အေးပါ .. ခေါ်ပါ့မယ်၊ ငါ နေသားကျပြီဆိုရင် မင်းကို
လှမ်းခေါ်လိုက်မယ် စိတ်ချ .."

"မင်း သောက်ချိုးနဲ့ ရွာပါ ပျက်မယ် တင်စိန် .."

ဘကြီး ပြောလည်း ပြောချင်စရာပါ။

တင်စိန် က သူ့ကိုယ်သူ ရာဇာတင်စိန် ဆိုပြီး အမည်ပြောင်း
ထားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပုံစံက ဆံပင်ကို ဖော်တာကလေလား .. ပန့်လား ဒီဖယ်လား မသိ မိုးပေါ် ထောင်ထားပါတယ်။

ဘောင်းဘီက ကလေးဘောင်းဘီကို ဝတ်ထားသလို ကျပ်ကျပ်ညပ်ညပ် ..။

"ဆရာလေးက ရွာကို အလည်လာတာလား .."

ကျွန်တော် အတွေးတွေ လှည်းဆရာလို့ ခေါ်မလား..၊ တီအေဆယ့်တစ်ယာဉ်မောင်း မစ္စတာဖိုးထောင် အသံကြောင့် လန့်ပြေးသွားပါသည်။

"သြော် .. ဟုတ်တယ်ဗျ .. ကျွန်တော် တောသုံးထောင်မှာ အခုမှ တာဝန်ကျတဲ့ ကျောင်းဆရာ မောင်ရင် ဗျ .."

"ဟာ .. ဆရာလေးက ဆရာလေးကို ..၊ ဟဲ့ .. ဗန်ဒိန်း .. ဘယ်လိုသွားနေတာလဲ ..၊ မင်းလုပ်တာနဲ့ ဟိုဘက်က ဒေးဗစ် ဘက်ခမ်း ကပ်ချင်နေပြီ .."

နွားတွေရဲ့နာမည် အခေါ်အဝေါ်ကြောင့် ကျွန်တော် ပြုံးမိပါသည်။

"ကိုဖိုးထောင် သုံးထောင်ရွာက ဦးဗရမ်းကို သိလား .."





"သိပ်သိတာပေါ့ ဆရာလေးရယ် .. ဦးလေးဗရမ်း ဆိုရင် တစ်ရွာလုံး အငြိမ့်ပဲ"

"သြော် .. ဦးဗရမ်းက အငြိမ့်ထောင်ထားလို့လား .."

"ဟာဗျာ .. အငြိမ်းပဲ ပြောတာပါ ဆရာသမားရယ် .. တစ်ရွာလုံး တိတ်ဆိတ်ဆိတ် ဟိတ်ဆိုဟိတ်ပဲ၊ ရွာလူကြီး ဦးဖိုးကောင်း တောင် တချို့ကိစ္စတွေမှာ ဦးလေးဗရမ်း ကို အားကိုးရတာ .."

ဒီလောက်ဆို မဆိုးဘူးလို့ ကျွန်တော် တွေးမိပါသည်။ ကိုယ့်အတွက်လည်း အားကိုးတိုင်ပင်လို့ ရတာပေါ့။

"ဆရာလေးအတွက် အဆင်ပြေမှာပါ၊ ဘာလို့လဲဆိုတော့ ဆရာကြောင် ရှိနေတော့ အဆင်ပြေတာပေါ့"

"ဆရာကြောင် အဲဒီလူက ဘာလဲ ..၊ ကျွန်တော့်လို ကျောင်းဆရာပဲလား .."

ကျွန်တော့်စကားကြောင့် ကိုဖိုးထောင် က ရယ်သည်။

"ဆရာကြောင် ဆိုတာ ကျွန်တော်တို့ ဆရာဗျ ..၊ ဦးလေးဗရမ်း တူပေါ့၊ သူက မြို့ကယဉ်ကျေးမှုကို သုံးထောင်ရွာကို လက်



www.burmeseclassic.com

www.burmeseclassic.com



ဆင့်ကမ်း ပေးနေတဲ့ ပွဲကိုင်ရှင်ကြီးဗျ၊ ဘာတဲ့ .. သူ ပြောပါတယ် .. ဒီလိုပဲ လိုက်ကျွေးရှင်း ဆိုလား .."

တီအေယာဉ်မောင်း ကိုဖိုးထောင် စကားကြောင့် ကျွန်တော် နားမလည်နိုင်စွာ ...

"ဘယ်လို .. ဒီလိုပဲ လိုက်ကျွေးရှင်း ဟုတ်လား .."

ကိုဖိုးထောင် က ပြန်မဖြေအားသေး။

သူ့ရဲ့အနောက်တိုင်း အကျော်အမော်တွေကို ဖိဟောက်လိုက်သေးသည်။

"ဟဲ့ ဘက်ခမ်း .. ဘာနေးတုံ့တုံ့လုပ်နေတာလဲ ..၊ နင့်ရဲ့ လုပတဲ့ ဖြတ်တင်ဘောတွေကန်သလို ခြေလှမ်းမှန်မှန်နဲ့ လျှောက်စမ်း၊ ဟဲ့ .. လျှောက်စမ်းဆိုတာ .. စမ်းလျှောက်နိုင်းတာ မဟုတ်ဘူးဟဲ့ .. နင် နေရာမရဘဲ လိုင်းမည်းအောက်သွားမယ်နော် . ဟင်း .."

ကျွန်တော် ကိုဖိုးထောင် ပြောပုံကြောင့် ရယ်ချင်သွားပါသည်။

"ဒါ မသိဘူးလား .. ကြောက်စရာကြီး ရာ .."





"ဗျာ!..."

"ဟို .. ကျောင်းဆရာကြီး ပြောတာ .. ဟိုလေဗျာ .. ဒီလိုပဲ လိုက်ကျွေးရှင်း ဆိုတာ ကမ္ဘာကြီးနဲ့ ကွမ်းယာဆိုလား .."

ကျွန်တော် ရယ်လည်း ရယ်ချင်မိပါသည်။

"ကမ္ဘာကြီးဟာ ရွာတစ်ရွာ လုပ်စမ်းပါဗျာ .."

ကျွန်တော့်စကားကြောင့် ကိုဖိုးထောင် က ရယ်ရင်း ...

"ဟုတ်တယ် ဟုတ်တယ်၊ ယာတာနဲ့ ရွာတာနဲ့ နည်းနည်းပဲ လွဲသွားလို့ .. ဆက်သွယ်မှုတွေကြောင့် ကမ္ဘာအရှေ့ဘက်မှာ အိမ်သာတက်နေရင်း ကမ္ဘာအနောက်ဘက်က ချောင်းကြည့်ရသလို မြင်ရတယ်၊ ဖန်တီဂွတ် ဆိုလား အရီးဂွတ် ဆိုလား.."

"အိုင်တီ ခေတ်ပါဗျာ .."

ကျွန်တော် သုံးထောင်ရွာ မရောက်သေးခင် တောကြောင် က လက်ခမောင်းခတ်နေပါပြီ။

"တောကြောင် နာမည်အရင်းက ဘယ်သူလဲ .."

ကျွန်တော့်အမေးကို ကိုဖိုးထောင်က မရိုးအောင် ဖြေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"တောကြောင် ဘကြီးက လက်ဖွေ့သမားလေ .. ဦးလေး ဗရမ်းပေါ့၊ တောကြောင်အဖေလည်း လက်ဖွေ့ကျော်ကြီးတစ်ယောက်ပဲ၊ တောကြောင် အမေလည်း ဒီနယ်တစ်ဝိုက်မှာ သတင်းကြီးတဲ့အမျိုးသမီး လက်ဖွေ့သမား ကျားပျံမကောက်တဲ့ .."

"ကိုဖိုးထောင် ဆေးလိပ်နာမည်ကြီးဗျ .."

ကိုဖိုးထောင် က အရယ်လေးနဲ့ နွားကို ကြိမ်တို့ရင်း ...

"အရီးကောက် က အဲဒီဆေးပြင်းလိပ် ကြိုက်တာကိုဗျ" .

"သြော် ..."

"ဟော .. ရွာတောင် လှမ်းမြင်ရပြီ .."

ကျွန်တော် ကိုဖိုးထောင် စကားကြောင့် မျှော်ကြည့်တော့ အုပ်ဆိုင်းဆိုင်းရွာလေးက ကျွန်တော့်စိတ်ကူးထဲကအတိုင်း ရွာခလေး ရွာငွေ့နဲ့ အုပ်အုပ်ဆိုင်းဆိုင်း ..။

"တောကြောင် နာမည်က လက်ခမောင်း တဲ့ ."

"ဗျာ!..."

ကျွန်တော် အံ့ဩပုံကြောင့် ကိုဖိုးထောင် က တဟားဟား..။

"စကားပုံအတိုင်းပဲလေ .. တောမီးလောင် တောကြောင် လက်ခမောင်းခတ် ဆိုတာလေ .."

"တောကြောင် က လက်ဖွေ့သမားလား .."

"ဘယ်ကလာ .. လူပုံက နွဲ့နွဲ့ .. ဘယ်သူမှ လက်ခမောင်း မခေါ်ကြဘူး၊ တွေ့ပါလိမ့်မယ် .."

ကျွန်တော်တို့နွားလှည်း ရွာဘက်ကိုဦးတည်တဲ့ လှည်းလမ်းကြောင်းတစ်ခုပေါ် ခွဲထွက်တော့ ကိုဖိုးထောင် က နွားကျောင်းနေတဲ့ နွားတစ်ကောင်ပေါ်က နွားကျောင်းသားကို လှမ်းပြောပါသည်။

"ဟေ့ကောင်.. ဂျလက်ဂျလောက် နွားမသိမ်းသေးဘူးလား.."

ကျွန်တော် ကိုဖိုးထောင် ခေါ်သံကြောင့် နွားကျောင်းသား ဂျလက်ဂျလောက် ကို လှမ်းကြည့်တော့ ...

"ဟမ်!..."

ဝတ်ပုံက တစ်မျိုး ..၊ ရှေးဘုရင်လက်ထက်က စစ်သည်ရဲမက်တွေ ဝတ်တဲ့ ဒူးဖုံးဘောင်းဘီနဲ့ အင်္ကျီက အညာစောင်လိုလို ချည်ထည်စကို နို့ကုလားတွေဝတ်တဲ့ အင်္ကျီလို ချုပ်ထားတယ်။







www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် အကျႌက လူဝကြီးတွေဝတ်တဲ့အကျႌလို ခေါင်းမှာက ရွံ့စေးနဲ့ မြို့ပေါ်က ရက်ခ်ဂီတသမားတွေလို ကော့ထောင်ထားပါသည်။

ပြီးတော့ ဂျောက်ဂျက် နဲ့ အေသင်ချိုဆွေ ရဲ့ ပေါက်တဲ့အိုးခွေထဲက ဂျောက်ဂျက် လေသံနဲ့ အခုလို ...

"အဘွားရင် က နွားသိမ်းပါ × × မကြားချင်လည်း ကြားနေရ× ငါ့ကိုထားလာလဲ × × ဖိုးထောင်ရ အလေးအနက်ထားချင်သပ ငါရင်ကသွားချင်ရ ထမ်းရည်ရ ဘုံဆိုင်ထဲ × × သိကြားမင်း ခင်ဗျားတားထားလဲ ငါ ရောက်အောင်တော့သွားမှာပဲ× × ဟိုရှေ့ကနွားနီ ဘရပ်ပစ်နဲ့ဂျိုလိ × × ဖြောင့်တန်းအောင် ရှေ့ဆီ× × ကဲဟယ် ရို့ ဟိုကေ ..."

ရပ်ပင်တွေရွတ်ရင်း သူ့ရဲ့ကမ္ဘာကျော် မြန်မာကျော် actor တွေလည်း နွားတွေဖြစ်လိုဖြစ်နဲ့ လက်ကလည်း လေးခွတစ်လက်နဲ့ နွားတွေကို ထိန်းကျောင်းရင်း တာအတိုင်း ရှေ့ဆက်နေဆဲ..။

"ဒါ ကျုပ်တို့ရွာက ရပ်ခ်သမားတစ်ယောက်ဗျ၊ ဒီကောင့်နာမည်ရင်းက ငဝက် တဲ့၊ ဒါပေမယ့် အဆိုတော် ဂျောက်ဂျက်





ကို အရမ်းကြိုက်တော့ ကာရံတူအောင် ဂျလောက်ဂျလက် ဆိုပြီး မှည့်ထားတာ .."

ထူးလည်းထူးပါပေတဲ့ သုံးထောင်ရွာရယ် ..၊

ရွာနဲ့နီးတော့ လော်စပီကာသံသဲ့သဲ့ကို ကြားမိပါသည်။ ပြီးတော့ ဆိုင်းဘုတ်တစ်ခု အင်္ဂလိပ်လို အခုလိုရေးထားပါသည်။

(Well Come to Three Thousand Village)တဲ့..၊ သုံးထောင်ရွာမှ ကြိုဆိုပါသည် ဆိုတဲ့သဘောပေါ့။

ဒါလည်း တောကြောင် လက်ချက် ဖြစ်မှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



✍ ပြောမဆုံးတဲ့နေရာ
ထူးလဲ ထူးပေ့ဗျာ
လျှာထွက်အောင် ပြေးချရတဲ့
သုံးထောင်ရှာဆိုတဲ့ ရှာ ..။







"ဘာသံတွေလဲဗျ .."

လော်စပီကာက အသံတွေကြောင့် ကျွန်တော် မေးမိတော့...

"သြော် ... လွတ်လပ်ရေးနေ့လေ .. ရွာအဝင်ကွင်းစပ်မှာ အားကစားပွဲတွေ ကျင်းပနေတာဗျ .."

ဒီလောက်ဆို ဘာ့ မဆိုးဘူးလို့ ကျွန်တော် တွေးမိပါသည်။

လော်စပီကာအသံတွေကို ဂရုစိုက် နားထောင်မိတော့ ...

"အဲဒါ တောကြောင် ရဲ့အသံဗျ"

ကျွန်တော် နားထောင်ကြည့်မိတော့ လော်စပီကာအသံတွေက အခုလို ...၊

"ဟုတ်ကဲ့ .. အခု ဘောလုံးပွဲကို စမူဆာ .. အဲလေ.. စပွန်ဆာ .. ပေးတာကတော့ ဒဏ်ကြေလိမ်းဆေးရောင်းတဲ့ ဦးအုတ်ဖ



www.burmeseclassic.com

www.burmeseclassic.com



အဲလေ .. မှားလို့ .. ဦးတုတ်ဖြူ ဖြစ်ပါတယ်၊ တစ်လက်စတည် ကြေညာပါ့မယ် .. တုတ်ဖြူ ဒဏ်ကြေလိမ်းဆေးရမယ် .. ဟ နီးပလပ်တွေ ပွဲကျင်းပရေးရုံးမှာ လာဝယ်နိုင်ပါတယ် ..”

ကျွန်တော်တို့ ဘောလုံးပွဲနား ရောက်တော့ ...

“ကြောက်စရာကြီး .. တွေ့ပါလိမ့်မယ်၊ လှည်းပေါ်က ကြည့်လေ .. ကြောက်စရာကြီး ..”

ကျောင်းဆရာကြီးကို ကြောက်စရာကြီးလို့ ပြောနေ ကြောင့် ကျွန်တော်လည်း မပြောရတော့ဘဲ လွှတ်ပေးထားကာ ကို ထောင်နဲ့အတူ လှည်းပေါ်က မတ်တတ်ရပ်ကာ ကြည့်မိသ

“ဟော .. ဟိုက ကျုပ်တို့ရွာရဲ့ တောကြောင် ပဲဗျ”

ကျွန်တော် ကိုဖိုးထောင် ညွှန်ပြရာကိုကြည့်မိတော့ တွေ ပြီ ..။

တိုက်ပုံအနက်ကို နက်ကတိုင်နဲ့တွဲဝတ်ထားတဲ့လူ ..၊ ဘော ဘီက နံပါတ်ခုနစ်ပါတဲ့ ဘောင်းဘီ .. ဖိနပ်ကတော့ စစ် တစ်ရန်ကို ပီပီပြင်ပြင် ဝတ်ဆင်ထားပြီး ထိုင်ခုံမှာ ဒူးချိတ် ထို ပါသည်။





သူ့ရဲ့နောက်မှာ ပုံတူအခြောက်နှစ်ယောက်က တစ်ယောက် က ယပ်တောင်ခတ်ပေးနေပြီး တစ်ယောက်က ကွမ်းတံတွေးခွက် ကို ကိုင်ထားပါသည်။

တောကြောင် ဆိုတဲ့လူက မိုက်ခရိုဖုန်း ပြောလိုက်ပြီးရင် ကွမ်းတံတွေးခွက် ကိုင်ထားတဲ့ အခြောက်ဘက်လှည့်လိုက် ..၊

ပြီးရင် ပျစ်ခနဲ ထွေးခံထဲ ထွေးလိုက် .. အလုပ်ကို ရှုပ်နေပါ သည်။

“ဒီနေ့ ဖိုင်နယ်ပွဲ ကန်ကြမယ်၊ ဘောလုံးအသင်းနှစ်သင်း ကွင်းထဲ ဝင်ကြပါ၊ တစ်သင်းက ပုပ္ပားမယ်တော်ယူနိုက်တက်နဲ့ နောက်အသင်းကတော့ စိတ္တဇနှာဗူးအက်ဖ်စီတို့ ဖြစ်ပါတယ်”

အရှေ့ဘက်အခြမ်း ပရိသတ်တွေက လက်ခုပ်သံပြိုင်တီးပြီး အားပေးပါတယ်။

“နှာဗူး .. နှာဗူး ..”

အနောက်ဘက်တစ်ခြမ်းက အားကျမခံ ..။

“ပုပ္ပား .. ပုပ္ပား ...”

ကိုဖိုးထောင် က ဘောလုံးကွင်းထဲ လှမ်းကြည့်နေရင်း ပြော



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

"ရွာအရှေ့ဘက်ခြမ်းက စိတ္တဇနှာဖူးအသင်းလေ .. ရွာ နောက်ဘက်ခြမ်းက ပုပ္ပားမယ်တော်ပေါ့ .. ကြောက်စရာ"

ကျောင်းဆရာလေး ကိုမောင်ရင် ခေါင်းညိတ်မိပါသည်။

တောကြောင် က ထရပ်ရင်း မိုက်နဲ့အော်ပါသည်။

"ဟုတ်ကဲ့ .. အခုလို တီလိဂ်ပြိုင်ပွဲရဲ့ ..."

"တီလိဂ် ဆိုတာ ဘာလဲဗျ .."

ကျွန်တော် ကမန်းကတန်း မေးတော့ ကိုဖိုးထောင် က ...

"ဟာ .. ဒုံးပါ ကြောက်စရာ ရာ .. တီလိဂ် ဆိုတာ တောသုံး ထောင်ရဲ့ အတိုကောက်လေဗျ .."

"ဘယ်ဆိုင်မှာ ကောက်တာလဲဗျ"

ကျွန်တော်လည်း ခပ်ရွှံ့ရွှံ့မေးတော့ ကိုဖိုးထောင် က သဘာဝ ကျကျ ရယ်မောရင်း ...

"ကျုပ်တို့ရွာက ဗျူးတီမာလာမှာ ကောက်တာ"

ကျွန်တော်လည်း ကိုဖိုးထောင် စကားကြောင့် ပြုံးမိပါသည်။ တောကြောင် ရဲ့အသံကတော့ ကြားနေရပြီ ..။





"သုံးထောင်နေရှင်နယ် တောကြောင် တစ်မတ်ပေးဖလားရဲ့ နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာကြတဲ့ နှစ်သင်း ကွင်းထဲ ကို ဝင်ပါ .."

ပရိသတ်က လက်ခုပ်သံတွေ ကြားရပါသည်။

"ပုပ္ပားကွ .."

"မယ်တော်ကွ"

ကျွန်တော် ကွင်းထဲဝင်လာတဲ့ ပုပ္ပားမယ်တော် ဘောလုံး သမားများကို ကြည့်လိုက်ပါသည်။

ဝတ်ထားတာကတော့ တူညီဝတ်စုံတော့ တူညီဝတ်စုံပါပဲ၊ ဒါပေမယ့် ဝတ်ထားတာက ကြည့် ..၊

ဘောလုံးသမားတွေအားလုံး မိုးထိအောင်ထောင်ထားတဲ့ ပန့်ကေဆိုလား ..၊ ပြီးတော့ မျက်မှန်နက်တွေနဲ့ ဝတ်ထားတဲ့ ဘောလုံးဂျာစီတွေက ဘုန်းကြီးသင်္ကန်းရောင် ..၊

ဂိုးသမားက လက်အိတ်မရှိလို့ ထင်ပါတယ် .. လက်ကို လက်ဝှေ့သမားလို ပတ်တီးတွေနဲ့.. ပြီးတော့ ခေါင်းမှာ ဆိုင်ကယ်လ်စီးဦးထုပ်နဲ့ ..။



www.burmeseclassic.com

www.burmeseclassic.com



"စိတ္တဇကွ .. နှာဗူးကွ .."

စိတ္တဇနှာဗူးအသင်းကလည်း ကွင်းထဲ ဝင်လာပါသည်။ သူတို့ကတော့ တစ်မျိုး ..၊

အဖြူရောင် ကရာတေးကစားတဲ့ဝတ်စုံကို ဝတ်ထားကြပြီး ကျောမှာ အပြာရောင်ခြုံထည်တွေနဲ့ ..၊ ဂိုးသမားက ကီးထိုင်ထိုင်ပြီး ခုန်ဆွခုန်ဆွ လုပ်နေပါတယ်။

သူကတော့ ဘယ်ကငှားလာသည် မသိ .. စူပါမင်းဝတ်စုံနဲ့ပါ။

"ဟုတ်ကဲ့ .. ဘောလုံးပွဲမစမီ ကြော်ငြာလေး ဝင်ချင်ပါတယ်၊ သုံးထောင်နေရှင်နယ် တောကြောင် တစ်မတ်ပေးဖလားရဲ့ အဓိက စပွန်ဆာကတော့ ဒဏ်ကြေလိမ်းဆေးနဲ့ ဟန်းနီးပလပ်တွေကို ထု ရောင်းတဲ့ ဦးတုတ်ဖြူ ဖြစ်ပါတယ်၊ ဒဏ်ကြေလိမ်းဆေးကတော့ ထိခိုက်ကျိုးကြေတဲ့နေရာတွေမှာ အသုံးတည့်ပါတယ်၊ ဟန်းနီး ပလပ်ကတော့ ပြတ်ပွန်းရှတဲ့ဒဏ်ရာတွေကို အမြန်ဆုံး ပျောက်ကင်း သက်သာစေပါတယ် .."

နေပူကြဲကြဲမှာ ဘောလုံးသမားတွေကတော့ဖြင့် အသ





မျက်နှာချင်းဆိုင် ရှိနေပါသည်။

"ဟုတ်ကဲ့ .. ဘောလုံးသမားတွေကို ပန်းစည်းဆက်ကြမယ့် လှပျိုဖြူတွေ ဘာလုပ်နေတာလဲ .."

တောကြောင် ရဲ့အော်သံကြောင့် ခွက်ပုန်းသောက်နေကြတဲ့ လှပျိုဖြူတွေ ဒယိမ်းဒယိုင်နဲ့ ပန်းစည်းတွေကိုင်ကာ ထွက်လာကြပါတယ်။ လှပျိုဖြူ အားလုံးဟာ တောကြောင် သေချာရွေးထားတဲ့ လှပျိုဖြူတွေပါ။

နှုတ်ခမ်းမွေးကားကားရှိတဲ့ ရွာထဲကပုဂ္ဂိုလ်တွေအားလုံးကို မိန်းမလိုဆင်ပြီး ပန်းစည်းဆက်သနိုင်းခြင်း ဖြစ်သည်။ ရုတ်တရက်မို့ ပရိသတ်တွေက တဟားဟားနဲ့ ရယ်နေပါတော့သည်။

"တွေ့လား .. ကြောက်စရာကြီး .."

မောင်ရင် မျက်ရည်စို့အောင် ရယ်ရင်း ...

"မင်းတို့ တောကြောင် ကတော့ တကယ့်ကောင်ပဲကွာ .."

တောကြောင် က ဟိုကြည့်ဒီကြည့်နဲ့ မိုက်နဲ့ အော်နေပါသည်။

"ဟုတ်ကဲ့.. ပွဲကြီးကြပ်သူတွေအဖြစ် ဆောင်ရွက်မယ့် ပထ



www.burmeseclassic.com

www.burmeseclassic.com



ဒိုင် ဦးပုလုံး ကြွပါခင်ဗျာ .."

"ဒိုင် ဦးပုလုံး လာပါပြီခင်ဗျာ .."

တစ်ယောက်ယောက် အော်သံကြောင့် ဒိုင်လုပ်သူကို ကြည့်လိုက်တော့ အနက်ရောင်ဝမ်းဆက်နဲ့ ဒိုင်လူကြီး ..၊

"ဘယ်လိုကြီးလဲဟ .."

မောင်ရင် ပါးစပ်အဟောင်းသားနဲ့ပြောတော့ ကိုဖိုးထောင်က ရှင်းပြသည်။

"ဒိုင်ဝတ်စုံမရှိလို့ အမေနံကရိုင်းဆီက တောင်းပန်ပြီး ငှားလာတာ"

ရှမ်းဘောင်းဘီအနက် .. ရှမ်းအကျီနက်နဲ့ ဒိုင်လူကြီးက ခန့်ခန့်ညားညား၊ လက်ထဲမှာလည်း ရထားအချက်ပြတဲ့အလံတွေကို ကိုင်ထားပါသည်။

"သူ့လက်ထဲက .."

"အဲဒါ အနီကတ်ရောင်အလံက အနီကတ်၊ အစိမ်းရောင်အလံက အဝါကတ်သဘောပေါ့ .."

တအံ့တသြနဲ့ ကိုဖိုးထောင် ပြောတဲ့ ကြောက်စရာကြီးက





ခေါင်းတညိတ်ညိတ် ..။

"ဟုတ်ကဲ့ .. ဆေးအဖွဲ့ကို ဦးဆောင်တဲ့ ဗိန္ဓောဆရာ ဆရာရမ်း .. အသင့်ဖြစ်ပြီလား .."

ဗိန္ဓောဆရာ ဆရာရမ်း က တောင်ဝှေးကြီးကိုကိုင်မြှောက်ပြီး အသင့် ..၊ သူ့တပည့်တွေက အနောက်မှာ အသင့် ..။

တောကြောင် ကတော့ ခုန်ပေါက်မတ်တတ်ရပ်ပြီး အော်နေတုန်းပါပဲ။

"ကွင်းလယ်ဒိုင်လူကြီး ဦးပုလုံး ကတော့ နှစ်ဖက်အသင်းခေါင်းဆောင်တွေဖြစ်တဲ့ ဂျွန်တာတီးနဲ့ ဂယ်ရီနဖာချီးကို ခေါ်ပြီး ကွင်းရွေးဖို့အတွက် ဖဲထုပ်ကို ကုလန်ဖန်ထိုးပြီး သူ့လက်ဖဝါးပေါ်ကို တင်ပါတယ်၊ ကြည့်ရတာ ဂျွန်တာတီးက စပိတ်တစ်နဲ့ အနိုင်ရလို့ အရှေ့ဘက်အခြမ်းကို ရွေးလိုက်ပါတယ် .."

ဒိုင်လူကြီးက ပွဲစဖို့အတွက် ဝီစီမှုတ်ရန် ရှမ်းတိုက်ပုံအနက်ကို လှန်လိုက်သည်။

ဝီစီတော့ မဟုတ် .. နဲ့ကြီးတစ်လက် ..။

နဲ့သံ တဝော်ဝော်အောက်မှာ ဘောလုံးပွဲက စတင်နေပါ



www.burmeseclassic.com

www.burmeseclassic.com



ပြီ ..။

"စပေးဘောကို စိတ္တဇနှာဗူးက စ,ပေးရပါတယ်။ ဘောလုံးက စိတ္တဇနှာဗူး ခြေထဲမှာပါ။ ဝတ်ရုံကားကားနဲ့ စိတ္တဇနှာဗူးအသင်းက လှမ်းကန်တင်လိုက်တဲ့ဘောလုံးက ပုပ္ပားမယ်တော်ဂိုးရှေ့နားအရောက် မိုးကြိုးပစ်ကေ ထောင်ထားတဲ့ ပုပ္ပားမယ်တော် နောက်တန်းသမားက ရှင်းရှင်းလင်းလင်းကြီး ခေါင်းတိုက်လို့ ရပေမယ့် သူက သူ့ပန့်ခ်ကေကို ပျက်မှာစိုးတာကြောင့် ရှောင်လိုက်ပါတယ်"

"ဂိုး .. .."

စိတ္တဇနှာဗူးအသင်းက ကံအလွန်ကောင်းစွာ ဂိုးစ,ရသွားပါသည်။ ပုပ္ပားမယ်တော် ဂိုးသမားက သူ့နောက်တန်းသမားကို အပြစ်တင်သည်။

"ဟော့ကောင် ဝွန်တာတီး .. မင်း ဘာလို့ ခေါင်းမတိုက်တာလဲ .."

ဝွန်တာတီး က မျက်မှန်အနက်ကို ပင့်တင်ရင်း ဟန်ပါပါနဲ့ ...





"ဟော့ကောင် ပီတာနက် .. ဂိုးရင် ဂိုးပါစေ .. ငါ့ကေတော့ အပျက်မခံနိုင်ဘူး .. ဒါပဲ .."

ဘောလုံးပွဲက ပြန်စပြီဆိုတာနဲ့ ပုပ္ပားမယ်တော်အသင်းသားတွေက ကွင်းလယ်ကို စိုးမိုး၏။

ဘာဖြစ်လို့လဲဆိုတော့ သူတို့က မျက်မှန် တပ်ထားတာကြောင့် ဟိုစမ်းစမ်း ဒီစမ်းစမ်းနဲ့ နေရာအစုံကို သွားရပါတယ်။

တစ်ကြိမ် .. မြောက်တက်လာတဲ့ဘောလုံးကို စိတ္တဇနှာဗူးအသင်းရဲ့တိုက်စစ်မှူး ကုလားကတော့ တစ်ချက်မော့ကြည့်ပြီး ဘောလုံးမကျခင် သူ့တွဲဖက်တိုက်စစ်မှူး ပူစီကို လှမ်းကြည့်ပြီး ပြောလိုက်သည်။

"ဟော့ကောင် ပူစီ .. ဂိုးရှေ့မှာ အသင့်ပြင် .."

"ဖုန်း .."

ပြောပြီး ဘောလုံးကို မော့ကြည့်တော့ ဘောလုံးက သူ့မျက်နှာတည့်တည့်ကို အရှိန်နဲ့ကျလာတာကြောင့် ဖုန်းခနဲ မှူးတူးတူး ဖြစ်သွားပါသည်။

တောကြောင် ကလည်း ကြော်ငြာတွေ အော်လိုက်ပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဟုတ်ကဲ့ .. အခု စပွန်ဆာပေးထားတာကတော့ ဦးတုတ်ဖြူ ရဲ့ ဒဏ်ကြေလိမ်းဆေး ဖြစ်ပါတယ်၊ ဟန်းနီးပလပ်တွေ ရမယ်၊ ဟော .. ပြေ့ာရင်းဆိုရင်းနဲ့ စိတ္တဇနေ့ာဗူးအသင်းက နှာတို ဆွဲလာ တယ် .. လိမ်တယ် ခင်ဗျာ .. ဘယ်လောက်လိမ်သလဲဆိုရင် နောက်ဘဝမှာ မှန့်ကြိုးလိမ် ဖြစ်မယ့်ကောင်ပါ ခင်ဗျာ ..၊

"တစ်ဖက်နောက်ခံလူ အကြော်သည် ဒေါ်မြရဲ့သား ငဖယ် မောင်စိုး ကို ကျော်တယ်ခင်ဗျာ .. ကြော်လို့မရဘူး ခင်ဗျာ.. ငဖယ်မောင်စိုး က နေ့တိုင်း ကြော်နေကျဆိုတော့ နှာတိုကို အကြော် မခံဘူး ..၊

"ဒါဆို ကင်သင့်ပါတယ် ..၊ ကင်လို့မရရင် ချက်ဗျာ .. ဟော .. ဘောလုံးက လေထဲမှာ ဝဲခနဲ .. စိတ္တဇနေ့ာဗူးအသင်းက တိုက်စစ်မှူး ပူစီက သူ့ရဲ့နောက်ကျောကဝတ်ရုံကို ရှေ့ကို ဆွဲ လိုက်ပြီး ဖြန့်ပါတယ် ..၊

"ပြီးတော့ ကျလာတဲ့ဘောလုံးကို ဖြန့်ဖမ်းပြီး ဂိုးရှေ့ကို ပစ် လိုက်တယ် .. ဂိုးပါတယ် ခင်ဗျာ .."





"ဂိုး .. .."

ဂိုးလို့ အော်သံတွေက တစ်ကွင်းလုံး ဟိန်းသွားပါသည်။

"ဒါပေမယ့် နည်းစနစ်ကော်မတီအဖွဲ့က ဒါဟာ လက်ထိ ဘောလား .. ဘာလား .. အငြင်းအခုံ ဆွေးနွေးနေကြပါတယ်.. ဘောလုံးသမားတွေ အချင်းများကြပါတယ် .."

အငြင်းအခုံတွေနဲ့ နောက်ဆုံး ထိုးလားကျိတ်လား ဖြစ်လာ ကြပါသည်။ ကိုဖိုးထောင် က ဓာတ်မာန်ပြကာ လူအုပ်ထဲကို ခုန်ဆင်းသွားပါသည်။

ကျွန်တော့်မှာသာ ယောင်လည်လည်နဲ့ လှည်းပေါ်မှာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"အားမနာနဲ့ ဆရာလေး .. ဒီအိမ်မှာက ကျုပ်နဲ့ ကျုပ်တ
တောကြောင် .. နှစ်ယောက်ပဲရှိတာ"

ဦးဗရမ်း ရဲ့ စကားကြောင့် မောင်ရင် ခေါင်းညိတ်ပြပါ
သည်။

"ဟုတ်ကဲ့ .. ဘကြီးထွန်း.. က အလုပ်ကိစ္စလေးတွေ ပြပ
မှပဲ လိုက်လာမယ်လို့ ပြောပါတယ်"

ဦးဗရမ်း က ဆေးပြင်းလိပ်ကို ဖွာရင်း ...

"အင်း .. အစ်ကိုကြီးလည်း ရွာမရောက်တာ ဆယ်စုနှစ်
တစ်ခုလောက် ရှိပြီ၊ မြို့မှာမနေဘဲ အိမ်မှာ အေးအေးသက်သာ
နေပါ ပြောလည်း မရဘူး ဆရာလေးရေ .."





မောင်ရင် ခေါင်းညိတ် ပြုံးမိရင်း ...

"ဖေဖေတို့ မေမေတို့ မဆုံးခင်ကဘည်းက ကျွန်တော့်ကို
စောင့်ရှောက်ဖို့ မှာထားတော့ ဘကြီး မပြန်ဖြစ်တာ ထင်တယ်
ဦးကြီး .."

ဦးလေးဗရမ်း က ခေါင်းတညိတ်ညိတ် ..။

"ဩော် .. ဆရာလေးကို မှာရဦးမယ် ..၊ ကျုပ်တူ တော
ကြောင် ကိုလည်း ကိုယ့်ညီအရင်းလေးလို သွန်သင် ဆုံးမဗျာ..
နော် .."

"စိတ်ချပါ ဦးကြီး .."

တောကြောင် ဆိုကတည်းက ကျောက ချမ်းချင်ချင် ..။

"ပြောသာ ပြောရတာပါ .. တောကြောင် က လူတစ်မျိုး
ဆရာလေး .."

"ဘယ်လို လူတစ်မျိုးလဲ ဦးကြီး .."

ဦးကြီး သက်ပြင်းချပါသည်။

"ဆိုးသွမ်းမိုက်မဲနေတာမျိုးတော့ မဟုတ်ပေမယ့် ဒီကောင်
က မြို့ရူး ရူးနေတာ ..၊ တစ်ဦးတည်းသော ကျုပ်တူလေး ဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



အဖမဲ့ အမိမဲ့ ဒီကလေးကို ကျုပ်က အလိုလိုက်သလို ဖြစ်သွားတယ်လေ၊ ကျုပ်ဆိုရင် တစ်ရွာလုံးက ကြောက်တော့ ပိုဆိုးတာပေါ့ ..၊ ဒီကြားထဲ ဒီကောင်က ဟိုပေးဒီပေး လက်ဖွာတော့ သူ့စကားဆို တစ်ရွာလုံးက အဟုတ်ထင်ကြတာ၊ ရွာထဲ လျှောက်မေ့လာကြည့် .. တွေ့ပါလိမ့်မယ် ဆရာလေးရေ .."

ဦးကြီးစကားကြောင့် ကျွန်တော် သဘောကျစွာ ရယ်သည်။

"ဟော .. ပြောရင်းဆိုရင်း လာပါပြီဗျာ .."

တောကြောင် က နက်ကတိုင်နဲ့ ချွေးသုတ်ရင်း အိမ်ရှေ့ကွပ်ပျစ်မှာ ထိုင်နေတဲ့ မောင်ရင့် ဘေးမှာ ဝင်ထိုင်ကာ ...

"မောလိုက်တာ ဦးကြီး .. ဘောလုံးစည်းမျဉ်းတွေက မလွယ်ပါဘူး၊ ဘောလုံးစည်းမျဉ်းအသစ်ဗ္ဗေကို လေ့လာဖို့ မြို့ကိုတက်ပြီး ဒိုင်သင်တန်း တက်ရမယ်၊ အတော်ပဲ .. ကျောင်းဆရာရှိတုန်းမေးရမယ်၊ ဒိုင်သင်တန်းက ဘယ်မှာရှိလဲ ဆရာ .. သရက်ကင်းက ဦးပိတ် ပြောတော့ သီရိမင်္ဂလာဈေးမှာ ဒိုင်တွေရှိတယ်ဆို.."

တောကြောင် စကားကြောင့် ကျွန်တော် တဟားဟား ရယ်မိသည်။ တောကြောင် က မျက်မှောင်ကြုတ်ရင်း ...





"ဘာလဲ .. ကျောင်းဆရာက ကျုပ်ကို ထောင်ထဲသွင်းတာလား .."

"ဘယ်လို .."

ကျွန်တော် နားမလည်လို့ မေးမိတာကြောင့် ဦးကြီးက ...

"ဒီကောင် လျှောင်တာကို ပြောတာ ဆရာလေးရေ .."

"မလျှောင်ပါဘူး ကိုတောကြောင် ရယ် .. သီရိမင်္ဂလာဈေးက ဒိုင်တွေက ခင်ဗျားပြောတဲ့ ဒိုင်တွေ မဟုတ်ဘူးဗျ ..၊ အဲဒီဒိုင်တွေက ကုန်စိမ်းဒိုင် .. သားငါးဒိုင်တွေဗျ .."

"ဩော် .. သိပါဘူး .."

"နောက်မှ ကျွန်တော် သိသလောက် ဘောလုံးစည်းမျဉ်းဥပဒေတွေကို ရှင်းပြမယ် .."

"တကယ်နော် .. ကျောင်းဆရာဆိုတာ မညာရဘူးနော် .."

ကျွန်တော် ရယ်ရင်း ...

"စိတ်ချပါ .. ကိုတောကြောင် ရာ .."

"ဟာ!... ဆရာဖိုး ကလဲ ကျွန်တော့်ကို တောကြောင် ပဲ ခေါ်ပါဗျ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟို .. ကျွန်တော့်ကို ဘယ်လိုခေါ်တာ .."

"လေးနဲ့ ဖိုးက အတူတူပဲလေ .."

ဦးကြီးက သူ့တူကို စိတ်ပျက်ပုံနဲ့ ...

"အဲဒါသာ ကြည့် .. ဆရာလေး ရေ .."

အင်း.. တောသုံးထောင်နဲ့ တောကြောင် နဲ့ ကျွန်တော် ပါဝင်ပတ်သက်ရပါတော့မယ်။





ကျောင်းဖွင့်ဖို့ ရက်အနည်းငယ် လိုနေသေးတာကြောင့် မောင်ရင့် အတွက် ဒီရက်တွေက အားသည်။

စာအုပ်ဖတ်လိုက်၊ ခြံဝန်းထဲမှာ လမ်းလျှောက်လိုက်နဲ့ အချိန်ဖြုန်းနေရပါတယ်။ ဦးလေးဗရမ်း ကတော့ သူ့လယ်နဲ့သူ အချိန်ကုန်နေတာရယ် .. တောကြောင် ကျတော့လည်း အိမ်ကပ်တယ် မရှိတာကြောင့် သူ့အတွက် ပျင်းခြောက်ခြောက် ..။

ဦးလေးဗရမ်း ရဲ့ လက်တိုလက်တောင်းခိုင်းတတ်တဲ့ ဖိုးနီဆိုတဲ့ ကောင်လေးကလည်း ထင်းခွဲ ရေခပ် ထမင်းချက် သူ့အလုပ်နဲ့သူ ရှုပ်နေတာကြောင့် မောင်ရင့် အတွက် စကားပြောအဖော်တောင် မလုပ်ပေးနိုင်ရှာ ..။



www.burmeseclassic.com

www.burmeseclassic.com



ဖိုးနီ ကတော့ ပြောပါတယ်။

"ဆရာလေး ပျင်းနေရင် ရွာထဲ လမ်းလျှောက်ပါလား .."

မောင်ရင် ဖိုးနီ စကားကြောင့် ...

"ငါနဲ့ ရွာသားတွေကမှ မသိကြတာကွာ .."

ဖိုးနီ က သူ့စကားကြောင့် ရယ်သည်။

"ဆရာ့ကို ဆရာမှန်း တစ်ရွာလုံး သိနေကြတာပဲ၊ စိတ်ချ.. တွေ့တဲ့လူတိုင်း ဆရာ့ကို နှုတ်ဆက်လိမ့်မယ် .."

ဖိုးနီ ပြောတာလည်း ဟုတ်တော့ ဟုတ်ပါသည်။

ရွာရဲ့ အခြေအနေကို လေ့လာလို့လည်း အဆင်ပြေတာကြောင့် သူ လမ်းထွက်လျှောက်ဖို့ ဆုံးဖြတ်လိုက်ပါသည်။

ဖိုးနီ က အိမ်ရှေ့က ဖြတ်သွားတဲ့ ဈေးသည်ကို လှမ်းခေါ်ပါတယ်။

"ဖိုက်သည် လာပါဦး"

အထူးအဆန်း စကားကြောင့် ...

"ဘာလဲကွ .. ဖိုက်သည် .."

ဖိုးနီ က ကျွန်တော့်အမေးကို ရှင်းပြပါသည်။





"ဖိုက်သည် ဆိုတာ ငါးသည်ကိုပြောတာ ဆရာလေး .."

"မင်းတို့ ဝေါဟာရတွေကလည်းကွာ ..၊ ကဲ.. ငါ ရွာထဲ လျှောက်လေ့လာလိုက်ဦးမယ် .."

ဖိုးနီ က ခေါင်းညိတ်ပြီး ဝင်လာတဲ့ငါးသည်ရဲ့ခေါင်းပေါ်က ငါးဗန်းကို ဝိုင်းချပေးပါသည်။

ပထမဦးဆုံးတွေ့တာက လမ်းပေါ်က အရက်သမား ..၊ တစ်လမ်းလုံးပြည့်အောင် ဖီဖတ်ဆွဲ လမ်းလျှောက်လာတဲ့ အရက်သမားက အရက်သမား စတိုင်အပြည့် ..။ ဖိနပ်နှစ်ဖက်ကို လက်ထဲကိုထည့်ပြီး လက်ထဲမှာ ပုလင်း၊ အကျႌအပြဲနဲ့ အခုလို အော်ပါသည်။

"ဘယ်ကောင် .. အော့ .. မှ ဂ .. လု .. မစိုက်ဘူး .. အော့.. အရက်နဲ့လူလုပ်တာ မဟုတ်ဘူး .. အော့ .. အသက်နဲ့ လူလုပ်တာ.. အော့ .. ကွ .. ဟော့ .."

အရက်သမားက ကျွန်တော့်ကို မြင်တော့ လက်နှစ်ဖက်ကို ပူးကပ်ပြီး ...

"မာကလာပင်ပါ ဆရာကြီး .. အော့ .. ဆရာ .. ဆရာကြီး..



www.burmeseclassic.com

www.burmeseclassic.com



ငြိမ်ငြိမ်ရပ်ပေးပါ ..၊ ကျုပ် ကြည့်ရင်းနဲ့ မူးတယ် ..."

ကျွန်တော် ရယ်လည်း ရယ်ချင်သွားပါသည်။

"ကျုပ်က မတ်တတ်ရပ်နေတာဗျ .. ခင်ဗျားဘာသာ ယိမ်းထိုးနေတာ"

"အဲ .. ဂရို့ရား .. ငထင် အေ့ .. မမူးပါဘူး .. သတိ အမြဲရှိတယ် .. အခုတောင် ရွာထိပ်ကနတ်ရုပ်ကို အရက်သောက်မလား မေးတော့ အေ့ .. ပြန်မဖြေလို့ ပါးရိုက်ခဲ့သေးတယ် .. အွတ် .."

အရေးထဲ ငထင် ဆိုတဲ့ အရက်မူးသမားက ကြို့ထိုးနေပါသည်။

ကျွန်တော်လည်း ရယ်ချင်ချင်နဲ့ ...

"နတ်ရုပ်က ခင်ဗျား ပါးရိုက်တော့ ဘာပြန်ပြောလဲ .."

ငထင် ယိမ်းထိုးနေတဲ့အရှိန်ကို မနည်း ထိန်းနေရင်း ...

"ဘာပြန်ပြောရမှာလဲ ..၊ ဒါပေမယ့် .. အွတ် .. ကျုပ်ကို စိန်းစိန်းကြီး စိုက်ကြည့်နေတယ် .."

"ဘာနတ်ရုပ်လဲဗျ .."





ငထင် စဉ်းစားဟန်ပြုပြီး အခုလိုပြောကာ ထွက်သွားပါသည်။

"နတ်ရုပ်နာမည် .. အွတ် .. မမြစိမ်း တဲ့ ..၊ သွားမယ် .. ကျုပ်ကျောင်း ကျုပ် သွားရမယ် .. အရက်ဆိုင်လေ .."

လက်ပြန်လက်ပြပြီး ထွက်သွားပါသည်။ ကျွန်တော် ရယ်ရင်း ခေါင်းတခါခါနဲ့ ထွက်သွားပါသည်။

ရှေ့ဆက်လျှောက်လာတော့ ကလေးတွေ လူကြီးတွေ ဝိုင်းအုံနေတာကြောင့် ဝင်ကြည့်ရင်း အနားကလူကို ...

"ဘာလုပ်နေတာလဲဗျ .."

ကျွန်တော် မေးတော့ ဘေးကလူက ရယ်ရင်း ...

"သြော် .. ဆရာလေးပါလား ..၊ ဒီမှာလေ .. ဟိုဘက်မျောက်မနိုင်ရွာက ထန်းတောပိုင်ရှင် ဦးရော ရဲ့သား ထန်းထန်းစန်းနိုင် နဲ့ သူ့အဖွဲ့က ရပ်ခ်သီချင်း လာပြိုင်တာ ..၊ အဲဒါ တောကြောင် က ဂျလောက်ဂျလက် နဲ့ ပြိုင်ဖို့ စီစဉ်နေတာ .."

ကျွန်တော် မျက်ခုံးပင့်မိပါသည်။ တောကြောင် က ထုံးစံအတိုင်း စစ်ဖိနပ်နဲ့ ဘောင်းဘီတို .. ပြီးတော့ လောင်းကုပ်အဖြူ



www.burmeseclassic.com

www.burmeseclassic.com



ရောင် .. အဲ .. လောင်းကုပ်ကို သေသေချာချာကြည့်တော့ ဇာတ်ကရင် ပုဏ္ဏား အမတ်တွေ ဝတ်တဲ့အကျႌ ဖြစ်နေပါတယ်။

ခေါင်းပေါ်မှာ နီးဦးထုပ်ကို ဆေးမည်းသုတ်ပြီး ဦးထုပ်ထိပ်မှာ ကြယ်အနီရောင်တစ်လုံး ဆွဲထားပြီး ထန်းလက်ကုလားထိုင်ပေါ် ဆရာကြီးစတိုင်နဲ့ ခြေချိတ် ထိုင်နေပါတယ်။

ဂျလောက်ဂျလက် က ကလေးစွတ်ကျယ်ကို ချက်ပေါ်အောင်ဝတ်ပြီး ထုံးစံအတိုင်း ရှေးခေတ် ကွာတားဘောင်းဘီနဲ့ .. ပြီးတော့ မြန်မာပြည့်ဖြစ် ဂျယ်.. (ရွှံ့စေး)နဲ့ ဆံပင်ကို ထောင်ထားပါတယ်။

တစ်ဖက်ရွာက ထန်းထန်းစန်းနိုင် ဇာ လည်ပင်းမှာ သံကြိုးကို ဆေးအနီနဲ့သုတ်ပြီး နွားခလောက်ကို တပ်ထားပါတယ်။ ပြီးတော့ လက်ကားကား ခြေကားကားနဲ့ .. ပြီးတော့ သူ့တပည့်ကို အချက်ပြတော့ သူ့တပည့်က ...

"ဘယ်လိုလဲ တောကြောင် .. မင်းတပည့် အဆင်သင့်ဖြစ်ပြီလား .."

ထန်းထန်းစန်းနိုင် တပည့်ရဲ့အမေးကြောင့် တောကြောင်က လက်ခုပ်တီးရင်း ...





"ဖြစ်တာမှ သိပ်ဖြစ်ပေါ့၊ ထညက်စန်းနိုင် ရယ် .."

"ဟော့ကောင် .. ထန်းထန်းစန်းနိုင် ကွ .."

သူ့နာမည်ကို ဖျက်ခေါ်တော့ ထမ်းထမ်းစန်းနိုင် တပည့်ကဒေါကန်သည်။

"ဟော့ကောင် .. ထညက်လည်း ထန်းပင်က ရတာပဲ.. မင်းအပီအပြင်ရွတ်ဖို့ လုပ်တော့ .."

ထန်းထန်းစန်းနိုင် က ရပ်ခ်သမားစတိုင်နဲ့ သူ့လူတွေဘက်လှည့်ကာ 'ဒီဂျေ' အချက်ပြသည်။

သူ့အဖွဲ့ထဲက တစ်ယောက်က ထန်းထန်းစန်းနိုင် ရဲ့ တပည့်တစ်ယောက်က အသင့်ပါလာတဲ့ ထန်းခေါက်ဖာ ကို မြေပေါ်ချကာ လက်ထဲက တုတ်နဲ့ ရိုက်လိုက်တော့ ...

"ကျွီ .. ကျွီ .. ကျွီ ..."

ကျွန်တော် မျက်လုံးအဝိုင်းသားနဲ့ ...

"ဘာသံတွေလဲ .."

"သူ့ဘေးကလူက ပြန်ဖြေပါတယ်။

"ဒီဂျေပွတ်တာလေ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ကြွက်သံတွေလိုပဲ .."

ဘေးကလူက ရယ်ရင်း ...

"ဟုတ်တယ်လေ .. ကြွက်တွေ ထည့်ထားတာ .."

ထန်းထန်းစန်းနိုင် ရဲ့တပည့်တစ်ယောက်က ဒယ်အိုးတစ်လုံးကို မြေမှာချ ဆောင့်ဆောင့်ထိုင်ပြီး ဖွန်းနဲ့ခြစ်သည်။

"ဂျလိ .. ကျွီ .."

ကြွက်သံတွေ .. ဒယ်အိုးခြစ်သံတွေကြောင့် အားလုံး သွားတွေ ကျိန်းမတတ်ပါပဲ။ ထန်းထန်းစန်းနိုင် က ရပ်ခ်ပင်တွေကို ရွတ်နေပါသည်။ သူဆိုတဲ့ ရပ်ခ်သီချင်းက ကြက်ဖရဲ့ "မိုက်ခဲ" သီချင်း ..။

"အိမ့်ညေ တံတားကိုတွန်းဖွင့် .. အပြင်ထွက်တာနဲ့ .."

စကားက မပီတော့ ရယ်သံတွေ ထွက်လာပါသည်။

"မိုးမညင်းတေးဘူး .. တေ့လိုက်ရတာ ရယ်ပါဘဲ × × နောက်တလောက် ကြည့်မိတော့လဲ ရက်ပါဘဲ .. ခွပ်ပါရဲ့ .. ဒီအသိုင်းရိုကြာခင်မဝယ်ဖူ .. ပြတနာပဲ .. ဒီ အဖိုးချည်းပဲ (ုး) လာပြီဆို × × "





အဲဒီအပိုက်ရောက်တော့ ကောင်မလေးတွေ နားပိတ်ကုန်တော့ တောကြောင် က ...

"ဟော့တောင် .. အဲလေ .. ဟော့ကောင် .. မမိုက်ရိုင်းနဲ့ .."

တောကြောင် စကားကြောင့် ထန်းထန်းစန်းနိုင် က ဆိုနေတာကို ရပ်ပြီး ...

"ဟော့ကောင် .. ငါ့စကား အပီလို့ကွ .."

ဂျလောက်ဂျလက် က တဟင်းဟင်းနဲ့ လှောင်ရယ်ရယ်ပြီး...

"ဂျလောက်ဂျလက် က မင်း ရပင်တွေလောက် .."

"ရက်ပင် .."

တောကြောင် က ဂျလောက်ဂျလက် ကို သတိပေးနေရပါသည်။

"အေး .. ရက်ပင်တွေလောက် အပျော့တွေပါကွာ .. ကဲ .. ကြည့်.. ကိုယ်ပိုင်စာသားနဲ့ ကိုယ်ပိုင်ဟန်ပေါင်းပြီး ဆိုပြမယ်..၊ ကဲ .. ဦးကျားမင်း .."

"ဖြူးချားရင် ..."

တောကြောင် က နောက်က လှမ်းပြောနေရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ဖြူးရျားရင် ဆိုမယ့်နှစ်ယောက်က တောကြောင် ရဲ့ ဘတ်စမန်းတွေဖြစ်တဲ့ မိချက် နဲ့ မိခါ ..။

ဂျလောက်ဂျလက် က ဗိုက်ပူပူ .. ဖင်ကောက်ကောက်စတိုင် လက်ဟန်ခြေဟန်တွေနဲ့ အခုလို ဆိုပါသည်။

"ရှိ.ရှိ. .. ကမ်းမွန် . တောဂေါ်ဖီ .. တောကြောင် အတွက် သီချင်းလေးတစ်ပုဒ်နဲ့ ဖျော်ဖြေချင်ပါတယ် ..၊

ရှိ. .. ကမ်းမွန် ဦးရှင်ကြွဖို့ပြင် .. ရှိ. .. မုန့်စမ်းငှက်ပျောသကြားနဲ့ရော .. ရှိ. စားပါဝါးပါ စောင့်ရှောက်ပါ ရှိ.ရှိ. .. ဘောဘီ"

မိခါ နဲ့ မိချက် ကလည်း သံပြိုင်ဆိုပါသည်။

"စောင်းကလေးတီးပါဟော့ × × စောင်းကလေး တီးပါဟော့ × × ရှေ့အိမ်တွေ နောက်အိမ်တွေ ပေးခဲ့ × × ဘကြီးထွားလိုက်ခဲ့× × တစ်ရွာလုံးကြား အော်ပြီးတော့ ရွတ်မယ်ဟော့ × × ဘာဂျာတွေ ဂစ်တာမလိုပါ ဒါဟာအပိုပါ× × လူစုံရင်တော့ဆင်းခဲ့ × × မကြွခင် သူဟာ ကလပ် ပေါ်မှာထိုင် × × အောင်မြင်ပါစေဆိုပြီးတော့ × × သူ့စောင်းကိုကိုင်× × စောင်းကလေးတီးပါဟော့ × × စောင်းကလေးတီးပါဟော့ × × "





မိခါ နဲ့ မိချက် ရဲ့တိုင်ပင်ညီတဲ့စာသားကြောင့် လက်ခုပ်သံတွေ တဖြောင်းဖြောင်း .. တောကြောင် လက်ခမောင်း ထခတ်ပါတယ်။

"တောကြောင် ကို လာမစမ်းနဲ့ .. မာန်ဖီလိုက်မယ် .. ခွီး.."

ထန်းထန်းစန်းနိုင် က မချင့်မရဲနဲ့ ...

"အေးပေါ့ကွာ .. မင်းတို့တ ဦးသွင်တီးကိုဆိုတော့ နောက်တစ်တာပြိုင်ရင် အမေတမ်းကို ရွတ်ပြီး ပြိုင်မယ် .. တွားမယ်"

"တွား ..."

တောကြောင် စကားကြောင့် အားလုံးရယ်ကြပါသည်။ အားလုံးက ဝိုင်းအော်ပါတယ်။

"စောင်းကလေးတီးပါဟော့ × × စောင်းကလေးတီးပါဟော့.."

ရယ်သံတွေ ဆူညံနေပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လဲ ဆရာလေး .."

နွားစာစဉ်းနေတဲ့ လူရွယ်က လှမ်းမေးတော့ မောင်ရင်

ကျောင်းဘက်ကို လက်ညှိုးထိုးပြပြီး ...

"စာသွားသင်မလို့ .."

"ဗျာ .. စာကလေး ကင်စားလို့ .. ဩော် ထန်းရည်ဆိုင်ပေါ့

ကောင်းတယ် .. ကောင်းတယ် .."

ကျွန်တော် အူကြောင်ကြောင်ဖြစ်နေတော့ သူနဲ့အတူ အိမ်က

ထွက်လာတဲ့ တောကြောင် က ရယ်ပြီး ...

"ကြည်လင် က နားသိပ်မကောင်းဘူး ဆရာဖိုး .."





တောကြောင် က ဆရာလေးလို့ မခေါ်၊ အခုလိုပဲ ဆရာဖိုး ပဲ ခေါ်သည်။

"တောကြောင် မင်းပါ စာသင်မလို့လား .."

ကြည်လင် ရဲ့စကားကြောင့် တောကြောင် က လှမ်းအော် ပြောသည်။

"မင်းညီမနဲ့ ချိန်းထားလို့ ကြည်လင် ရ .."

ကြည်လင် က အလန့်တကြားနဲ့ ...

"မင်း စားပြနဲ့ချိန်းထားတယ် .. ဟာ!... ဘာလုပ်မလို့ .."

မောင်ရင် က ရယ်သည်။

တောကြောင် က ခေါင်းတဗျင်းဗျင်း ကုတ်မယ်လုပ်ပြီးမှ သူ့ရဲ့အမောက်ထောင်တဲ့ကေ ပျက်မှာစိုးတာကြောင့် ကုတ်မယ် ပြင်ပြီးမှ သူ့နောက်စေ့ကို ပြောင်းကုတ်သည်။

ပြီး တော့ ...

"...ဟော့ .. မင်းညီမ အေးခင် နဲ့ ကောက်ရိုးပုံမှာ ချိန်းထား တယ် နားလေးရ .."

ကြည်လင် က သူ့အဓိပ္ပာယ်နဲ့သူ ရှင်းလင်းပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ဒီည ခွေးဖင်ဖြဲ တစ်ချက်ငုံကာ မွှေးပြမယ် တကယ် စိတ်ချ ..၊ ရွံ့စရာကြီး တောကြောင် ရာ ..."

ဆရာလေးက တဟားဟား ..၊ တောကြောင် စိတ်ပျက်ပျက်နဲ့ ...

"ဒီနားလေးနဲ့ပြောနေလည်း အမြှုပ်ထရုံပဲရှိမယ် .. သွားမယ် ဆရာဖိုး .."

တောကြောင် ဆရာဖိုး လက်ကို ဆွဲပြီးခေါ်တော့ ကြည်လင် ငတောကြောင် ပြောသွားတဲ့စကားကို အသံထွက် စဉ်းစားမိပါသည်။

"ဒီဇယ်လေးနဲ့ ရောနှယ်လဲ ဒေါ်တရုတ်မဆုံလောက်ရှိမယ် တစ်ည နှယ် ပြာဖို့ .. ဟင် .. အဲဒါ ဆေးနည်းထင်တယ် .. အင်း .. ဒေါ်တရုတ်မ လာမှ ဟုတ်မဟုတ် နောက်က အသာခိုး ကြည့်ရမယ် .."

ဒီစကားသာ တောကြောင် ကြားလို့ကတော့ မျက်လုံးပြူးမှာ သေချာပါသည်။

နှစ်ယောက်သား ကျောင်းမရောက်သေး ..၊ ရုတ်စ ရုတ်ငုနဲ့





လူအုပ်ကို တွေ့တော့ ...

"ဘာဖြစ်ကြတာလဲ တောကြောင် .."

"ရန်ဖြစ်တယ် ထင်တယ် ဆရာဖိုး .."

နှစ်ယောက်သား လူအုပ်ကြားထဲ တိုးဝင်ကြည့်မိပါသည်။ ခြံနီးချင်းတွေဖြစ်ကြတဲ့ အရီးမြရင် နဲ့ အရီးလေးလှမြင့် တို့ရဲ့ ရန်ပွဲ ဖြစ်နေပါသည်။

"ဟဲ့ .. မြရင့် ကို ထချင်အောင် လာမဆွနဲ့ .. ညည်းခွေး ကျုပ်ခြံထဲ ဝင်လို့ ရိုက်တာဟဲ့ ..၊ ဘာဖြစ်လဲ.."

"ဟဲ့ .. မြရင် နင့်ဘာသာ ထထထိုင်ထိုင် မျောက်လိုပဲမှိုင်မှိုင် ငါ့ကိစ္စ မဟုတ်ဘူး၊ နင့်ကို ကျေးရွာလူကြီး ဦးဖိုးကောင်း နဲ့ကို တိုင်မယ်၊ ငါတို့လို ခြေနှစ်ချောင်းနဲ့ မားမားရပ်မလျှောက်နိုင်လို့ လေးဖက်ထောက် ခါးကုန်းပြီးသွားနေရတဲ့ ငါ့ခွေး အောင်နက်ကို အလိုမတူဘဲ ညှဉ်းပန်းနှိပ်စက်မှုနဲ့ မမျိုးနဲ့သမီး ရိုရအောင် တိုင်မယ် .."

တောကြောင် က အရီးလေးဒေါ်လှမြင့် ကို လှမ်းပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အမျိုးသမီးရေးရာ .."

ဒေါ်လှမြင့်က သတိရကာ ...

"အေး .. နင် ပြောတဲ့ဟာ .. ဟယ်"

အရီးမြရင် က ခါးထောက်ပြီး ဒါလေးတောင် မသိဘူးလာ

ဆိုတဲ့ မျက်နှာပေးနဲ့ ...

"ဟဲ့ .. ဒါတောင် မသိဘူးလား .. ကတုံးမရဲ့ .."

"ဟဲ့ .. ငါ မတုံးဘူးဟဲ့ .."

"စကားများလို့ဟော့ .. ငတုံးမကို ပြောတာ .."

အရီးလေးမြရင် စကားကြောင့် အရီးလေးလှမြင့် က ခေ

ဆွေ့ခုန်ရင်း ...

"နင့်ကို ထပ်တိုင်ဦးမှာ သိလား လှမြင့် ရဲ့ .. နင့်ကိုဝေ

တိရစ္ဆာန် ညစ်ပက် နှုတ်ဆက်မှုနဲ့ တိုင်မှာ .."

တောကြောင် ကလည်း တိုးတိုး ပြောရပြန်ပါသည်။

"အရီး မှားနေပြီ .."

အရီးလေးမြရင် က တဟားဟားနဲ့ လှောင်ရယ်ရင်း ...

"ကတုံးမ .. အဲ .. ငတုံးမ .. သိလည်း မသိဘူး ပြောလည





ပြောချင်တယ် ..၊ တိရစ္ဆာန် ညှဉ်းပန်းနှိပ်စက်မှုဟဲ့ .. ငတုံးမကြီး ရဲ့ .."

"ဟဲ့ .. တိရစ္ဆာန်ညှဉ်းပန်းနှိပ်စက်မှု မဟုတ်ဘူး .. ငတုံးမ လှမြင့် ရဲ့ .. နင့်ခွေး အောင်နက်ကိုလည်း ပြန်တိုင်မယ်"

"ညည်းက ဘယ်လိုတိုင်ချင်လို့လဲ လှမြင့် ရဲ့ .."

"ဟဲ့ မြရင် .. လွယ်လွယ်လေး ..၊ ပိုင်နက်ကျူးလွန်မှုနဲ့ တိုင်မှာပေါ့"

အရီးလှမြင့် စကားကြောင့် အရီးမြရင် က တဟားဟား ရယ်တော့ အရီးလှမြင့် ကြောင်တောင်တောင် ..။

အရီးမြရင် ... ခွက်ထိုးခွက်လှန်ရယ်ပြီး အခုလို ပြောပါ သည်။

"ဟဲ့ .. လှမြင့် .. မသေမချင်း မှတ်ထား .. အဲဒါ ပိုင်နက် ကျူးလွန်မှု မဟုတ်ဘူး၊ ငါ့ခွေး အောင်နက်က နင့်ခြံထဲဝင်လို့.. အောင်နက် ကျူးလွန်မှုဟဲ့ .. မှတ်ထား .."

သူတို့စကားတွေကြောင့် ကျောင်းဆရာ မောင်ရင် လည်း ခေါင်းတွေရှုပ်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဥပဒေတောင် ပြန်ပြင်ရမယ့်ပုံပဲ ..၊ ကဲ .. သွားပြီ တော ကြောင်"

တောကြောင် က စပ်ဖြဖြနဲ့ ...

"ကျွန်တော် ဒီပွဲကို အနီးကပ် လေ့လာလိုက်ဦးမယ် .."

"သွားပြီကွာ .."

မောင်ရင် ကျောင်းရောက်တော့ ကျောင်းအုပ်ဆရာကြီး ခွဲတန်းချပေးတဲ့အတန်းမှာ စာသင်ရပါတယ်။

စာမသင်ခင် ကျောင်းခေါ်ချိန် လူစာရင်းကို ကျောင်းတက် မတက် အမှတ်စဉ်အတိုင်း ခေါ်ကြည့်မိပါသည်။

"မောင်ကြည်စန်း .."

တစ်ယောက်မှ တုတ်တုတ်မလှုပ်။ မောင်ရင် ထပ်ခေါ်ပြန်ပါ သည်။

"မောင်ကြည်စန်း .."

မထူးကြပြန် ..၊

သူ ကလေးတွေကို ကြည့်ကာ ပြောမိသည်။

"မောင်ကြည်စန်း ကျောင်းမတက်ဘူးလား .."





မောင်ရင်စကားကြောင့် ကလေးတစ်ယောက်က ...

"ကျိုပါတယ် .. တူ .."

ဘေးက ကလေးကို လက်ညှိုးထိုးပြတော့ မောင်ရင် အဲဒီ ကလေးကို ...

"သားက နာမည်ခေါ်ရင် ထပြီး ရှိပါတယ် ခင်ဗျာ လို့ ပြောရမယ်လေ .."

မောင်ကြည်စန်း က နှုတ်ခမ်းကြီးစူပြီး ...

"တားက အဲဒီလိုခေါ်ရင် ထူးချင်ဘူး .."

"ဒါဆို ဆရာက ဘယ်လိုခေါ်ရမလဲ .."

မောင်ကြည်စန်း က လက်ပိုက်ပြီး ထဖြေပါသည်။

"တားက ကိုရီးယားမင်းသားကို ကြိုက်တာ .. တူ့နာမည် ခေါ်မှ ထူးမှာ ..."

မောင်ရင် ရယ်လည်း ရယ်ချင် .. ကလေး စိတ်ကျေနပ် အောင် ...

"ဒါဆို ဆရာ့ကိုပြောလေ .. ဘယ် ကိုရီးယားမင်းသားကို ကြိုက်တာလဲ .."



www.burmeseclassic.com

www.burmeseclassic.com



မောင်ကြည်စန်း က ဖြေပါတယ်။

"ပတ်ကျိစန်"

"ဟင် .. အဲဒါက ကိုရီးယားဘောလုံးသမားပါကွာ .."

"ဟုတ်ဘူး .. ကိုရီးယားမင်းတား .."

ကျွန်တော်လည်း မောင်ကြည်စန်း စိတ်ကျေနပ်အောင် မောင်ကြည်စန်းဘေးမှာ ခဲတံနဲ့ ပတ်ကျိစန် လို့ ရေးထားရပါတယ်။

"ပတ်ကြည်စန်း .."

မောင်ကြည်စန်း က ရဲရဲဝံ့ဝံ့ ရင့်ကော့ကာ ...

"ရှိပါတယ် ခင်ညှာ့"

အဲဒီလို နာမည်က မောင်ကြည်စန်း တစ်ယောက်တည်း မဟုတ်ပါ ..။

နောက်နေ့ နောက်နေ့တွေမှာ အခုလို ခေါ်ရပါသည်။

ဥပမာ.. မငွေခင် ဆိုရင် ခဲတံနဲ့ ကလေးနာမည်ဘေးမှာ ကလေးမ နှစ်သက်တဲ့နာမည် .. ဥပမာ .. အိန္ဒာငွေခင် ..၊

မောင်လှဖွေး ဆိုရင် လေးဖြူ ..၊





မောင်ဘယ်ကျော် ဆိုရင် ရော်ဘယ်ကျော် အစရှိသည်ပေါ့လေ ..။

သြော် .. သုံးထောင်ရှာဆိုတာ လူကြီးမပြောနဲ့ .. ကလေးတောင် မနိုင်ရေးချ မနိုင်လှတဲ့ရွာ ..၊

ပြောမဆုံးပေါင် တောသုံးထောင် .. ရယ် ..။



www.burmeseclassic.com

www.burmeseclassic.com



"လုံးဝ မအိပ်မိစေနဲ့နော် .."

ဦးတုတ်ဖြူ စကားကြောင့် ...

"စိတ်ချပါ .. တောကြောင် ရှိရင် ဒီကောင် မိုးလင်းတဲ့အထိ မအိပ်စေရဘူး၊ ကဲ .. ဦးလေးလည်း ပြန် .. အရိုးမြ တို့ သားအမိ လည်း ဘဒွေးတို့အိမ်မှာ သွားအိပ် .."

အရိုးမြ က သူ့သား ညိုစမ်း ကို စိတ်မချဟန်နဲ့ကြည့်ကာ...

"ဖြစ်ပါ့မလား တောကြောင် ရယ် .."

"ယုံယုံကြည်ကြည်နဲ့ သွားပါ အရိုးမြ ရယ် .. ဘာမှ မပူနဲ့ .."





"ကဲ .. ကဲ .. စိတ်ချပြီး သွားအိပ် .. တောကြောင် ဆိုရင် ငါ ယုံတယ် မြခင် .."

သူကြီး ဝင်ပြောမှ အရိုးမြ စိတ်မချတချနဲ့ တစ်ဖက်ခြံက သူတို့အိမ်မှာ သွားအိပ်ပါသည်။

"ကဲ .. ငါလည်း ပြန်ဦးမယ် တောကြောင် .. မင်းနဲ့ ဘယ်သူ နေခဲ့မှာလဲ .."

သူကြီး အမေးကြောင့် တောကြောင် က သူ့တပည့်ကျော် တွေကို လက်ညှိုးထိုးပြပြီး ...

"လူစုံတက်စုံ ရှိပါတယ်၊ မိုးလင်းရင် ညိုစမ်း အပျိုဖြန်းလေး လို ဖြစ်စေရမယ် သူကြီး .."

ဆရာလေးက စိတ်မချဟန်နဲ့ ...

"ငါပါ နေပေးရမလား တောကြောင် .."

တောကြောင် ဆရာလေး စကားကြောင့် ...

"ဟာ .. မဖြစ်ဘူး၊ မနက်ကျရင် ဆရာလေးက ကျောင်းသွားရဦးမယ်လေ၊ ကဲ .. တစ်ခါတည်း သူကြီးတို့နဲ့ ပြန်လိုက်သွားလေ .. ညနက်နေပြီ"



www.burmeseclassic.com

www.burmeseclassic.com



တောကြောင် အတင်းပြန်လွှတ်တော့ သူကြီး၊ ဆေးဆရာကြီး ဦးတုတ်ဖြူ နဲ့ ဆရာလေးတို့ ပြန်သွားပါသည်။ အားလုံးပြန်သွားမှ ဂျလောက်ဂျလက် က ...

"ဆရာကြောင် .. ညိုစမ်း အိပ်ချင်နေပြီဗျ"

"လွယ်ပါတယ်ကွာ .. ဖိုးထောင် ဒီကောင့်ကို ပါးစပ်ကို အဝတ်နဲ့ ပိတ်ပြီးချည်ထား .."

"စိတ်ချ ဆရာ ..၊ ကဲ .. မိချက် နဲ့ မိခါ စလိုက်ကြရအောင်"

မိချက် နဲ့ မိခါ ကလည်း ညိုစမ်း ကို ချုပ်သည်။

ဖိုးထောင် က ပါးစပ်ကို ပိတ်စတစ်စနဲ့ အော်လို့ မရအောင် လုပ်သည်။

"ပြီးပြီ ဆရာကြောင် .."

တောကြောင် တဲပြင်ထွက်သွားပြီး ပြန်တက်လာတော့ ဝါးလုံးတစ်လုံး ပါလာသည်။

"ဘာလုပ်မလို့ ဆရာကြောင် .."

"ရိုက်ရမယ်လေ .."

"ဗျာ!..."





အားလုံး မျက်လုံးပြူးကုန်တော့ ဆရာကြောင် က ဆရာပြုံးပြုံးပါသည်။

"ဟော့ကောင်.. ဂျက်မြွေကိုက်ပြီးရင် အိပ်ချင်တယ်ကွ၊ အေး.. အိပ်လိုက်လို့ကတော့ မနိုးတဲ့ သေခြင်းပဲ၊ ဒီတော့ အိပ်မပျော်အောင် ..."

ဂျလောက်ဂျလက် လက်ဖျောက်တီးကာ ...

"တပည့်ကြီး သဘောပေါက်ပြီ .."

"အေး .. သဘောပေါက်ရင် အလှည့်ကျ ဒီကောင့်ကို ဆော်ပလော်တီးကွာ .."

"ဟာ .. စိတ်ချ ဆငေ .."

"ကဲ .. လာပြီ ညိုစမ်း ရေ ..."

"ဖုန်း .."

"ဖုန်း .."

ညိုစမ်း အလုံးကြီးတွေ ပြူးပြူး ထွက်လာပါတယ်။ မျက်လုံး ..၊

တစ်ညလုံး အလှည့်ကျ တဖုန်းဖုန်းနဲ့ရိုက်ရင်း အရက်လေး



www.burmeseclassic.com

တစွပ်စွပ်နဲ့ပေါ့ ..၊ သန်းခေါင်ကျော်လာတော့ အားလုံး ခြေကုန်လက်ပမ်း ကျလာပါတယ်။

“မူးလည်းမူးနေပြီ ဆရာကြောင် .. ရိုက်လည်း မရိုက်နိုင်တော့ဘူး ..”

တောကြောင် အာလေးလျှာလေးနဲ့ ...

“နောက်တစ်နည်း စကြရအောင် ဖိုးထောင် ..”

“အေ့ .. ဘယ်ရိရဲ့ ချရာကြောင် ..”

ဖိုးထောင် ရေချိန်ကိုက်နေပါသည်။

“မီးကင်ရမယ် ..”

ခုတင်ပေါ်က ညိုစမ်း မျက်လုံးပြူးသွားပါသည်။

အိပ်ပျော်ဖို့ နေနေသာသာ တစ်ကိုယ်လုံးလည်း နာကျင်နေသလို လက်ခြေကို ကြိုးတုပ်ထားတာကြောင့် လှုပ်လို့လည်း မရ ..။

“အွတ် .. အစ် ..”

အော်လို့လည်း မရတဲ့ အခြေအနေ ..။

တောကြောင် ရဲ့ ဗျူဟာ ချမှတ်မှုအောက်မှာ သူ့တပည့်





ကျော်တွေက ဒယိမ်းဒယိုင်နဲ့ လှုပ်ရှားနေကြပါသည်။

ညိုစမ်း ကို ခြေနဲ့ခေါင်းကကိုင်ပြီး ခုတင်ပေါ်က ပစ်ချကြပါသည်။

ပြီးတော့ ခုတင်ပျဉ်ခင်းတွေကို ခွာသူက ခွာ .. နောက်တစ်ယောက်က မီးဖိုကြီး ရွှေ့လာပြီး မီးမွှေးကြသူက မီးမွှေးကြပါသည်။

မီးမွှေးပြီးစီးတော့ ...

“ဂျလောက်ဂျလက် အိမ်ရှေ့မှာ ကာထားတဲ့ သံဆန်ခါကို ခွာကွာ ..”

“စိတ်ချ ..”

အမိန့်ပေးသံအဆုံးမှာ တွေ့ရာလက်နက် ကိုင်စွဲပြီး အိမ်ရှေ့မှာ ကာထားတဲ့ သံဆန်ခါကို ခွာကြပါတော့သည်။

“အေး .. ခွာပြီးတဲ့သံဆန်ခါကို ခုတင်ပေါ်တင်လိုက် ..”

“စိတ်ချ .. အေ့ ..”

“ခုတင်အောက်မှာ မီးဖိုကို ထည့် .. ပြီးရင် ခုတင်ပေါ် ညိုစမ်းကို အပျိုဖျန်းဖြစ်အောင် တင်လိုက်ကြ ..”

www.burmeseclassic.com



"စိတ်ချ .. အေ့ .."

စိတ်ချတစ်လုံးနဲ့ ဖိုးထောင် .. ဂျလောက်ဂျလက် ဦးစီးသော တပည့်ကျော်များသည် ညိုစမ်း ကို တင်လိုက်ကြပါသည်။

ညိုစမ်း ထွန့်ထွန့်ကို လူးနေပါသည်။

တောကြောင် ထွန့်ထွန့်လူးနေတဲ့ ညိုစမ်း ကို ကြည့်ပြီ အောင်မြင်ခြင်းအခမ်းအနားအနေနဲ့ ဖိုးထောင် ပံ့ပေးတဲ့ အရက် ခွက်ကို စိမ်ပြေနပြေ သောက်လိုက်ရင်း ...

"တွေ့လား .. တီကို ဆားနဲ့တို့နေသလိုပဲ ..၊ ထွန့်ထွန့်ကိုလူး နေတာ .. မနက်အထိ ဒီကောင် အိပ်လို့ပျော်မှာ မဟုတ်ဘူး .."

အားလုံး တဟားဟားနဲ့ရယ်ရင်း အရက်သောက်လိုက်ကြ မီးထပ်ဖြည့်လိုက်ကြနဲ့ မီးလင်းခါနီးတော့ အားလုံး အိပ်ပျော်သွား ကြပါသည်။

ညိုစမ်း က လွဲရင်ပေါ့ ..။

မနက်မိုးလင်းလို့ အရိုးမြ လာတဲ့အချိန် ခုတင်ပေါ်မှာ လှု တောင် မလှုပ်နိုင်တော့တဲ့ ညိုစမ်း ရဲ့ ကမ္ဗွာန်းရုပ်ကို ကြ ကာ ...





"အောင်မလေး တောကြောင်ရဲ့ .. ငါ့သား ညိုစမ်း တော့ အိပ်လို့ မပျော်သွားပေမယ့် ဆေးရုံပို့ရမယ့်ကိန်းဟဲ့ .."

တကယ်လည်း ဟုတ်ပါသည်။

သူကြီးနဲ့ ဆရာလေး ဦးဆောင်ပြီး နီးရာ တိုက်နယ်ဆေးရုံကို ညိုစမ်း ကို တင်လိုက်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**တော**ကြောင် နှင့် သူ၏တပည့်များ လက်ချက်ကြော
ညိုစမ်း ခမျာ ဂျက်မြွေကိုက်သည့်ဘေးမှ လွတ်မြောက်လာ
သော်လည်း နောက်နေ့မနက် မိုးလင်းတော့ ညိုစမ်း စာစ်ယော
ငရဲမှ ဗီဇာနှင့် ပြန်လာခွင့်ရရှိသူလို မျော့မျော့လေးသာ ကျန်
တော့သည်။

"အမလေး အရပ်ကတို့ရဲ့ ကြည့်ကြစမ်းပါဦး ..၊ တော
ကြောင် .. နှင် ဂျပန်ခေတ်က ကင်ပေတိုင်သင်တန်းကို ဆရာဖြ
လက်မှတ် ရပြီး အောင်လာသလား တောကြောင် ရဲ့ .."

အရီးမြ ရဲ့ ကြုံးကြုံးဝါးဝါး အော်ဟိုသံကြောင့် တောကြော
နဲ့ သူ၏တပည့်များ တစ်ချိုးတည်း အိမ်ပေါ်က ဆင်းပြေးရ
အထိပါ။





တောကြောင် ရဲ့ဗျူဟာမြောက် အတွေးအခေါ် ဆန်းသစ်မှု
တွေကြောင့် တောကြောင် ဘကြီး ဦးဗရမ်း ကိုယ်တိုင် အရီးမြ
ကို တောင်းတောင်းပန်ပန် ခခယယ တောင်းပန်ရလေသတည်း။

ဒီလိုဒီလို အဖြစ်ဆန်းတွေကြောင့် ဦးဗရမ်း စဉ်းစားခန်း ဖွင့်
ပါတော့တယ်။ ဒသဃဂီရိခေါင်းအထက်က ဗြဟ္မာဦးခေါင်းလို
တောကြောင် ကို ဘယ်လိုဘယ်လိုထိန်းသိမ်းရမလဲ အကြံကြီး
ကြံပါတော့သည်။

ရန်ကုန်ကိုပို့ပြီး ငြိမ်ဝပ်ပိပြား သိမ်မွေ့ရေးသင်တန်းရှိရင်
အကူအညီတောင်းခံပါရဲ့ ..၊

ဒါမှမဟုတ် သင်္ကန်းစည်းပေးရင်ရော .. အဲဒီလို ဆိုတော့
လည်း (ရွာဦးကျောင်းက ဆရာတော်ကို အားနာပါရဲ့) တော်ကြာ
သူ့ကျောင်းက ကိုယ်တော်တွေ ကိုရင်တွေ တောကြောင် လက်
ချက်ကြောင့် သိက္ခာဘယ်လိုထပ်ထပ် ထပ်လို့ရမယ် မထင်အောင်
ဒီကောင်က လုပ်ချင်လုပ်မှာ ..။ နောက်ဆုံး ကြံရာမရတော့
ဆရာလေး မောင်ရင် ကို တိုင်ပင်ရပါသည်။

"ဆရာလေး ကျုပ် ဒီကောင်ကို ဘယ်လိုလုပ်ရမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဦးလေး ဦးဗရမ်း စကားကြောင့် ဆရာလေး မောင်ရင်
ဦးလေး ငေးကြည့်နေရာကို လှမ်းကြည့်ပြီး ...

"ဩော် .. ဦးလေးရယ် .. ဦးလေး နဂိုတွေးထားတဲ့အတိုင်း
သင်းပလိုက်ပေါ့ .."

"အမ်!..."

ဦးလေးဗရမ်း ကြောင်တောင်တောင်နဲ့ 'အမ် ..' တော
မောင်ရင် က ...

"ဟင် .. ဘာဖြစ်လို့လဲ ဦးလေး .."

"ဆရာလေးက ဘာကို ပြောတာလဲ .."

မောင်ရင် ကြောင်တောင်တောင်နဲ့ ခြံထောင့်က နွားနီကြီးကို
လက်ညှိုးထိုးပြပြီး ...

"ဟိုကောင်ကြီးကို ပြောတာ မဟုတ်ဘူးလား .."

ဆရာဖြစ်သလောက် အထူအပါး(ရေမုန့်နဲ့ဘိန်းမုန့်)ကို မ
ခြားတတ်တဲ့ ဆရာလေး မောင်ရင် ကြောင့် ဦးဗရမ်း မျက်နှာကြီး
က ရှုံ့ကာ ...

"သေလိုက်ပါတော့ဗျာ .."





"ဟာ .. ခိုင်းလို့ ရပါသေးတယ်၊ မသတ်ပါနဲ့ဦး .."

ဦးဗရမ်း တဗျင်းဗျင်း ခေါင်းကုတ်ရင်း ...

"တော် .. တော်ပါတော့ ဆရာသမားလေးရယ် .. ကျုပ်
ပြောတာက ထိန်းမရသိမ်းမရတဲ့ ကျုပ်တူ တောကြောင်ကို ဘယ်
လို ထိန်းသိမ်းရမလဲ ..၊ အကြံဉာဏ်လေးပေးဖို့ ပြောတာ .."

အဲဒီအခါကျမှ ရည်ရွယ်ချက်ကို သဘောပေါက်လာတဲ့ မြန်
မာရုပ်ရှင်ကားထဲက လူကြမ်းလို နှုတ်ခမ်းလေး မဲ့ပြုံးပြုံးရင်း
ခေါင်းတဆတ်ဆတ် ညိတ်ကာ ...

"ဟင်း .. ဟင်း .. ဟင်း .. ဟင်း ..."

ဆရာလေး အပြုံးနဲ့ သရုပ်ဖော်မှုကြောင့် ဦးဗရမ်း အားတက်
သွားပါသည်။

"ဘယ်လို အစီအစဉ်လဲ ဆရာလေး .."

"လွယ်ပါတယ် ဦးလေးရယ် .. နှစ်ချက်ပဲ ကြိုးစားကြည့်..၊
တစ်အချက်က တောကြောင် ကို စကားပုံထဲကအတိုင်း တောမီး
လောင် တောကြောင် လက်ခမောင်းခတ်တဲ့ ..၊ အဲဒီစကားအတိုင်း
တောကြောင် ဆိုတဲ့ကောင် လက်ခမောင်းပြန်ဖြစ်ဖို့ အားကျ...



www.burmeseclassic.com

www.burmeseclassic.com



နည်းဖြစ်တဲ့ လက်ဖွေ့လောကထဲကို သွင်းဖို့ ကြိုးစား ..၊ ဒါဆိုရ
သူ့အလုပ်နဲ့သူ ရှုပ်ပြီး သူ တစ်ရွာလုံးကိုပတ်ပြီး ဒုက္ခမပေးနိုင်
တော့ဘူး .."

ဦးဗရမ်း စဉ်းစားပါတော့သည်။

"ဖြစ်ပါ့မလား ဆရာလေးရယ် .. တောကြောင် ဆိုတဲ့ ကျ
တူက ဖြုဖြုနွဲ့နွဲ့ရယ် .."

"ဟ .. ဘာလို့ မဖြစ်နိုင်ရမှာလဲ ..၊ ဦးလေးရယ် ရွာတော
ပိုင်းက နှုတ်ခမ်းမွေးနဲ့ ကျားကျားလျားလျား ဆင်ပေါက် တော
အခြောက် ဖြစ်နေသေးတာပဲ .."

ဆရာလေး စကားကြောင့် ဦးဗရမ်း လက်ဖျောက်တစ်ချ
တီးလိုက်ပြီး ...

"ဟုတ်တယ် .. ဒီကောင်ကို ဒီနည်းနဲ့ စည်းရုံးရမယ်"

ဦးဗရမ်း ဆရာလေးကို ကျေးဇူး အထူးတန်းကနေ တင်သွ
ပါသည်။ ဒါကြောင့်လည်း ဆရာလေးက ဆရာလေးဖြစ်တာ
ဆိုတာ အခုမှ သဘောပေါက်လာခဲ့ပါသည်။





"လက်ခမောင်း .."

ထူးထူးနဲ့ဆန်းဆန်း ဦးလေးဗရမ်း ရဲ့ သူ့နာမည်ကို ခေါ်တာ
ကြောင့် တောကြောင် ပြုံးစိစိနဲ့ ...

"ဗျာ .."

ဦးဗရမ်း တူဖြစ်သူရဲ့ အပြောင်အနောက်ကြောင့် နှုတ်
ခမ်းမွေး ကော့ကော့ကြီးကို ကော့သွားမတတ် နှုတ်ခမ်းစေ့ပြ
ရင်း...

"ဟေ့ကောင် .. ပြောင်သလိုလို နောက်သလိုလို လုပ်မနေ
နဲ့ ..၊ ငါ စကားအကောင်း ပြောမလို့ .."



www.burmeseclassic.com

www.burmeseclassic.com



"သြော် ... အရင်ကပြောခဲ့တဲ့စကားတွေက အကောင်း မဟုတ်ဘူးပေါ့၊ အင်း .. မှသားစကားတွေ .. သြော် .. အဘ .. အဘ ..."

"တော .. ကြောင် ..."

ဟိန်းထွက်လာတဲ့အသံနဲ့ သူ့နာမည်ခေါ်သံကြောင့် တောကြောင် စပ်ဖြဲဖြဲနဲ့ ...

"အခုမှပဲ ပုံမှန်အနေအထား ပြန်ရောက်တော့တယ် .."

"ကဲ .. အဲဒါတွေ အသာထား .."

"ဘယ်ဟာတွေလဲ ဦးလေး၊ ကျွန်တော် ဘာမှ မ,မထားပါဘူး"

ဦးဗရမ်း အတော် စိတ်ညစ်သွားပါသည်။

"ကဲ .. မင်းကို ရှင်းရှင်းပဲပြောမယ် .."

"ကဲပါ .. အဘရယ် .. ပြောမယ့်အရေး ပြောပါတော့ .."

တောကြောင် ဝေ့လည်ကြောင်ပတ်လုပ်နေတဲ့ အဘကြောင့် တောကြောင် စိတ်မရှည်စွာ ပြောမိပါသည်။

အဘက သူ့ရှေ့မှာ ခေါက်တုံ့ခေါက်ပြန် လမ်းသလားပြနေ





ပါသည်။

ပုံစံက လေးလေးနက်နက် ပြောတော့မယ်ပေါ့ ..။

"အဘ ထိုင်ပြီး ပြောလို့မရဘူးလား ..၊ ကျွန်တော် အဘကို ကြည့်ပြီး ခေါင်းမူးလာပြီ .."

တောကြောင် စကားကြောင့် ဦးဗရမ်း တောကြောင် ကို တုရှိုး ရှိုးပြီး တောကြောင် ဘေးမှာ ဝင်ထိုင်ပါသည်။

"မင်း မိန်းမယူတော့ .."

ဆိုင်းမပါဗုံမပါ စကားကြောင့် တောကြောင် မျက်လုံးပြူးမိ ရှင်း ...

"ယူတာတော့ ဟုတ်ပါပြီ ..၊ ဘယ်မှာ သွားထားရမှာလဲ.."

"ထားချင်တဲ့နေရာ ထားကွာ .."

ဦးဗရမ်း ဒီကောင့်အကြောင်းကို သိသူမို့ ဖွတ်ပဲပြောမိသည်။

တောကြောင် က အလေးအနက် စဉ်းစားဟန်နဲ့ ...

"ကဲ .. ထားပါပြီတဲ့၊ သူ့ကို ဘာလုပ်ရမှာလဲ .."

"ပေါ့ကောင် .."

ဦးဗရမ်း မျက်လုံးအပြူးသားနဲ့ပြောတော့ တောကြောင်



www.burmeseclassic.com

www.burmeseclassic.com



"ဟော့ကောင် တော် ..တော်၊ မင်း ယူမလား .. မယူဖူးလား"

"အဟီး .. အဆင်ပြေရင် အဘ နှစ်ယောက်လုံးကို ယူလိုက်ပါလား"

"ငါ .."

ဦးဗရမ်း အနီးအနားက ဆေးလိပ်ပြာခွက် ကောက်ကိုင်တော့ ဟို သကောင့်သားက တချိုးတည်း ပြေးပါတော့သည်။







✍ အပင်ပေါ် တောလည်းမဟုတ်

အမွေးထောင် ကြောင်လည်းမဟုတ်

မုတ်ဆိတ်





www.burmeseclassic.com

www.burmeseclassic.com



**တော**ကြောင် စမ်းချောင်းလေးရဲ့အနီးနားက ကျောက်တုံးကြီး တစ်တုံးပေါ်မှာ ခြေပစ်လက်ပစ်ထိုင်ပြီး ပတ်ဝန်းကျင်ကို ငေးမော ကြည့်မိပါသည်။

တပည့်ကျော်တွေဖြစ်တဲ့ မိချက် နဲ့ မိခါ ကို့ရဲ့ အပျိုမဒမ်းသောက်ရမ်းလန်းဆိုတဲ့ ဆေးညွှန်းကို ဆေးသမားကြီး ဦးတုတ်ဖြူကတစ်ဆင့် ရရှိပြီး သူတို့လန်းဖို့အတွက် တောကြောင် အဖော်လိုက်ခဲ့ရခြင်း ဖြစ်သည်။

ဒီရောက်တော့ တောကြောင် က အေးအေးလူလူ ဒီမှာအခုလို နေကျန်ရစ်ခဲ့ပါတယ်။ အဲဒါတောင် မိခါ က စကားနာထိုးပါသေးတယ်။





"တောကြောင် ဖြစ်ပြီး တောမတိုးချင်ဘူးတဲ့"

ကျွန်တော် ဆဲတော့မှ ဆက်ကော့လက်ကော့နဲ့ တောထဲကို ဖင်ကော့ ဝင်သွားခဲ့ပါတယ်။

တောကြောင် ပတ်ဝန်းကျင်ကို ငေးမော့ လေ့လာခဲ့ပါတယ်။ သဘာဝတရားက သူ တပ်မက်မောခဲ့တဲ့ မြို့ပြယဉ်ကျေးမှုလို ပူလောင် ဆူညံမှုတွေ မပါ။

တောတောင်ရေမြေတွေက သူနှစ်သက်တဲ့ ပန်းတို့ ဒီဂျေတို့လို ဆူညံတက်ကြွမနေ ..၊ ဣန္ဒြေရှင်တစ်ယောက်လို ပိပိရိရိ ..။

ဟောကြည့် .. တငြိမ်ငြိမ်နဲ့ အေးချမ်းတဲ့ဂီတအသံနဲ့ ဒီစမ်းချောင်းလေးကရော ဆံပင်ကို ဆိုးဆေးတင်ထားတဲ့ မြို့ပြ အပျိုမလို မဟုတ် ..၊ သနပ်ခါးပါးကွက်ကျားနဲ့ ရေခပ်ဆင်းတဲ့ တောသူမလေးလို ..။

ကိုယ့်အတွေးနဲ့ကိုယ် တောကြောင် ပြုံးမိပါသည်။ သူပြုံးနေရင်း ရေစီးထဲက အရာတစ်ခု မျောလာတာကို လှမ်းမြင်လိုက်ပါတယ်။

စူးစမ်းစိတ်က အားကောင်းခဲ့သည် ထင်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ ကျောက်တုံးပေါ်က ခုန်ချပြီး စမ်းချောင်းရဲ့အလယ်မှာ ရပ်လိုက်ပါတယ်။ ရေစီးထဲက မျောလာတဲ့အရာကို လှမ်းတား သူ ကြိုးစားဖို့ ကြံရွယ်လိုက်ပါတယ်။

ဒါပေမယ့် ကံတရားတွေက သူ့ကို ကူညီဖို့ ကြံရွယ်နေသည် လား မသိ ..။

သူ့ဆီကိုမရောက်ခင် လက်တစ်ကမ်းသာသာမှာ အဲဒီအရာ က ရေပေါ် မသိတသိ စွန်းထွက်နေတဲ့ ကျောက်တုံးငယ်နှစ် ကြားမှာ ကပ်ရှိနေပါတယ်။

တောကြောင် လှမ်းယူကြည့်လိုက်ပါတယ်။

ဖျတ်ခနဲ စူးရှတဲ့အလင်းတန်းကြောင့် ချက်ချင်း မျက်ဝန်း မှိတ်မိသည်။

ဒါပေမယ့် အဲဒီ ရှတတအလင်းတန်းဟာ ပြင်ပမှ မဟုတ် သူ့အတွင်းစိတ်ဓာတ်ကိုပါ ဘယ်လိုမှ ခံစားလို့မရနိုင်တဲ့ ရင်ဘတ် တစ်ခုထဲက လှုပ်ရှားမှုတွေကြောင့် ဘယ်ဘက်ရင်အုံကို ညာဘ လက်နဲ့ အုပ်မိုးမိပါတယ်။

အဲဒါ ဘာဖြစ်တာလဲ ..၊





သူ့ကိုယ်သူ မေးမိသည်။

ပြီးတော့ မျက်ဝန်းကို အသာ ဖြည်းဖြည်းချင်း ပြန်ဖွင့်မိပါတယ်။

လှလိုက်တာ .. တောကြောင် လက်ထဲက တောကြောင်မလေးရဲ့ဓာတ်ပုံ ..၊

ပြုံးနေလိုက်တာ .. ဓာတ်ပုံထဲက ခုန်ထွက်မတတ် သူ့ကို ဆွဲဆောင်နိုင်လွန်းပါတယ်။

ဒါ ဆရာဖိုး ပြောပြတဲ့ လင်္ကာဒီပချစ်သူထဲက မယ်သီတာနဲ့ တွေ့ဆုံခန်းလိုလား ..၊ ဒါဆို သူဟာ အချစ်သူရဲကောင်းကြီး။

ဘီလူးတစ်ကောင်လို ကြမ်းတမ်းတဲ့ ဒသ တောကြောင် ပေါ့ ..။

လင်္ကာသုံးထောင်တို့ရဲ့ အရှင်သခင် တောင်ဆယ်လုံး မဟုတ်ပေမယ့် သုံးတောင်တိတိရှိတဲ့ အဘရဲ့ထမ်းတောက ထန်းရည်တွေကို အောက်ကနေ လေးခွနဲ့ ပစ်ချက်မလွဲ ပစ်ခတ်နိုင်တဲ့ ခွပစ်ရှင် ..။

တောကြောင် ဓာတ်ပုံရဲ့နောက်ကျောကို လှန်ကြည့်မိပါ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ဓာတ်ပုံရဲ့နောက်ကျောမှာ အခုလို ရေးသားထားပါသည်။

မျောက်မနိုင်ရွာတွင် ကျင်းပမည့် ဂျေချို ရဲ့မွေးနေ့ပွဲသို့ ဤဓာတ်ပုံဖိတ်စာနှင့်တကွ ကြွရောက်ပါရန် ..။

"ဂျေချို .."

သူ ခပ်တိုးတိုး ရေရွတ်မိပါသည်။

လှပတဲ့နာမည် .. ဂျေချို ဆိုတာ သမင်ချိုတို့ .. ဒရယ်ချိုတို့လိုလား ..။

အို .. ထားစမ်းပါ.. သူ ကမန်းကတန်း ဆက်ဖတ်မိပါသည်။

"ကျင်းပမည့်နေရာ ရွာလူကြီး ဦးစန်းအောင် ရဲ့ခြံဝန်း ဆီအိုးနား တဲပုတ် .. ဟင်!..."

ရွာလူကြီး ဦးစန်းအောင် ဆိုပါလား ..၊ တောကြောင် မျက်နှစ်ဖက်မြင့် တက်သွားပါသည်။ ဒါဆို သူ့ရန်သူတော် ထန်းထန်းစန်းနိုင်ရဲ့ အိမ်တော်ပေါ့။

တောကြောင် ရင်ကော့မိပါသည်။ တောကြောင် ရန်သူနယ်မြေကို ခြေချရတော့မှာပေါ့။





"ဆရာကြောင် ဘာတွေ တွေးနေတာလဲ .."

"အေးလေ .. လက်ထဲက ဘာလဲ .. ပြစမ်း .."

မိခါ နဲ့ မိချက် က ဘာမပြောညာမပြောနဲ့ သူ့လက်ထဲက ဓာတ်ပုံကို လှမ်းယူပြီး ကြည့်ကြပါသည်။

"အလို .. အရှင်ဘုရား"

"အို .. ဂေါ့ (သို့မဟုတ်) ဘုရား .."

အသီးသီး အာမေဋိတ်သံတွေ လွင့်စဉ်ကျလာကြရင်း ပြန်မကောက်မိကြ ..။

ပြီးတော့ ဓာတ်ပုံနောက်ကျောက စာသားတွေ ..၊ သူတို့နှစ်ယောက် အဲဒီစာသားတွေကို မြင်ပြီး အလန့်တကြားနဲ့ သူတို့ဆရာ .. ဆရာကြောင် ကို မော့ကြည့်မိပါသည်။

"ဆ .. ရာ .. ကြောင် .."

"အေး .. အဲဒီကို ငါ အရောက်သွားမယ် .."

တိကျပြတ်သားတဲ့ တောကြောင် စကားကြောင့် ...

"ဟာ .. မဟုတ်ဘူး .."

"မလုပ်ပါနဲ့ .."



www.burmeseclassic.com

www.burmeseclassic.com



တောကြောင် ခေါင်းကို ဖြည်းညင်းစွာ ရမ်းပြရင်း ...

"လက်ာဒီပဘုရင် အိုစမာဘင်လာဒင် တောင် ..."

"ဒသဃဂီရိပါ ဆရာရယ် .."

"အေးပါ .. ငါ သိပါတယ်၊ လျှာမရှည်စမ်းပါနဲ့ .."

မိခါ နဲ့ မိချက် က နောက်ကွယ်ကနေ နှုတ်ခမ်းတွန့်ကွေး ပြကြပါသည်။ နောက်ကွယ်မို့လို့ လုပ်ရဲတာပါ ..။

"အေး .. အဲဒီဘုရင်လို .. ငါလည်း စစ်ရထားနဲ့ ရန်သူနယ်မြေကို ရဲရဲဝံ့ဝံ့ သွားရဲရမှာပေါ့ .."

"ဒါနဲ့ ဆရာကြောင် ရဲ့ စစ်ရထားက .."

"ဟင်း .. ဟင်း .. ဖိုးထောင် ရဲ့လှည်းပေါ့ကွာ .."

"အို .. ဂေါ့ (သို့မဟုတ်) ဘုရား"

ဟိုနှစ်ကောင် ပါးစပ်အဟောင်းသား တောကြောင်ကတော့ လက်ခမောင်းစခတ်ပါပြီ။





"အေးချို ရာ .."

"ကိုထမ်း .."

အေးချို အားရပါးရ ကျူးအော်တော့ ထန်းထန်းစန်းနိုင် ခေါင်းလေးကုတ်ရင်း သွားလေးဖြဲကာ ...

"ဟဲ .. ဟဲ .. မေ့သွားလို့ပါ .. ဂျေချို ရယ် .."

ထန်းထန်းစန်းနိုင် စကားကြောင့် အေးချို တစ်ဖြစ် ဂျေချို သူ့အစ်ကိုဖြစ်သူကို မျက်စောင်းထိုးပါသည်။

မြို့ကို နှစ်နှစ်လောက် တက်ပြီး ကျောင်းထားခဲ့ပေမယ့် ဆယ်တန်းကို ထပ်ခနမ်မတက်နိုင်ဘဲ ထပ်ကာထပ်ကာ ပြုတ်ကျလွန်းတာကြောင့် အဖေက ဂုဏ်ယူဝံ့ကြွားစွာနဲ့ သူ့သမီးဖြစ်သူကို ရွာကို ပြန်ခေါ်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒါပေမယ့် ဆယ်တန်းပညာအကိတော့ ပါမလာ ..၊ ပါလာတာက မြို့ရဲ့ယဉ်ကျေးမှုကို သက်စွန့်ဆံဖျား ခေါ်လာခဲ့ပါသည်။

ရွာကလူတွေကလည်း ဂျေချို ရဲ့ အပြင်အဆင် အပြောအဆို နေပုံထိုင်ပုံတွေကို အထင်တွေစွပ်ကြီးကာ တစ်ရွာလုံး အရူး အမဲ သား ကျွေးထားသလိုပါပဲ။ ဟိုစကားပုံလိုပေါ့ ..၊ ဆက်ရက် တောင်ပံကျိုးနဲ့ ကြောင်ခံတွင်းပျက် ဆိုတဲ့ စကားအတိုင်းပေါ့..။

အခုလည်း ကြည့် .. ဘာစိတ်ကူးပေါက်သွားသည် မသိ..။ သူမ ခြတ်ပုံနောက်ကျောမှာ သူမ မွေးနေ့ဖိတ်စာကို ရေးပြီး ရွာနောက်ပိုင်းက ရွာမလှမ်းမကမ်းက စမ်းချောင်းမှာ မျောလိုက် ပြန်ပါသည်။ ထန်းထန်းစန်းနိုင် မေးကြည့်တော့ ...

"ကိုယ် .. ဘာသိလို့လဲ ..၊ ဟိုဓာတ်တော်ထဲက ဟိုဘီလူး နာမည်သုံးလုံးနဲ့ .."

"ဗေလုဝ .. လား .."

ထန်းထန်းစန်းနိုင် စကားကြောင့် ဂျေချို မျက်နှာကြီး ရှုံ့မဲ့ ပြီး ...

"ဘယ်ကလာ .. ရာဝဏကို ပြောတာ .. ရာဝဏ က ပန်းချီ





ရေးဆွဲထားတဲ့ မယ်သီတာပုံလွှာ ဖိတ်စာကို ရ .. ဖာရာရိုပြိုင်ကား စီးပြီး .."

"ဟဲ့ .. စစ်မြင်းရထားပါ .."

"ဟုတ်ပါတယ် ..၊ အဲဒီလိုမြန်တာကို တင်စားတာ .."

တင်စားတာတွေ .. ကြော်စားတာတွေ ပြောနေတဲ့ ဂျေချို ကြောင့် ထန်းထန်းစန်းနိုင် ခေါင်းကုတ်မိရင်း ...

"ဟဲ့ .. ဂျေချို .. နင် အဲဒီစမ်းချောင်းက မျောတော့ ဟို .. ပုံမကျပန်းမကျကောင်တွေ နေတဲ့ .. သုံးတောင်ရွာပဲ၊ ရောက်မှ ပေါ့ .. အဲဒါလည်း ရောက်ခါနီးမှ လမ်းမှာ ကျောက်တုံးတွေနဲ့ ငြိပြီး တင်ရင်လည်း တင်နိုင်တာပဲ .."

ဂျေချို က ယုံကြည်မှုအပြည့်နဲ့ ခေါင်းခါကာ ...

"နိုး .. နိုး .. မဖြစ်နိုင်ဘူး အစ်ကိုထရ .."

"ဘာလဲဟ .. အစ်ကိုထရ .."

ထန်းထန်းစန်းနိုင် နားမလည်ဟန်နဲ့ မေးတော့ ဂျေချို က ဆရာကြီးလေးသံနဲ့ ...

"ထရ ဆိုတာ အမှန်လေ ..၊ အမှန်ဆိုတော့ တော်လိုပေါ့၊



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတော်ပေါ့ ..”

ထန်းထန်းစန်းနိုင် ဂျေချို ရဲ့ဝေါဟာရကြောင့် သူ ခေတ်နောက်ကျ အများကြီး ကျန်ခဲ့ပြီဆိုတာ နားလည်လိုက်ရပါသည်။

“ကဲ .. ထားပါ၊ အစ်ကိုထရုနဲ့ စကားပြောရတာ ကိုယ့်ဗဟုနဲ့ သုတတောင် ပြန်ဝေ့နေရတယ်၊ ရွာထဲ သွားဦးမယ် ..”

ဂျေချိုက မိန်းမပီပီ လေးလေတချွန်ချွန်နဲ့ ခေါင်းလေး လှုပ်တိလှုပ်တိနဲ့ ထွက်ခွာသွားပါသည်။

“ဟိုကောင် .. မောင်စန်း .. မင်းညီမရော ..”

အဖေက အိမ်ပေါ်ကနေ ဆင်းလာရင်း မေးတာကြောင့် သူ ကမန်းကတန်း ဖြေရပါသည်။

“ဟိုမှာလေ..ရွာထဲသွားပြီလေ”

အဖေက သူထိုင်နေတဲ့ ကွပ်ပျစ်ပေါ် လှမ်းတက်ထိုင်ပြီး ...

“တစ်နေ့တစ်နေ့ အိမ်အလုပ်တွေ ဝိုင်းမကူဘဲ ရွာထဲ တစ်အိမ်တက် တစ်အိမ်ဆင်း အရည်မရ အဖတ်မရ စကားတွေ ပြောနေတဲ့ မင်းညီမကြောင့်လည်း ခက်ပါတယ် ..”

“လွှတ်ထားလိုက်ပါ အဖေရာ .. ဒါနဲ့ အဖေ ရွာနီးစပ်ကရွာ





တွေက သူဌေးတွေကို ဖိတ်ထားတယ်ဆို ..”

ထန်းထန်းစန်းနိုင် စကားကြောင့် အဖေက ပြုံးသည်။

အဖေ အခုလို ငါးရှူစဉ်းကော အပြုံးမျိုး ပြုံးပြီဆို အကြံအစည် တစ်ခုခုရှိမှန်း ထန်းထန်းစန်းနိုင် သိသည်။

“အင်း .. သူဌေးတွေကို ဖိတ်တာ မဟုတ်ဘူးကွ .. သူဌေးတွေရဲ့သား .. သူဌေးသားတွေကို ဖိတ်တာ ..”

“ဗျာ!... ဘယ်လို ..”

ထန်းထန်းစန်းနိုင် နားမလည်တာကြောင့် မေးမိတော့ ဖခင်ဘုရင် .. အဲလေ ဖခင်မျာလူကြီးမှာ ဤသို့ဆို၏။

“မောင်စန်း .. မင်းလည်း သိတဲ့အတိုင်းပဲလေ၊ ငါ့သမီးလို ဆယ်တန်းကို သုံးနှစ်ဆက်တိုက်ကျတဲ့ ပညာအရည်အချင်းမျိုး ဒီအနီးအနားကရွာတွေမှာ ရှိလို့လား ..၊ အများဆုံး လေးငါးတန်းဆို ကျောင်းကထွက်ကြပြီလေ၊ ဒီတော့ ငါ့သမီးလို ပညာအရည်အချင်းမျိုးနဲ့ လိုက်ဖက်မယ့် သတို့သားကို ရွေးချယ်ဖို့ အခုလို မွေးနေ့ပွဲကို ကျင်းပရတာပဲ ငါ့သား ..”

“ဩော် .. ဒီလိုလား ..”



www.burmeseclassic.com

www.burmeseclassic.com



"အေး .. ဒီလိုပဲ .."

ဦးစန်းအောင် ပြုံးပြုံးကြီး ဖြေလိုက်ပါသည်။

မှုန်နေအောင်လှတဲ့ သူ့သမီး ဆယ်တန်းကြီး သုံးခါ ဆက်တိုက်ကျတဲ့ သူ့သမီး အေးချို အတွက် ဖခင်ပီပီ သူ ဂုဏ်ယူဝံ့ကြွားစွာ ဒီပွဲကြီးကို စီစဉ်လိုက်ခြင်း ဖြစ်ပါသည်။





ဝံ့ကြွားလှတဲ့ စစ်မြင်းရထား.. အဲ .. စစ်နွားရထားကို ကြည့်ကာ တောကြောင် အကျေနပ်ကြီး ကျေနပ်နေပါသည်။

"အရမ်းမိုက်တယ် .. အရမ်းခိုက်တယ်.."

တောကြောင် ရဲ့ချီးကျူးသံကြောင့် တပည့်ကျော် ဖိုးထောင် တဟဲဟဲနဲ့ သဘောတွေ ကျနေပါသည်။

ဒီစစ်နွားရထားကို သူတို့ ရွာအပြင်က သူ့ဘကြီး ဦးဗရမ်းရဲ့ လယ်တောထဲက တဲကုပ်ထဲမှာ ပြင်ဆင်မွမ်းမံနေတာ နှစ်ရက်တာ ရှိခဲ့ပါသည်။

လှည်းကိုယ်ထည် မပါတော့ဘဲ လှည်းဘီးနဲ့ ဝန်ရိုးပေါ်မှာ ခြေချရုံသာသာလောက်သာ ခင်းထားပြီး ဘေးနှစ်ဖက်မှာ ရှာ



www.burmeseclassic.com

www.burmeseclassic.com



နောက်ပိုင်းက ဓာတ်ဆရာ စိန်ချက်ကြီး ဆီကငှားထားတဲ့ ကနုတ်ဖော်ပြီး ပျိုးပျိုးလက်လက်တွေ ကပ်ထားတဲ့ အကာအရံနှစ်ခုကို ကပ်သည်။

ပြီးတော့ ဖိုးထောင် ရဲ့လုံးပြည့်ခိုင် နွားနှစ်ကောင်ကို ဆိုးဆေးတွေနဲ့ ပြောက်ကျားပုံ ဖော်ထားသည်။

အိုကေ ..၊

"လက်နက်တွေရော ပြည့်စုံရဲ့လား မိချက် .."

"အသင့်ဖြစ်ကြောင်းပါ အရှင်မြတ်မင်း .. အဲလေ .. အရှင်မင်းမြတ်"

တောကြောင် လှည်းပေါ်တက်ပြီး လက်နက်တွေကို စစ်သည်။

ဘယ်ဘက်လှည်းဦးရဲ့ ဘေးဘက်ထိပ်မှာ ကျွဲချိုလေးခွကို ချိတ်ဆွဲထားပြီး ဝါးခွက်ထဲမှာ လောက်စာလုံးအပြည့် ..၊ ညာဘက်ကို ကြည့်လိုက်တော့ အိုကေပေါ့။

"ဆရာကြောင် ကျွန်တော်မျိုးမတို့ပါ လိုက်သင့်ကြောင်းပါဖလ .."





ဓာတ်သံဓာတ်ဟန်နဲ့ပြောတော့ တောကြောင် ခေါင်းခါသည်။

"မင်းတို့ မလိုက်နဲ့ .. အဖော်ဆိုတာ တစ်နေရာပဲ ကောင်းတယ်"

"ဘာ .. ဘာကိုလဲဟင် .."

"ထန်းရည်သောက်ချိန်ကို ပြောပါတယ် ..၊ တော်ကြာအဖော်ပါလာရင် စတော်ဘယ်ရီ ဘဲလေး တောကြောင် ဆိုတာတစ်ယောက်တည်း လာရမှာကြောက်လို့ ထင်ကုန်မှာပေါ့ .."

ဖိုးထောင် က သူ့ဆရာရဲ့ တဏှာစိတ်နဲ့ မိုက်မဲရာလမ်းကို ဆိုင်းမဆင့်ဗုံမဆင့် သွားမည့်ပုံကြောင့် ...

"မဟုတ်သေးဘူး ဆရာကြောင် .. မြင့်မြတ်သူတို့ နှလုံးသားဆိုတာ အခြွေအရံနဲ့မှ ပြည့်စုံမယ်လေ .."

"ဟင့်အင်း .. မလိုက်နဲ့ဆို မလိုက်နဲ့ ..၊ ဟဲ့ ဟိုဟာမနှစ်ယောက် .."

"ရက်စ် .. ဆရာကြောင် .."

"ငါ မှာထားတဲ့ ဝတ်စုံတွေရော အဆင်သင့်ဖြစ်ပြီလား.."



www.burmeseclassic.com

www.burmeseclassic.com



"အိုကေ .. အသင့် .."

"ဘယ်မှာလဲ .."

"တဲထဲမှာ ဆရာကြောင် .."

မိခါ ညွှန်ပြတဲ့ တဲထဲကို တောကြောင် နဲ့ သူ၏အဖော်များ လျှောက်လာခဲ့ပါသည်။

တဲထဲမှာ တောကြောင် အတွက် အသင့်စီမံထားတဲ့ဝတ်စုံက ခန့်ခန့်ညားညားကြီး ချိတ်ဆွဲထားပါသည်။

တောကြောင် ဝတ်စုံကို နှစ်သက်မြတ်နိုးဟန်နဲ့ ကြည့်ပြီး အားရပါးရ ရယ်ပါတော့သည်။

မိချက် နဲ့ မိခါ ..၊ ဖိုးထောင် တို့ကလည်း သူတို့ဆရာ ရယ်နေတာကြောင့် သူတို့လည်း အလိုက်သင့်လေး လိုက်ရယ်ပေးပါရပါသည်။





BURMESE CLASSIC .com

"ဒါ.. ကျုပ်ရဲ့အချစ်ဆုံး သဘော်သသီးလေ .. အဲလေ .. သမီးတော်လေ .. ဂျေချို တဲ့၊ နာမည်အမှန်ကတော့ အေးအေးချို .."

အရှေ့တောင်အရပ် လှတောရွာက ဆန်စက်သူဌေး ဦးလှထိန် ကို ဂျေချို့ အဖေ ဦးစန်းအောင် က မိတ်ဆက်ပေးပါသည်။

ဆန်စက်သူဌေး ဦးလှထိန် သားက အငမ်းမရ ဂျေချို ကို စားမတတ် ဝါးမတတ် ကြည့်တော့ ဂျေချို နှာခေါင်းရှုံ့မိပါသည်..။

"သမီး .. ဒါ ကိုလှထိန် ရဲ့သား မောင်လှချော တဲ့"



www.burmeseclassic.com

www.burmeseclassic.com



ရွာနဲ့ သူမှည့်ထားတဲ့နာမည်နဲ့ လုံးဝကို မလိုက်ဖက်လှ အောင် မျက်နှာတစ်ခုလုံး မုန့်ကြာစိ မရှိတရှိခန့် ဝက်ခြံလား ... ကြက်ခြံလား မသိ ..၊

ဘုတွေက ဘယ်သူ့အားကိုးနဲ့ မျက်နှာမှာ ကပ်ထားသလား အောက်မေ့ရပါတယ်။

ဂျေချို က အမြင်ကတ်ကက်နဲ့ ...

"နာမည်နဲ့ လူနဲ့ လိုက်တယ်နော် .."

"ခင်ညာ .. အဟီး .. ဟီး ..."

ဂျေချို စကားကြောင့် လှချော ဆိုတဲ့ကောင်က ကြီးမားလှတဲ့ သူ့ခန္ဓာကိုယ်ကြီးနဲ့ မလိုက်အောင် ရှက်ပြနေပါသည်။

"ကဲ .. ကဲ .. ငါ့တူက လူငယ်တွေအုပ်စီဆီ သွား .."

ရွာမျိုးစုံက သူဌေးတွေရဲ့သားတွေ စုဝိုင်းဖွဲ့ စကားပြောနေကြတဲ့ နေရာကို ညွှန်ပြတော့ ချစ်စရာအရွယ် မောင်လှချောလေးက ...

"ဟုတ်ကဲ့ .. တားတား သွားမယ်နော် .."

ဂျေချို နှာခေါင်းရှုံ့မိပါသည်။



BURMESE CLASSIC .com



လာပြန်ပြီ မှောက်တစ်တွဲ ..၊ အခုလာတဲ့ သားအဖ မြောက် စွန်းစွန်းအရပ်က ဆိုပါလား ..၊ ရွာနာမည်က အဆန်းသား .. ဘာတဲ့ .. ရွှေစောင်းရွာ ကဲ့ ..။

"သမီး ဒါက ရွှေစောင်းရွာက သူကြွယ်ကြီး ဦးမောင်စောင်း တဲ့ ..၊ ဒီဘက်က သူ့ရဲ့သား မောင်တည့် တဲ့ .."

ဂျေချို မျက်လုံးအဝိုင်းသား ..၊

အမှန်က ရွှေစောင်းရွာ လို့ ပေးရမှာ မဟုတ်ဘူး ..၊ ရွှေ စောင်းရွာလို့ ပေးရမှာပါ။

ကြည့်လေ .. ရွာနာမည်နဲ့လိုက်အောင် အဖေက ဘယ်ဘက် မျက်လုံးစောင်းနေပြီး သားလှရတနာက ညာဘက်မျက်ဝန်း စောင်းနေပါသည်။

ဒီလိုနဲ့ တစ်ဦးပြီးတစ်ဦး မိတ်ဆက်ကြပေးပြီးနောက် အဖေ တွေက သတ်သတ်၊ သားဖြစ်သူတွေက သတ်သတ် စကားဝိုင်းဖွဲ့ ကြပါသည်။

သူဌေးကြီးတွေဝိုင်းမှာ ဖွံ့နေ့ရှင်ရဲ့ဖခင် ဦးစန်းအောင် က ဘယ်သူ ဘယ်လောက်ချမ်းသာကြောင်း သိချင်တာကြောင့် စ[illegible]



www.burmeseclassic.com

www.burmeseclassic.com



စကား လှမ်းခေါ်လိုက်ပါသည်။

"ဗျို့ .. ကိုပေတိုး .. ခင်ဗျားစီးလာတဲ့ လှည်းယာဉ်က တယ်ပေါ့မယ့်ပုံပဲဗျ .."

ခြံဝမှာ တန်းစီရပ်ထားတဲ့ လှည်းယာဉ်တွဲတွေထဲက အလှဆုံး လှည်းယာဉ်ကို လှမ်းကြည့်ပြီး ဦးစန်းအောင် က စကားခေါ်လိုက်တော့ ထန်းသူဌေး ဦးစန်းအောင် ရဲ့စကားကြောင့် ရှားတောရွာက သူဌေး ဦးပေတိုး ဂုဏ်ယူဝံ့ကြွားတဲ့မျက်နှာ၊ လေယူလေသိမ်းနဲ့ ...

"ပေါ့ဆို လှည်းရဲ့ဝင်ရိုးတွေကို တိုင်ကီအနီရောင် သတ္တုထည့်ထားတာလေ၊ ကျုပ် လှည်းယာဉ်ကြောင့်ပေါ် ဘယ်လောက်ဝန်တင်တင် ပုံမပျက်သွားဘူးလေ .."

"သောက်ပို .."

"ဘာဗျ .."

ဘေးက သူဌေးတစ်ယောက်က မကြားတကြား ပြောတော့ ဦးပေတိုး စိတ်ဆိုးမာန်ဆိုးနဲ့ပြောတော့ အဲဒီသူဌေးက ရယ်ကျဲကျဲနဲ့ ...





"ဟို ဝန်ပိုတွေတင်တောင် ခံနိုင်ရည်ရှိတယ်လို့ .."

ဦးပေတိုး မကျေမနပ်နဲ့ ဘုရှိုး ရှိုးပါသည်။ ဦးစန်းအောင်က မျက်မှောင်ကြီးကြုတ်ပြီး ...

"ဘာလဲဗျ .. တိုင်ကီအနီရောင် သတ္တု .."

"ဟို .. ဘာကြော် ပြိုင်ကား .."

"ဘူးသီးကြော်လား .."

BURMESE CLASSIC .com

"ခင်ဗျားအမေကြီး ဘူးသီးကြော် ..၊ ဇမ္ဗာကျော် ပြိုင်ကားတွေမှာပဲ ရှိတယ်ဗျာ၊ အဲဒီသတ္တု ပေါ့လည်းပေါ့တယ်၊ ခံနိုင်ရည်လည်း ကောင်းတယ်၊ ကျုပ်တောင် မြို့တက်တော့ သတ္တုအဟောင်းတွေ ရောင်းဝယ်တဲ့ .. ဆာဓမိ ဆိုတဲ့ ကုလားတစ်ယောက်က သူ့ကို လာရောင်းသွားတာတဲ့၊ ချယ်ဆီ သူဌေး မြို့ကိုလာရင်း ပိုက်ဆံပြတ်လို့ဆိုလား ..၊ သူ သမ္ဗန်က ခွာပြီး ရောင်းတာ ပြောတာပဲ၊ ဗျာ .. တိုင်ကီအနီရောင်လား ..၊ တိုက်တွေနရဲဆိုလား .."

"ဟာဗျာ .. တိုက်တေနီယမ်ပါဗျာ .."

ဦးစန်းအောင် သမီးဆီက ကြားဖူးနားဝနဲ့ ဆရာကြီးလုပ်



www.burmeseclassic.com

www.burmeseclassic.com



ခတော့ ကိုပေတိုး ဝမ်းသာအားရနဲ့ ...

"ဟုတ်တယ် .. ဟုတ်တယ် အဲဒါ ..၊ လျှော့မတွေ့ခဲ့နော်.. ကျုပ်လှည်းယာဉ်ရဲ့ ကိုယ်ထည်အသားက အိုးကုန်းရွာက မုဆိုးကြီး ဂုတ်ပြဲ တောထဲမှာ ရှားရှားပါးပါး တွေ့ထားခဲ့ သစ်နဲ့ ဆောက်ထားတာ .."

"ဘာသစ်လဲ .."

"ပျဉ်းမနား .."

"ဟာ .. အဲဒါက မြို့နာမည်လေ .."

ဦးစန်းအောင် စကားကြောင့် ဦးပေတိုး က ဗဟုသုတ မရှိဟန်နဲ့ လှမ်းကြည့်ပြီး ...

"အဲဒါပြောတာပေါ့ .. ဂျင်နရေတာနဲ့ ပေါလစ် မရှိဘူး ဆိုတာ .."

မတတ်သူက ပြောတော့ မသိသူတွေကလည်း ဟုတ်နိုးနိုးနဲ့ လက်ခံလိုက်ပါသည်။

"မှတ်ထား ..၊ ပျဉ်းကတိုးက မာတယ် .. သံတောင် မတိုးဘူး၊ အခု ကျုပ်လှည်းရဲ့ကိုယ်ထည်သစ်က ပျဉ်းကတိုး မပေါ်ခင်





အရင်ပေါ်တာ၊ ပျဉ်းကတိုးသားရဲ့ဘိုးအေ ခေါ်မှာပေါ့၊ ပျဉ်းမနားမှတ်ထား .. ဒါတောင် မျိုးတုံးကုန်တဲ့သစ်တွေ ရှိသေးတယ်၊ ပြင်ဦးလွင်တို့ဘာတို့ ရှိသေး၊ ဒီနယ်တစ်ဝိုက်မှာ ကျုပ်လှည်းလောက် ကောင်းတဲ့လှည်း မရှိပါဘူးဗျာ .."

ဂုဏ်ယူဝံ့ကြွားစွာနဲ့ ဦးပေတိုး ဆိုတော့ ရွှေစောင်းရွာက ဦးမောင့်စောင်း က မကျေမနပ်နဲ့ ...

"ခင်ဗျားလှည်းသာ သာချင်သာမှယ်၊ လှည်းဆွဲတဲ့ နွားတစ်ရှဉ်းကတော့ သာမှယ် မထင်ဘူး .."

ဦးမောင်စောင်း ရဲ့ ထေ့လုံးငေါ့လုံးစကားတွေကြောင့် သူ့ဒွေးပေတိုး မျက်နှာပျက်သွားပါသည်။ ဦးစန်းအောင်က အဆင်းမှာဘီးတပ်ပေးပါသည်။

"နွားပဲဗျာ .. ဘာတွေ သာစရာရှိလို့လဲ .."

ဦးမောင်စောင်း က သူ့လှည်းမောင်းတဲ့ ကျောက်ဒိုး အရိပ်အောက်မှာ သူ့နွားနှစ်ကောင်ကို အစာကျွေးနေတာကို ကျေနပ်အားရတဲ့မျက်နှာနဲ့ လှမ်းကြည့်ပြီး ...

"ကျုပ်နွားက တော်ရုံတန်ရုံမျိုး မဟုတ်ဘူး ..၊ ဘာမျိုးလဲ



www.burmeseclassic.com

www.burmeseclassic.com



သိလား .."

အားလုံးက လှည့်မေးတော့ ကန်ဦးရွာက သူဌေး ဦးပန်းနီက အမြင်ကတ်ကတ်နဲ့ ...

"မျိုးမစစ် မျိုးလား .."

"ဘာဗျ .."

အားလုံးက ကျိတ်ရယ်ကြပါသည်။ ဦးမောင်စောင်း ရှုတင်းတင်းကြီးနဲ့ ...

"အင်္ဂလိပ်နွားမျိုးဗျ .."

ဦးမောင်စောင်း ရဲ့နွားတွေကို လှမ်းကြည့်ပြီး အားလုံးက မယုံကြည်ပုံဟန်နဲ့ ...

"ဟုတ်ရော ဟုတ်ရဲ့လားဗျာ .."

"ဩော် .. ဟုတ်ပါတယ်ဆို၊ ဒီနွားနှစ်ကောင်ကို လာရောင်းတဲ့လူက စင်ကာပူရွာက ဒေါ်ဘိုမ က လာရောင်းတာ၊ သူ့ယောက်ျားက ကိုဘိုဖြူ လေဗျာ ..၊ ခင်ဗျားတို့ သိပါတယ်"

ဦးစန်းအောင် မရယ်မိအောင် နေရင်း ...

"အဲဒါနဲ့ ဒီနွားနှစ်ကောင်က အင်္ဂလိပ်မျိုးရိုး ဖြစ်ရောလား.."





"ဟော .. ကြည့် .. ကြည့် .."

ပြောရင်းဆိုရင်း ဦးမောင်စောင်း ရဲ့နွားတွေက တွန်ကျူးလာပါသည်။

"တွေ့လား .. ကျုပ်နွားတွေ အော်တာ ဝမ်းပဲ တဲ့၊ ဝမ်းဆိုတာ အင်္ဂလိပ်လို တစ်လေဗျာ ..၊ ထိပ်ဆုံးက တစ်ပဲလို့ အော်နေတာ၊ ဟား .. ဟား .. ဟား .."

အားရဂုဏ်ယူစွာ ပြောတော့ ကျန်တဲ့လူတွေကလည်း 'သောက်ပေါ'ကြီးသဘောနဲ့ ဝိုင်းရယ်လိုက်ကြပါသည်။ ဦးမောင်စောင်း ကတော့ မသိ ..။

ဦးစန်းအောင် အစမှ သူ့ဇာတ်လမ်းကို စတင်ရပါတော့မည်။ လူလည်း စုံပြီလေ ..။

"အေးဗျာ .. ခင်ဗျားတို့နဲ့တွေ့တုန်း အတော်ပဲ .."

"ဘာကိစ္စလဲ ကိုစန်းအောင် .."

ဦးစန်းအောင် က စိတ်ပူပုံဟန်နဲ့ သက်ပြင်းတွေ ချွတ်ချပြီး ...

"ဒီလိုဗျာ .. သမီးကညာ နှစ်ခါမလင့် ဆိုတဲ့စကားလည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိတယ်လေ ..”

“ဟာဗျာ .. သမီးကညာ အခါမလင့်စေနဲ့ပါ ..”

တစ်ယောက်ကပြောတော့ ဦးစန်းအောင် မျက်လုံးလေး ပုတ်ခတ်ပုတ်ခတ်နဲ့ ...

“အေးဗျာ .. အဲဒါပဲ ထားပါ၊ ကျုပ်သမီးက ဒီနယ်တစ်ဝိုက်မှာ ပညာအရည်အချင်း အမြင့်ဆုံးလေဗျာ၊ ဆယ်တန်းကို သုံးခါကြိုးများတောင် ကျထားတာလေ ..”

အားလုံး ထောက်ခံပါသည်။

သူတို့အရပ်မှာတော့ ဆယ်တန်း သုံးခါကျသည်ဆိုတာ ကမ္ဘာကျော် ဟားဗတ်တက္ကသိုလ်က အောင်မြင်ပြီး ပြန်လာသလောက် ဂုဏ်ယူဝံ့ကြွားလို့ ရသည်လေ ..။

“ကျုပ်သမီးက ချောလည်းချော .. လှလည်းလှတယ်လေ”

အဲဒါတော့ ငြင်းစရာမရှိအောင် မှန်နေပါသည်။ အားလုံးကလည်း သူတို့သားတွေနဲ့ ပေးစားချင်နေကြပါသည်။

“ကျုပ်သမီးလေးနောင်ရေး စိတ်အေးရအောင် ...”

“ဟာ .. ဒါဆို ကွက်တိပဲ၊ ကျုပ်သားနဲ့ ပေးစား ..”





ထုံးဆိတ်ရွာက ဦးပေါက်ကံ က ကမန်းကတမ်း ဝင်ပြောတော့ အားလုံးက ငေးကြောင်ကြောင်နဲ့ ...

“ဘာဖြစ်လို့လဲ ..”

“နောင်ရေး စိတ်အေးရအောင်ဆို ..”

“အေးလေ .. ဘာဖြစ်လဲ ..”

“ဟ .. ကျုပ်မိန်းမ မစိန်အေး၊ ကျုပ်သားနာမည်က နောင်လေး၊ နောင်ရေး စိတ်အေးရပြီပေါ့ ..”

“ဟာဗျာ ..”

“ဘာများလဲလို့ ..”

တစ်ယောက်တစ်ပေါက် ဝိုင်းပြောကြတော့ ဦးပေါက်ကံ ဇက်ပုသွားရပါသည်။

ဦးစန်းအောင် က စကားပြန်စပါတယ်။ ရှိုးဝိုင်း (ဖဲဝိုင်း)မှာလို အခေါ်လေးပေါ့။

“အေးဗျာ .. ခင်ဗျားတို့သားတွေဆိုတာကလည်း ကျုပ်တူကျုပ်သားလိုဖြစ်နေတာလေ၊ အဲဒီထဲက ပညာဉာဏ်နဲ့ပြည့်စုံပြီး ကျုပ် သမီးအတွက် ကာကွယ်စောင့်ရှောက်နိုင်တဲ့ ယောကျ်ားမျိုး



www.burmeseclassic.com

www.burmeseclassic.com



တဲ့ သမက်လိုလူမျိုးနဲ့ ကျုပ်သမီးကို ပေးစားချင်နေတာ ..”

“ဖြန်း ..”

“အောင်မယ်လေးဗျ ..”

စကားလည်းဆုံးရော သူဌေး လှထိန် က ဦးစန်းအော ရဲ့ပေါင်ကို သူ့လက်ဝါးကြီးနဲ့ရိုက်ပြီး အားရပါးရ ပြောပါသည်။

“သတ္တိ ဗျဝိနဲ့ ဆို ...”

“ဗျတ္တ ပါဗျာ ..”

“ဗျတ္တိ ပါဗျာ ..”

တစ်ယောက်တစ်ယောက် ဝိုင်းထောက်ကြတော့ သူဌေး လှထိန် က လက်ကာတားရင်း ...

“နေကြဦး .. ကျုပ်သားအကြောင်း မပြောခင် ကျုပ် အကြောင်း ပြောမယ်၊ ကျုပ်ငယ်ငယ်က သတ္တိ ဘယ်လောက်ရှိလဲ ဆိုရင် ..”

“ကြွားပြီ ..”

သူဌေးတစ်ယောက်က ခပ်တိုးတိုး ဆိုသည်။ ဦးလှထိ မသိချင်ယောင်ဆောင်ကာ ...





“ကျုပ်သတ္တိ ဘယ်လောက်ရှိလဲဆိုရင် ဒီမှာကြည့် ..”

ရုတ်တရက် ညာဘက်လက်မောင်းကို လှန်လိုက်တော့ လက်မောင်းမှာ ဘယ်ဘုရားပွဲမှာ ရေးထားသည်မသိ ..၊ ကောက်ကောက်ကွေ့ကွေ့ ဘုရားစူး မြန်မာအက္ခရာလို့ ပြောရမယ့် “သတ္တိ” ..။

“ဒါတောင် ‘သတ္တိ’ရေးတာ ‘သတိ’ဖြစ်သွားလို့ နောက်တစ်ခေါက် ပြန်ရေးရသေးတယ် ..”

“ခင်ဗျားက သတ္တိ ရေးရမှာ မဟုတ်ဘူးဗျ၊ သတ္တဝါလို့ ရေးရမှာ ..”

“ခင်ဗျား ဘာပြောတာလဲ ..”

“မင်းက ဘာလုပ်ချင်လဲ ..”

“မင်း သတ္တိရှိလား ..”

“ဟော့ကောင် .. သတ္တိတော့ ရေးမထားဘူး၊ ကိုစန်းအောင် သမီးအတွက် မင်းသား သတ္တိရှိရင် ငါ့သားနဲ့ ချမလား ..”

“လုပ်စမ်းပါ၊ ဟော့ကောင် လှချော ..”

“ရတယ် အဖေ ..”



www.burmeseclassic.com

www.burmeseclassic.com



လှချော သည် ဘယ်လောက် မိန်းမလိုချင်သည် မသိ ..၊ အကျီက ချွတ်ပြီးသွားပါပြီ။

ဦးစန်းအောင် က မတ်တတ်ရပ်ကာ ...

"ကဲ .. ကျုပ်သမီးကို လိုချင်ရင် နိုင်တဲ့လူနဲ့ နောက်တစ်ယောက် ထပ်ထိုး ..၊ နောက်ဆုံးကျန်ကဲ့သူက ကျုပ်သမီးနဲ့ ပေးစားမယ် .."

သူဌေးသားအုပ်စု ကျွတ်စီ ကျွတ်စီ ဖြစ်သွားပါသည်။ သပြေကုန်းသား မောင်ချမ်းက သူ့ဖလံပါးပါးလေးကို ငုံ့ကြည့်ပြီး စိတ်ထဲကနေ 'ရရ မရရ ငါ နောက်ဆုံးမှဝင်ထိုးမယ်'လို့ တွေးနေပါသည်။

လူတွေ ရှဲပေးကြပါတယ်။ လက်ဝှေ့ဒိုင်အဖြစ် ဦးစန်းအောင်တို့ရွာက လက်ဝှေ့သမားဟောင်းကြီး ကိုပေါက်ကျိုင်း က မွေးနေ့ပွဲလာရင်း ဒိုင် ဝင်လုပ်ပေးသည်။

လှချော နဲ့ ထိုးမယ့်သူက ခုန သူဌေးလူထိန် ကို 'သတ္တဝါ' လို့ပြောတဲ့ လက်ပံပင်ရွာက သူဌေး ဦးခွေးနီ ရဲ့သား ရန်လုံ..၊ ရန်လုံ ကလည်း ပြည့်ပြည့်တင်းတင်းပါ။ ဒါပေမယ့် လှချော





က အကောင်ပိုကြီးသည်။

ဒိုင်ဖြစ်သူ ဦးပေါက်ကျိုင်း က သူတို့နှစ်ယောက်ရဲ့လက်တွေကို ပိတ်စနဲ့ ချည်နှောင်ပေးပါတယ်။

သပြေကုန်းသား မောင်ချမ်း က အားရှိအောင် အနီးနားက ငှက်ပျောသီးတွေ ယူစားပါသည်။ ငှက်ပျောသီးစားရင် အားရှိသည်လို့ ကြားဖူးသည်လေ ..။

"ကဲ .. စမယ် .."

နှစ်ယောက်သား လက်တွေထိကြရင်း ပြိုင်ပွဲကို စတင်ပါသည်။

ရန်လုံနဲ့ လှချော နောက်ဆုတ်သွားကြပါသည်။ ရန်လုံ က အော်သည်။

"ကျား .."

"ဟင် .. ဘယ်မှာလဲ .."

လှချော .. 'ကျား'ဆိုတာကြောင့် အလန့်တကြားနဲ့ ဘေးဘီကို လှမ်းကြည့်စဉ် ရန်လုံ က အခွင့်ကောင်းယူပြီး ပြေးအလာ...

"ဖုန်း .."



www.burmeseclassic.com

www.burmeseclassic.com



လှချော ကြောင်သွားပါသည်။ ဘာမှတောင် မလုပ်လိုက်ရ သေးပါဘူး။

ရန်လုံ က ပြေးအလာ .. မောင်ချမ်း က ငှက်ပျောသီး စား ပြီး အခွံကို နမော်နမဲ့နဲ့ လှမ်းအပစ် .. ငှက်ပျောခွံကိုနင်းမိကာ ဖုန်းခနဲ ခွေးကျကျကာ စကားပေါင် ပြန်မပြောနိုင်ရှာတော့ ..

လှချော ကြောင်ပြီး ရန်လုံ ကို ငုံ့ကြည့်ပါသည်။ လက်ခုပ်သံ တွေ တဖြောင်းဖြောင်းကြားရတော့မှ လှချော သူနိုင်ပြီဆိုတာ သိလိုက်ရပါတယ်။

"ကဲ .. နောက်ထပ်ယှဉ်ရဲတဲ့ကောင်ရှိရင် ထွက်ခဲ့စမ်း .."

လှချော အခုတော့ တကျော်အားကိုးနဲ့ စိန်ခေါ်ရဲခဲ့ပါတယ်။ ကံတရားက သူ့ဘက်မှာရှိနေပြီလေ ..။

ပြီးတော့ ကြင်ရာတော်လောင်းလေးဖြစ်တဲ့ မယ်သီတာ တစ်ဖြစ်လဲ ဂျေချို ကို မခို့တရို့လေး လှမ်းကြည့်လိုက်တော့ ဂျေ က မကျေမနပ်နဲ့ ဘုရှုံး ရှုံးတော့ ဒီကောင် လှချော ခများ သူ့ကို ချစ်စနိုးနဲ့ ကျီစယ်သည့်အလား သဘောတွေ့ မနေသွေ့ပေါ့

"လှချော.. ဘာသဘောလဲ သိချင်ရင် လာခဲ့စမ်း..၊ ဖြောင်





ဖြောင်း .."

လှချော ပြောလည်းပြော လက်ဝှေ့ရေး ပြနေပါသည်။ ဒီတော့ အတိုင်းတိုင်းအပြည်ပြည် နနစ်ပြည်ထောင်မင်းသားတွေ ထဲက တစ်ယောက်က ...

"အေး .. ငါ လာပြီ .."

အသံတွေသာ ထွက်လာပါသည် လူက ထွက်မလာ ..။ မင်းညီနဲ့ မင်းသားတွေကလည်း သူပြောနိုး ကိုယ်ပြောနိုး တစ် ယောက်ကိုတစ်ယောက် ကြည့်ကြပါတယ်။

လှချော စိတ်မရှည်တော့ ..။

"ဘယ်ကောင်လဲကွ .."

"ဟော့ကောင် .. မင်းရှေ့မှာ .."

အသံကြောင့် ငုံ့ကြည့်တော့ သုံးပေ မပြည့်တပြည့်အရပ်နဲ့ ကျောင်းကုန်းရွာသား လန်ဘား ..၊ လန်ဘား ကို ကြည့်ပြီး အား လုံး တဟားဟား ..။

လန်ဘား ရှက်ရှက်နဲ့ လှချော ရဲ့ခြေသလုံးကို ဖက်ကိုက် ပါတယ်။ လှချော နာနာနဲ့အော်ရင်း နောက်ဆုံးတော့ လန်ဘားကို



www.burmeseclassic.com

www.burmeseclassic.com



ကုပ်ဆွဲပြီး လေထဲမှာပဲ နဖူးကို လက်ညှိုးနဲ့ တစ်ချက်တောက် လိုက်ပါတယ်။

ပြီးတော့ ကောက်ရိုးပုံဘက်ကို ဆွဲလွှင့်ပစ်လိုက်ပါသည်။

"ကဲဟေ့ .. ဘယ်သူ လာဦးမလဲ .."

ရဲစွမ်းသတ္တိနဲ့ပြည့်စုံတဲ့ မင်းညီမင်းသားတွေဟာ တုတ်တုတ် မျှ မလှုပ်ကြ။

သပြေကုန်းသား မောင်ချမ်း က သူ့ဖလံကိုကြည့်ပြီး အ ယ်နေပါတယ်။

"ဟင်!..."

မောင်ချမ်း လှချော ဆီကို အာရုံမရောက်။ သူ့အာရုံ သူ့ရှေ့ ခပ်လှမ်းလှမ်းက ထောင်တန်တစ်ရွက် ..။ သူ ဘေး ကြည့်ပြီး ကုန်းအကောက် နောက်က ဘယ်သူ တွန်းလိုက်သည် မသိ ..။

ငိုက်စိုက် ငိုက်စိုက်နဲ့ ရှေ့ရောက်အသွား .. လှချော လက်ဝှေ့ရေးပြဖို့ လက်ခမောင်းခတ်ပြီး ဒူးကိုအထောင် လှချော ဒူးနဲ့ မောင်ချမ်း နဖူး အရှိန်နဲ့ပြေးအဆောင့် မောင်ချမ်း မှော





သွားပါပြီ ..။

ရွာသားနှစ်ယောက်က မေ့လဲသွားတဲ့ မောင်ချမ်း ကို ဆွဲ ကုတ်သွားပါပြီ။

နောက် တစ်ယောက်ပြီး တစ်ယောက် ဝင်လာပါတယ်။ လှချော ကို မနိုင်ကြ။ ကြာတော့ ကျန်တဲ့သူတွေလည်း ထပ် မဝင်ရဲကြတော့ ..။

"ကဲ .. ပြိုင်မယ့်သူ မရှိရင် မောင်လှချော ကို အနိုင်ပေး လိုက်ရမှာ ဖြစ်ပါတယ် .."

ဂျေချို ရင်ဘတ်ကို ဖိမိပါသည်။

ဒီလူကြီးနဲ့ သူမ ယူရမယ်ဆိုရင်တော့ ရေတိမ်တိမ်မှာ ကျင်း တူးပြီး သတ်သေရမယ့်အဖြစ်ပါ ..။

ကယ်မယ့်သူပေါ်လာဖို့ သူမ ဆုတောင်းနေစဉ်မှာ ...

"ဟာ!..."

"ဘာလဲ .. ဟ .."

ဖုန်တထောင်းထောင်းနဲ့ ဝင်လာတဲ့အရာက ဘာမှန်းမသိ..။

အားလုံး ပါးစပ်အဟောင်းသားနဲ့ ဖုန်မှုန့်တွေ ပြယ်တဲ့အချိန်



www.burmeseclassic.com

www.burmeseclassic.com



ကို စောင့်နေရပါသည်။

တဖြည်းဖြည်း ရုပ်လုံးပေါ်လာပါသည်။

"ဟာ .. ဘာလဲ .."

"ဟင် .. တောကြောင် .."

တစ်ယောက်တစ်ပေါက် အသံတွေနဲ့အတူ တောကြောင် ဆိုတာကြောင့် ထန်းထန်းစန်းနိုင် ခေါင်းနပမ်းကြီးသွားပါသည်။

ဟုတ်တယ် .. တောကြောင် ဆိုတာ သူ့ရန်သူတော်၊ ဒီပွဲက ဒီကောင်နဲ့ ဘာမှမဆိုင်တဲ့ပွဲလေ ..။

ဂျေချို လည်း နာမည်ကြီးလွန်းလှတဲ့ တောကြောင် ကို မြင်ဖူးချင်တာကြောင့် လူအုပ်ထဲက ရှေ့ကို တိုးထွက်ခဲ့ပါသည်။

တွေ့ပါပြီ ..၊ ပြောက်ကျားအရောင် ဆေးဆိုးထားတဲ့ နွားနှစ်ကောင်နဲ့အတူ စစ်မြင်း အဲ .. စစ်နွားရထားပေါ်က ရုပ်မင်းဝတ်ရုံကြီးနဲ့ တောကြောင် ..၊ ခေါင်းမှာက ဆိုင်ကယ်စီးဦးထုပ်။

ထန်းထန်းစန်းနိုင် အံကိုကြိတ်ပြီး လက်သီးကျစ်ကျစ်ပါအောင် ဆုပ်ကာ ...

"ဟေ့ကောင် တောကြောင် .. မင်း ဒီပွဲနဲ့ ဘာမှမဆိုင်ဘူး၊





ထွက်သွားစမ်း .."

လှချော ကလည်း ထောက်ခံပါတယ်။ တောကြောင် ဆိုတဲ့ ဒီကောင့်ကို လှချော လည်း ကြည့်မရ။

ရွာကကောင်မတွေဆိုရင် တောကြောင် တစ်ခါလာလည်ပြီး ကတည်းက 'ကိုကိုကြောင် ..' 'ကိုကိုကြောင် ..' ဖြစ်နေသည် လေ..။

တောကြောင် က စစ်နွားရထားပေါ်ကနေ မဆင်း ..၊ ဒါပေမယ့် သူ့လက်ထဲမှာ ဂျေချို ရဲ့ဓာတ်ပုံ၊ ပြီးတော့ အောင်နိုင်သူ လေသံနဲ့ ...

"အေး ...ငါက လည်း ဖိတ်လို့ရောက်လာရတာပေါ့၊ မဖိတ်ဘဲနဲ့ လာမလားကွ .."

ဂျေချို ပျော်သွားပါသည်။

မိန်းမတစ်ယောက်လို ပျော့ဖတ်ဖတ် ခန္ဓာနဲ့ တောကြောင် ကို မြင်မြင်ကတည်းက စိတ်ဝင်စားနေတာကို တောကြောင် က လှချော ပုံစံကို ကြည့်ပြီး ...

"မင်းက ဘာလုပ်နေတာလဲ လှပေါ .."



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ .. လုချောကွ .. လုချော၊ အေး ..မသိရင် မှတ်ထား မင်း ဂျေချို ကို စိတ်ဝင်စားရင် ငါနဲ့လာထိုး .."

"ဟုတ်တယ် မောင်ရင်.."

ဦးစန်းအောင် က တောကြောင် ရဲ့အချိုးအစစ်ကိုကြည့်ပြီး အထင်သေးစကား ဆိုသည်။

"ကျုပ်နာမည် မောင်ရင် မဟုတ်ဘူး၊ မောင်ရင် ဆိုတာ ကျုပ်တို့ရွာက ကျောင်းဆရာ .. ကျုပ်ရဲ့ဆရာပဲ .."

ဦးစန်းအောင် မဲ့ပြုံးပြုံးရင်း ...

"ဒါနဲ့ မောင်ရင်က ဘယ်ရွာသားလဲ .."

လက်ဝှေ့သမားဟောင်းကြီး ဦးပေါက်ကျိုင်း က ဦးစန်းအောင် ကို ခပ်တိုးတိုး ပြောပါတယ်။

"ဒီကောင်က သုံးတောင်ရွာက လက်ဝှေ့သမားကြီး ဗရမ်ရဲ့တူလေ .."

ဦးစန်းအောင် အံ့ဩသွားရင်း ...

"ဟင် .. ဒါဆို မင်းက ကျားပျံမကောက် ရဲ့သားပေါ့ .."

တောကြောင် ကြောင်တောင်တောင်နဲ့ ခေါင်းညိတ်ပါသည်။





ဦးစန်းအောင် အတိတ်က အရိပ်တွေကြောင့် မျက်နှာ နီမြန်းလာပါသည်။

ကျားပျံမကောက် ဆိုတာ သူ တစ်ဖက်သတ်ချစ်ခဲ့ရတဲ့ ချစ်သူ ..၊ ဒါပေမယ့် ဒီနယ်တစ်ဝိုက်ကို လက်ဝှေ့လာထိုးတဲ့ တစ်နယ်သား တောကြောင် အဖေ ဓာမဏိကြွက်စုတ် ကြောင့် သူ မကောက်ရဲ့အချစ်နဲ့ ဝေးခဲ့ရသည်။

ကြွက်စုတ်တစ်ကောင်လို လျင်မြန်ပြီး အသံစူးရှလွန်းသူ၊ ကိုင်တွယ်ဖမ်းဆုပ်ရခက်တဲ့ ဓာမဏိကြွက်စုတ် ဟာ ဒီနယ်မှာတော့ ပြိုင်ဘက်ကင်းသည်။

အခုတော့ ဓာမဏိကြွက်စုတ် နဲ့ သူချစ်ရတဲ့ ကျားပျံမကောက် တို့ လက်ဝှေ့ထိုးဖို့ မြဝတီဘက် အသွားမှာ ကားတိမ်းမှောက်ပြီး ဆုံးပါးခဲ့ရသည်လို့ ကြားခဲ့ရသည်။

ဦးစန်းအောင် တောကြောင် ကို တွေတွေကြီးကြည့်ပြီး မကောက် နဲ့ ရုပ်ချင်းဆင်ပါတယ်လို့ ထင်နေခဲ့တာ .. အခုတော့ ထင်တဲ့အတိုင်းပဲလေ ..။

ဦးပေါက်ကျိုင်း က တောကြောင် ကို ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကဲ .. မောင်တောကြောင် .. မင်း လှချော နဲ့ထိုးမှာလား.."

"ရတယ်လေ .."

တောကြောင် စစ်နွားရထားပေါ်မှာပဲ သူ့လက်ကို ပတ်တီးစည်းသည်။

ပြီးတော့ လူမမြင်အောင် တပည့်ကျော် ပေးလိုက်တဲ့ လက်နက်ကို ထိသည်။ နောက်တော့ စစ်နွားရထားပေါ်က ခုန်ဆင်းလိုက်ပါတယ်။

ထန်းထန်းစန်းနိုင် က လှချော ဘက်က အားပေးသည်။

"လှချော .. တောကြောင် ကို အရေခွံချွတ်ပြီး မီးကင်စားဖို့ လုပ်ပြလိုက်စမ်း .."

"စိတ်ချ ယောက်ဖကြီး .."

ထန်းထန်းစန်းနိုင် အကြောကြီးနဲ့ လှမ်းခေါ်လိုက်တဲ့ လှချောကြောင့် လှချော ကို ပါးစပ်လှုပ်ကာ မေတ္တာပို့ပါသည်။

"ခွေးသူတောင်းစား .."

လှချော ကတော့ မကြား ..၊ ထုံးစံအတိုင်း လှချော နဲ့ တောကြောင် မျက်နှာချင်းဆိုင်ပြီး လက်နှစ်ဖက်ကို မြှောက်ကာ





လက်သီးချင်း ထိကြသည်။

လက်ချင်းထိပြီး ခွာမယ်ကြံသေး .. တောကြောင် က လျင်သည်။ သူ့လက်သီးနှစ်ဖက်ကို လှချော နှာခေါင်းပေါက်နဲ့ ထိရုံ ထိလိုက်သည်။

"ချစ်လို့ ကျီစယ်တာနော် .."

လှချော ရုတ်တရက်မို့ ကြောင်သွားရင်းက ...

"ဟ .. ဟ .. ဘာလုပ် .. ဟတ်ချိုး .. ဟတ်ချိုး .."

တောကြောင် က ဖိုးထောင် ပေးလိုက်တဲ့ ကတိုးနံ့ပွင့်ဆေးနဲ့ ငရုတ်သီးမှုန့်ကိုရောကာ လက်သီးသိပ်မှာ စွတ်ပြီး လှချော နှာခေါင်းကို တို့ပေးရုံ တို့ပေးလိုက်တာပါ။

ဟိုကောင် လှချော ချေပါတော့သည်။ တောကြောင် တဟားဟားရယ်ရင်း လှချော ရဲ့ဖွကြားကို အားကုန် ကန်ထည့်လိုက်တော့ ...

"အွတ် .."

လှချော ကုန်းကုန်းကြီး မှောက်သွားပါသည်။ ထန်းထန်းစန်းနိုင် မခံမရပ်ဖြစ်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒါ ယုတ်မာတာ .. ယုတ်မာတာ .. တောကြောင် .. မင်းကလိမ်ကကျစ်ကောင် .."

"ဘာဖြစ်လဲ .. ငါ နိုင်ဖို့ အရေးကြီးတယ်"

"ဟုတ်တယ် ..၊ ကိုကိုကြောင် နိုင်ပြီ .."

ဂျေချို ကလည်း တောကြောင် ဘက်က ထောက်ခံပါသည်။ ဦးစန်းအောင် အနိုင်ပဲပေးရမလား ..၊ သူ့သမီးပဲ ပေးရမလား ဖြစ်နေဖါတယ်။

ထန်းထန်းစန်းနိုင် တောကြောင် ကို စားမတတ်ဝါးမတတ် ကြည့်ပြီး ဘေးမှာရှိတဲ့ တွေ့ရာတစ်ခုကို ကောက်ကိုင်ကာ လှမ်းပစ်ပေါက်တော့ တောကြောင် က ရှောင်သည်။

ပစ်လိုက်တဲ့အရာက စစ်နွားရထားရဲ့ ဘန်ကာနဲ့ထိပြီး ကွဲသည်။ ပစ်လိုက်တဲ့အရာက ကြက်ဥ ..။

တောကြောင် အခြေအနေမဟန်မှန်း သိတာကြောင့် စစ်နွားရထားပေါ် တက်သည်။

ဟုတ်တယ်လေ .. မင်းညီနဲ့ မင်းသားတွေက တွေ့ရာကောက်ဆွဲနေသည်လေ ..။





တောကြောင် က ဂျေချို ကို ဖလိုင်းကစ် လုပ်ပြတော့ ဂျေချို က လေထဲမှာပြန်ဖမ်းကာ ရင်ဘတ်ထဲ ထည့်ဟန်ပြတော့ ထန်းထန်းစန်းနိုင် ဆွေ့ဆွေ့ခုန်ပါသည်။

တောကြောင် ကတော့ ဖုန်းတထောင်းထောင်းနဲ့ အဝေးကို ရောက်သွားပါပြီ ..။



www.burmeseclassic.com

www.burmeseclassic.com



ငါ့ရင်မှာ ချစ်ပိတဲ့ မီးကြောင့်

ငါ အချစ်ကို ချခင်းတာပါ ..

နင်းဖို့တော့ မဟုတ် ..။

တောကြောင်

(WILD CAT)







"မင်းကွာ .. မသေကောင်း မပျောက်ကောင်း တောကြောင်ရာ .."

ဆံရာလေး မောင်ရင် က စစ်ခွေးရထားနဲ့ ပြန်ရောက်လာတဲ့ တောကြောင် ကို ကရုဏာဒေါသနဲ့ ပြောပါသည်။

ဘကြီး သမိန်ဗရမ်း .. အဲ .. ဦးဗရမ်း ကတော့ မကျေမနပ်နဲ့ တောက်ခေါက်ရင်း ...

"တောက် .. စန်းအောင် .. စန်းအောင် .. မင်းက ငါ့တူကို လူအုပ်အားကိုးနဲ့ မိုက်တယ်ပေါ့ .."

တောကြောင် ကမန်းကတန်း ဝင်ရှင်းပြရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ဘူး အဘ၊ ဟို .. ဦးလေးစန်းအောင် က အဲဒီ လောက် မဟုတ်ဘူး ..၊ သူ့သား ထန်းထန်းစန်းနိုင် ဆိုတဲ့ကောင် က ကျွန်တော့်ကို အစိမ်းလိုက် ဝါးစားချင်နေတာ .."

"ဟော့ကောင် .. မင်းကို အစိမ်းလိုက်ဝါးစားရအောင် မင်းက သခွားသီးမှ မဟုတ်တာ၊ စန်းအောင် ငါ့ညီမကို မရလို့ ငါ့တူကို လှံနဲ့ ထိုးချင်တယ်ပေါ့ .."

"ဗျာ!..."

"ဘယ်လို!..."

ဆရာလေး မောင်ရင် ရော .. တောကြောင် အပါအဝင် ဖိုးထောင် တို့ပါ တအံ့တသြ ဖြစ်ကြရပါသည်။ ဦးစန်းအောင် က အတိတ်ကို အောက်ခြေကနေ လှန်ပါတယ်။ အတိတ်က ရှက်မနေတော့ပါဘူး။

"ဟုတ်တယ် ..၊ မင်းအမေ မကောက် ကို စန်းအောင် က အသေရရ အရှင်ရရ ကြိုက်ခဲ့တာကွ .."

"အမေ ကားမှောက်ပြီး သေတော့ သူ သွားကောက်တာ ပေါ့.."





"ဟော့ကောင် ငကြောင် .. ဥပမာပြောတာကွ .."

တောကြောင် အဘ ဦးဗရမ်း လှမ်းငေါက်တာကြောင့် ဖက်ပု သွားပါသည်။

"အမှန်က ငါ့သူငယ်ချင်း မင်းအဖေ ကြွက်စုတ် သာ ဒီနယ် မှာ လက်ဖွေ့လာမထိုးရင် မင်းအမေ ရဲ့အချစ်ကို စန်းအောင် ရပြီ.."

တောကြောင် မတော်ဖြစ်လိုက်တဲ့ အဖေဖြစ်သူ စန်းအောင် ကို သနားတော့ သနားသွားပါသည်။ အဲဒီသနားစိတ်နဲ့ပဲ သူ့သမီး ကို မရမကယူမယ်လို့ သန္နိဋ္ဌာန်ချလိုက်ပါသည်။

"ငါ့သားရယ် .. အန္တရာယ်များပါတယ်၊ အဲဒီရွာဘက် မသွား နဲ့ကွာ .."

တောကြောင် ဘာမှမပြော ..။

ဆရာလေး မောင်ရင် က တောကြောင် မျက်ဝန်းထဲကအရိပ် တွေကို သိတာကြောင့် တောကြောင် ဆက်လုပ်မယ့်ဆိုတာ သိပါ သည်။

"ကဲ .. ငါလည်း ကိုဖိုးထောင် နဲ့ ရွာကိစ္စတွေ တိုင်ပင်ဖို့ သွားလိုက်ဦးမယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဦးဗရမ်း ထွက်သွားတော့ ဖိုးထောင် က ဘန်ကာမှာ ထိမှန်ထားတဲ့ ကြက်ဥရာကို ကြည့်ကာ ...

"ထန်းထန်းစန်းနိုင် ကတော့ မင်းကို အခဲမကြေတာတော့ သေချာတယ် .."

မိချက် က စပ်ဖြီးဖြီးနဲ့ ...

"ဒါ အတိတ်နဲ့ နိမိတ်နဲ့ ဖိုးထောင် .."

"ဘာဆိုင်လို့လဲ .."

ဖိုးထောင် စကားကြောင့် မိချက် က မဲ့ကာရွဲ့ကာနဲ့ ...

"ဟဲ့ .. ယောက်ဖဖြစ်သူက ကြက်ဥနဲ့ ကျီစယ်တာ ဆိုတော့.."

"မသာ .. မ ..."

တွေးမိကြပြီး ရယ်လိုက်ကြပါသည်။

"မင်း တစ်ဖွတ်ထိုးလုပ်တော့မယ်ဆိုတာ ငါသိတယ် တောကြောင်၊ သတိတော့ထားကွာ .. ပြီးတော့ မင်းအဘ ဦးလေးဗရမ်း ကလည်း ဟန်နီရွှေအုံ နဲ့ သဘောတူနေတာနော် .."

ဟန်နီရွှေအုံ ဆိုတဲ့အသံကြောင့် တောကြောင် မျက်နှာရှုံ့မဲ့





သွားပါသည်။

"ဟာဗျာ.. ကျွန်တော်မှ ဟန်နီရွှေအုံ ကို မကြိုက်တာ ဆရာဖိုးရာ .."

တောကြောင် စကားကြောင့် ဆရာလေး မောင်ရင် ရယ်ရင်း ...

"မင်းအဘ ဦးလေးဗရမ်း က သူ့အမေကို ကြိုက်တယ်လေကွာ .."

ဆရာဖိုး စကားကြောင့် အားလုံး ဝိုင်းရယ်ကြပါသည်။

"ကဲ .. ငါလည်း ရွာရှေ့ပိုင်း သွားလိုက်ဦးမယ် .."

ဆရာဖိုး ထရပ်တော့ တောကြောင် က ပြုံးစိစိနဲ့ ...

"ရွာရှေ့ပိုင်း .. ရွာရှေ့ပိုင်း .. နဲ့ ကျွန်တော် သိတယ်နော် ဆရာဖိုး .."

တောကြောင် စကားကြောင့် ဆရာလေးမောင်ရင် မျက်လုံးပြူး မျက်ဆန်ပြူးနဲ့ ...

"ဟော့ကောင် .. မင်းက ငါ ဘာလုပ်လို့ သိနေတာတုံး .."

တောကြောင် စပ်ဖြီးဖြီးနဲ့ ဆရာဖိုး ကို ကြည့်ပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဆရာလေး ရန်ကုန်က အသစ်ပြောင်းလာတဲ့ ဆရာမလေး မြတ်စန္ဒာ ဆီ သွားမလို့ မဟုတ်လား .."

တောကြောင် စကားကြောင့် ဆရာဖိုး က ကြောက်လန့်ဟန် နဲ့ ...,

"ဟော့ကောင် .. ဟာ!... ကြားသွားလို့ ပြဿနာတက်နေဦး မယ်ကွာ ..၊ ဒီကောင် ..."

ဖိုးထောင်က ဝင်ပြီး အားပေးအားမြှောက်ပြုပါသည်။

"ဆရာရယ် .. ဆရာမလေးကလည်း ဆရာ့ကို စိတ်ဝင်စား ပါ ဆရာဖိုး ရယ် .."

"တော် .. တော်ပါကွာ၊ ရွာကလူတွေကြားသွားလို့ .. ကြာ လို့မှ မသင့်တော်ပါဘူးကွာ၊ ကဲ .. ကဲ .. ငါသွားပြီ .."

မိခါ က ဆရာထွက်သွားရာကို ကြည့်ပြီး ...

"ဆရာဖိုး အဲဒီလို ရှက်သလိုကြောက်သလို လုပ်နေပုံမျိုး တော့ ဟိုဘက်ရွာက ကုန်သည်ဆိုတဲ့ မင်းဒင် ဆိုတဲ့ကောင် လက် ချက်နဲ့ မိတော့မယ်၊ ဒီကောင်က ဆရာမလေးကို လာလာပိုး တာ .."





မင်းဒင် ဆိုတဲ့နာမည်ကြောင့် တောကြောင် က ...

"မင်းဒင် ဆိုတဲ့ကောင်က ကောင်းတဲ့ကောင် မဟုတ်ဘူး..၊ မိန်းကလေးတွေကို ဖိနပ်ပေါ် တင်ချင်နေတာ .."

"ခြေတော်တင်ချင်တာပါ ဆရာကြောင် ရယ် .."

"သြော် .. ဒီကောင်က ရှူးဖိနပ်မှ အမြဲမချွတ်တာကိုး၊ မဖြစ် ဘူး .. ငါ့ကိစ္စ အရေးကြီးသလို ဆရာဖိုး ကိစ္စလည်း အရေးကြီး တယ်၊ ဆရာဖိုး က ဒီတစ်ခေါက် ရန်ကုန်ပြန်ရင် ဟစ်ဟော့ အဆို တော် ဘောက်ဖတ်ရဲ့ အနိစ္စ ဒုက္ခ အိမ်လခ ဆိုတဲ့ခွေ ဝယ်လာ မယ်လို့ ပြောထားတာ"

"ကဲ .. အဲဒီကိစ္စ အသာထား ဆရာ၊ အဘဦးဗရမ်း ဘယ် သွားလဲ .. ဆရာကြောင် သိလား .."

ဖိုးထောင် စကားကြောင့် တောကြောင် က ခပ်အေးအေးပဲ ပြောပါတယ်။

"ခုန မင်းတို့ရှေ့ ပြောသွားတာပဲဟာ၊ ဦးလေး ဦးဖိုးထောင် အိမ်လေ ..၊ ရပ်ရေးရွာရေးကိစ္စ တိုင်ပင်မလို့ဆို .."

တောကြောင် စကားကြောင့် ဖိုးထောင် နဲ့ မိချက် တို့က



www.burmeseclassic.com

www.burmeseclassic.com



ဝိုင်းရယ်ကြပါသည်။ တောကြောင် က မျက်မှောင်ကြုတ်ပြီးကြည့် တော့ ဖိုးထောင် တို့ အရယ်ရပ်သွားပါသည်။

"ဟို .. ဟို .. ဆရာ့ကိုလှောင်တာ မဟုတ်ပါဘူး ဆရာရယ်.. ကျွန်တော် ပြောပြမယ်၊ ဦးလေးဗရမ်း အခုသွားတာ ဦးဖိုးထောင် အိမ် မဟုတ်ဘူး .."

"ဒါဆို ဘယ်လဲ .."

ဖိုးထောင် က စပ်ဖြီးဖြီးနဲ့ ...

"ရွာဦးကျောင်းထဲက ကြာကန်ကြီးဘေးက ကောက်ရိုးပုံ ဘေးမှာ ဒေါ်လေးရွှေအုံ နဲ့ ချိန်းတွေ့တာ .."

"ဟင်!... ဗုဒ္ဓေါ .."

တောကြောင် ဘုရားတရင်း အံ့သြသွားပါသည်။ ဟိုတစ်နေ့ က ဒီလိုမှောင်ရီပျိုးစအချိန် အဘနဲ့ လမ်းမှာတွေ့လို့ မေးတော့ သူ့ကို ရွာဦးကျောင်းကစေတီမှာ ပုတီးသွားစိပ်မလို့တဲ့။ ဘုရားကို ဗန်းပြပြီး သူ့ကိုပါ ရောလိမ်ခဲ့တဲ့ အဘဗရမ်း ကို သူ ပညာပေး ရမည်။

"ကဲ .. ငါ့နောက်လိုက်ခဲ့ကြ"





"ဆရာကြောင် ဖြစ်ပါ့မလား၊ အဘ သိလို့ကတော့ ကျွန်တော် တို့တော့ နာပြီမှတ် .."

တောကြောင် က စိုင်းအောင်တင့် မျက်နှာပေးနဲ့ မျက်လုံး လေး မှေး .. နှုတ်ခမ်းလေး ကွေးရင်း ...

"တောကြောင် ကို အိမ်ကြောင်မဟုတ်မှန်း သိအောင် တော ကြောင် လက်ခမောင်းခတ်ပြရုံပေါ့ကွာ .."

"ဟာ .. ဒုက္ခရောက်မယ်နော် ..".

ဘယ်လိုတားတား တားမရတဲ့အဆုံး ဖိုးထောင် တို့ လက် လျှော့လိုက်ရပါသည်။

တောကြောင် က လိုအပ်တာတွေကိုယူပြီး ဦးဆောင် ချီ တက်ပါသည်။

ဘုန်းကြီးကျောင်းထဲဝင်တော့ တော်တော် မှောင်ရိပ်ကျနေ ပါသည်။ သူတို့လေးယောက် အဂ္ဂဒတ်စစ်မြေပြင်လို ကောက်ရိုးပုံ နားကို အသာချဉ်းကပ်ကြပါတယ်။

ဦးဗရမ်း နဲ့ ဒေါ်ရွှေအုံ တို့ကတော့ အချစ်နာလန်ထနေကြ ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုရမ်း .."

"ပြောလေ အုံအုံ .."

"အုံအုံ တို့အကြောင်းကို ရွာကလူတွေ သိလို့ကတော့ အရှက်ကို ဟက်တက်ကွဲမှာနော် .."

"စိတ်မပူပါနဲ့ အုံအုံ ရယ် .. ဒါနဲ့ ကိုကိုရမ်း ပြောထားတဲ့ကိစ္စ .."

"ဘာကိစ္စလဲလို့ .."

"ဟိုဟာလုပ်ဖို့လေ .."

"ကိုကိုရမ်း နော် .. နားရှက်စရာ .."

"ဟာ .. မဟုတ်ဘူး၊ အုံအုံ က အိပ် .."

"ကိုကိုရမ်း .. နော် .."

"ဟာ .. ဒုက္ခပဲ၊ ဟို အိပ်ခါနီး သမီး ရွှေအုံ ကို ပါးချမယ်ဆိုတာ ..."

"နားချမယ် လုပ်ပါ ကိုကိုရမ်း ရယ် .."

ပြောသံဆိုသံတွေကြောင့် ဖိုးထောင် က ရယ်တော့ တောကြောင် က ဖိုးထောင် ပါးစပ်ကို ပိတ်ရပါသည်။ ပြီးတော့ ပတ်





ဝန်းကျင် အခြေအနေကို ကြည့်သည်။

မိချက် က ခပ်တိုးတိုး ပြောသည်။

"ဆရာကြောင် တစ်ရွာလုံး ပြာကျကုန်မယ်နော် .."

"မဖြစ်ပါဘူးကွာ .. ကန်ဘေးမှာ ဒီကောက်ရိုးပုံ တစ်ခုပဲရှိတာ .."

ဟုတ်တော့ ဟုတ်ပါတယ်။ ကျောင်းပရိဝုဏ်က အကျယ်ကြီးပါ၊ အဘတို့ရိုန်းတွေ့တဲ့ ကောက်ရိုးပုံက ကျောင်းနဲ့ တော်တော်ဝေးသည်။ လူအသွားအလာလည်း ပြတ်တာကြောင့် အဘနဲ့ ဒေါ်ရွှေအုံ ဒီမှာ အကြည်ဆိုက်နေကြခြင်း ဖြစ်သည်။

တောကြောင် က ပါလာတဲ့ ဓာတ်ဆီပုလင်းကို ဖွင့်ပြီး ကောက်ရိုးပုံကို လောင်းသည်။ ပြီးတော့ ဖြောက်အိုးတွေကို ကောက်ရိုးပုံအပေါ်ကို ပစ်တင်လိုက်ပါတယ်။

"ကဲ .. စမယ်၊ လစ်တော့ .."

သူတို့ ကောက်ရိုးပုံကို မီးရှို့ပြီး အသာလစ်ထွက်ခဲ့ပါသည်။ ဦးဗရမ်း နဲ့ ဒေါ်အုံ တို့ကတော့ မသိရှာကြပါ ..။

"အဲဒီကိစ္စအတွက် အုံအုံ လည်း ရင်ပူနေတာ ကိုကိုရမ်း"



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေအုံ့ စကားကြောင့် ဦးဗရမ်း ဒေါ်ရွှေအုံ လက်ကောက်ဝတ်ကို အသာကိုင်တော့ ...

"ဟင် .. ကိုကိုရမ်း .. ဒါ ဘာလုပ်တာလဲ"

"ဘာလုပ်လို့လဲ အုံအုံ ရယ် .."

"ဩော် .. ဘာလုပ်လို့လဲ ဟုတ်လား၊ ကိုကိုရမ်း မှန်မှန်ပြော စမ်း ..၊ အုံအုံ့ လက်ကောက်ကို ချွတ်နေတာ မဟုတ်လား .."

အဲဒီအခါကျမှ ဦးဗရမ်း သူကိုင်ထားတဲ့လက်ကို လွှတ်ချပြီး အလန့်တကြားနဲ့ ...

"ဟာ မဟုတ်ပါဘူး .. ကိုကိုရမ်း အမှတ်တမဲ့ ကိုင်မိတာပါ"

ဒေါ်ရွှေအုံ က ဦးဗရမ်း အဖြစ်ကြောင့် ရယ်ပြီး ...

"အလကား စတာပါ။ ကိုကိုရမ်း လိုချင်ရင် လက်ကောက်ပါ မကဘူး လူတစ်ကိုယ်လုံးကို အုံအုံ ပုံပေးရဲပါတယ်"

"ရင်ပူအောင်မစနဲ့ အုံ၊ ဟင် .. ပူလာသလိုပဲနော်"

ဦးဗရမ်း က နှာခေါင်းတရှုံ့ရှုံ့နဲ့ ပြောတော့ ...

"ဩော် ... ကိုကိုရမ်း ရယ် .. တပေါင်းလေဆိုတော့ ပူပြ ပေါ့ .."





ဦးဗရမ်း သက်ံ့မကင်းဟန်နဲ့ နောက်ပြန်လှည့်ကြည့်တော့ မျက်လုံးပြူးပြီး ...

"ဟာ .. ကောက်ရိုးပုံကြီး မီးလောင် ..."

"ဖုန်း .. ဒိုင်း .."

"အောင်မလေးဗျ .."

"ဝုန်း .."

နှစ်ယောက်သား ပေါက်ကွဲသံတွေကြောင့် ကြောက်အား လန့်အားနဲ့ ရေထဲကို ကျသွားပါသည်။

နောက်တော့ ကျောင်းထိုင်ဆရာတော်ရော ရွာကလူတွေပါ ရောက်လာပြီး ရေထဲက ဦးဗရမ်း နဲ့ ဒေါ်ရွှေအုံ ကို ဆင်းကယ်ရပါသည်။-

မီးတုတ်တွေ လက်နှိပ်ဓာတ်မီးရောင်တွေအောက်မှာ ရေထဲက ဆယ်လာတဲ့ ကြွက်စုတ်နှစ်ကောင်လို ဖြစ်နေရှာသူတွေက ဦးဗရမ်း နဲ့ ဒေါ်ရွှေအုံ။

တောကြောင်တို့အုပ်စုကတော့ လူကြားထဲကနေကြည့်ရင်း မျက်နှာပိုးတွေ မသေနိုင်ကြ .. ပြုံးစိစိနဲ့ပေါ့။ ဦးဗရမ်း နဲ့ ဒေါ်ရွှေ



www.burmeseclassic.com

www.burmeseclassic.com



အုံ တို့ ခေါင်းမဖော်နိုင်ကြပါ။ ဆရာတော်က တအံ့တသြနဲ့ ...

"ဟဲ့ .. ဒကာ မောင်ဗရမ်းနဲ့ ဒီက ဒကာမကြီးတို့က ဒီအချိန် ကြီးကျမှ ဒီမှာ ဘာလာလုပ်နေကြတာလဲ .."

ဒေါ်ရွှေအုံ ကတော့ ဘာမှကိုပြန်မပြောနိုင်ဘဲ ခေါင်းကြီးငုံ့ လို့ပေါ့။ ဦးဗရမ်း ကတော့ အထစ်ထစ် အငေါ့အငေါ့နဲ့ ...

"ဟိုဟာ .. ဘုရား .. ဒီဟာ .. အဲလေ .. ဟိုဒင်း လာလု ရင်း .. ကောက်ရိုးပုံ မီးလောင်လို့ ..."

"ဟဲ့ .. ဘာဟိုဒင်းလဲ ..၊ ရှင်းရှင်းလင်းလင်း ပြောစမ်း ဒကာ ဗရမ်း .."

ဦးဗရမ်း ခေါင်းကုတ်ရင်း သူ့ရဲ့တိုင်ပင်ဖော် တိုင်ပင်ဖက် လည်း ဟုတ်၊ သူငယ်ချင်းလည်းဖြစ်တဲ့ ရွာလူကြီးဦးဖိုးထောင်ကို အားကိုးတကြီးကြည့်တော့ ဦးဖိုးထောင် ကလည်း ထုံးစံအတိုင်း လူကြီးပီပီ ....

"သြော် .. ကိုဗရမ်း က တပည့်တော်ကို ပြောပါတယ်ဘုရား ဆေးဆရာ ဦးတုတ်ဖြူ ဖော်တဲ့ဆေးက လမိုက်ညမှာ မုဆိုး တစ်ယောက်နဲ့ ဆေးမြစ်ကို အတူတူးရမယ်ဆိုလို့ပါ ဘုရား"





ရွာလူကြီးစကားကြောင့် တောကြောင် တို့ဆီက တခွီးခွီး အသံတွေ ကြားရတော့ ဦးဗရမ်း က သူ့တူကို မျက်စောင်းနီကြီးနဲ့ ကြည့်ပါသည်။ ဆရာလေး မောင်ရင် တောင် ပြုံးစိစိ။ ဆရာ တော်ကလည်း သိပ်ယုံချင်ပုံ မပေါ်ပါဘူး။

"အေး .. ကြည့်လုပ်ကြနော်၊ ဒီဝါအဝင်အမီ ဆေးမြစ်တူးတဲ့ နှစ်ယောက် မင်္ဂလာသတင်း ငါ ကြားချင်တယ်၊ ကဲ .. ကဲ .. ပြန်ကြတော့ .."

ဆရာတော်ရဲ့ ဆိုလိုရင်းကို သိကြတော့ ရွာသားတွေဆီက ရယ်သံကို ကြားရပါသည်။

ဦးဗရမ်း သိလိုက်ပါပြီ။ သူ့ကို ဒီလိုလုပ်ရဲတဲ့သူဆိုလို့ ဒီရွာ မှာ တစ်ယောက်တည်းသာ ရှိပါသည်။ ရွာလူကြီး ကိုဖိုးထောင် တောင် သူ့ကို ဒါမျိုး မလုပ်ရဲ။ သေချာပါသည်။ လက်ခမောင်း ဆိုတဲ့ တောကြောင် သာ ဖြစ်ကိုဖြစ်ရပါမည်။

အိမ်ရောက်တော့ ဦးဗရမ်း ရှက်ကိုးရှက်ကန်းနဲ့ တောကြောင် ဘက်ကို မဲပါတော့သည်။

"ဟော့ကောင် တောကြောင် .. မင်း လာစမ်း .."



www.burmeseclassic.com

www.burmeseclassic.com



"ဆေးမြစ်တူးခိုင်းမလို့လား အဘ"

"ဘာကွ!..."

ဆရာလေး မောင်ရင် ဒီတူဝရီးနှစ်ယောက်ကို ကြည့်ပြီး ပြုံးစိစိနဲ့ စာဖတ်ချင်ယောင် ဆောင်နေပါသည်။

"ဒါ မင်းလက်ချက် မဟုတ်လား ဟေ့ကောင် .."

တောကြောင် ကလည်း ခပ်တည်တည်နဲ့ ...

"ဘာကိုလဲ အဘ၊ ကျွန်တော့်ဘောင်းဘီနဲ့ အဘဘောင်းဘီ မှားတာလား၊ အဲဒါ အဘဘာသာ အဘ မှားဝတ်တာနော် .."

"တောက် .. ဒီကောင်ကွာ ..၊ အေး .. မင်း တွေ့မယ်၊ မင်း ရွှေအုံ ကို ယူဖို့ ပြင်ထားတော့ .."

ဒီတစ်ခါ တောကြောင် မျက်လုံးပြူးရပါသည်။

"ဟာ .. အဘ .. ဒီလိုတော့ မရက်စက်နဲ့နော်၊ ကျွန်တော် ဂျေချို ကလွဲပြီး ဘယ်သူ့မှ မယူနိုင်ဘူး အဘ .."

"မင်း မယူလို့ကို မရဘူး .."

"ကျွန်တော် မယူရင် အဘ ယူလိုက်ပေါ့ .."

"တယ် .. ဒီကောင် ..."





တောကြောင် အဘ တစ်ခုခု မကောက်ကိုင်ခင် တစ်ချိုးတည်း လစ်ပြေးပါတော့သည်။

အဘ မလုံမလဲနဲ့ ဆရာလေးမောင်ရင် ကို ကြည့်တော့ ဆရာလေး မောင်ရင် ကိုယ်တိုင် ပြုံးစိစိ ..၊

ဆရာလေး မောင်ရင် ဖတ်နေတဲ့စာအုပ်ကလည်း ပြောင်းပြန်ကြီး ဖြစ်နေတာကြောင့် ဦးဗရမ်း ရှက်ရှက်နဲ့ အခန်းထဲ ဝင်သွားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော .. တော ..."

တောကြောင် သူ့အဖွဲ့သားတွေနဲ့ ဂျေချိုလေး နဲ့တွေ့ဖို့ ရေ… ရေးကို ကိုချက်ကြီး ရဲ့ .. မစ္စတာချက် ရဲ့ ထန်းရည်ဘား… ထန်းရည်သောက်ရင်း ဆွေးနွေးနေစဉ် အခုလို ခေါ်သံကြော… လှည့်ကြည့်ကြတော့ ...

"အမလေး .. လေး ..."

တောကြောင် မတစဖူး ဘုရားတနေမိပါသည်။

ဟုတ်ပါရဲ့ .. ဘယ်သူ မြှောက်ပေးလို့ မြှောက်ပေးမှန်း မသိ… ဟန်နီရွှေအုံ ဝတ်လာတဲ့ပုံစံက မျက်လုံးပြူးချင်စရာ ..။





နှုတ်ခမ်းနီကို အရဲသား ဆိုးထားပါသည်။ သူမ တုတ်ခိုင်ခိုင် ခန္ဓာကိုယ်ကြီးကို ဘယ်သူ့ဆီက ငှားဝတ်လာသည် မသိ ..။

ဘန်ဘီနီအဖွဲ့က ချာတိတ်မလေးတွေဝတ်တဲ့ စတိုင်လ် စကဒ်အတိုနဲ့ အပေါ်ကအကျီကလည်း အဖြူအုံကျပ် ..၊

လျှောက်လာပုံက အကျီနဲ့ စကဒ် ကွဲထွက်မသွားအောင် တောင့်တောင့်ကြီး။

အံ့မယ် .. လည်ပင်းက ဘာကြီးပါလိမ့် ..၊

"ဟဲ့ .. နင့်လည်ပင်းက ဘာလဲ ရွှေအုံ .."

ဖိုးထောင် ရဲ့ စပ်စပ်စုစု အမေးကြောင့် ရွှေအုံ က ရှက်ကိုး ရှက်ကန်းနဲ့ ...

"အဟီး .. နတ်ကတော် ဆိုလား .."

"နက်ကတိုင် လုပ်ပါဟာ .."

တောကြောင် အမြင်ကတ်ကတ်နဲ့ပြောတော့ ရွှေအုံ က ပန်းနဲ့ပေါက်သလား အောက်မေ့ရအောင် အပြုံး တစ်ချက်မပျက် ဘဲ ...

"အေး .. အေး .. ဟုတ်တယ် ..၊ အဲဒါကြီး မရှိလို့ အမေ့



www.burmeseclassic.com

www.burmeseclassic.com



အထက်ဆင်ဖြုတ်ပြီး ဆွဲလာတာ .."

မိခါ က ကန့်ကလျန့် မေးပါသည်။

"သောက်မြင်ကတ်အောင် လုလိုက်တာ..၊ ဒါ ဘယ်သူ ဆင်ပေးတာလဲ .."

"ဒေစီဂွတ်ထော် လေ ..၊ သူကပြောတယ် .. တောကြောင်နဲ့ ရှေ့သွားနောက်လိုက်ညီဖို့အတွက် ဒီလို လုလုပပလေး ပြင်ပေး .. ပေး ..."

"ဗြဲ .."

"ဟာ!... ပြဲပြီ .."

အားရပါးရ ထိုင်ချလိုက်တော့ စကဒ်ရဲ့အောက်နားစက လက်လေးလုံးလောက် ပြဲပါတော့သည်။ ဟန်နီရွှေအုံ က အပြုံးမပျက် ...

"ဟီး .. ဟီး .. ရတယ် .. အခုမှ နေ့သာထိုင်သာ ရှိသွားတာ၊ အဟီး .. တောကြောင် အမေမာမီက ပြောတယ်၊ အဟီး .. နင်နဲ့ ငါနဲ့ တစ်အိပ်ရာတည်း အိပ်ရမယ်ဆို .."

"ဟဲ .. ဟဲ .. ဒုက္ခပါပဲ၊ လက်ထပ်တယ် ပြောတာပါဟာ.."





ရွှေအုံ ကလည်း အားကျမခံ ...

"အေးပေါ့ဟ .. လက်ထပ်လည်း တစ်အိပ်ရာတည်း အိပ်ရမှာပဲ .."

တောကြောင် ခေါင်းတဖျင်းဖျင်းကုတ်တော့ ရွှေအုံ က...

"နင် ခေါင်းယားလို့လား ..၊ ငါ သန်းရှာပေးမယ်လေ .."

"ဟာ .. ဒီဟာမနဲ့တော့ ဒုက္ခပဲ .."

ဖိုးထောင် ရယ်ချင်ပေမယ့် သူ့ဆရာသမားကို အားနာတာကြောင့် မရယ်ရှာရဲပါ။

မိချက် က အလိုက်တသိလေးနဲ့ ...

"ကဲ .. ကဲ .. ပြန်တော့နော် ..၊ တစ်နေ့တော့ အိပ်ရမှာပေါ့ ရွှေအုံ ရယ် .."

"ဟင်!... ဘယ်နေ့လဲ .."

ရွှေအုံ က ဝမ်းသားအားရနဲ့ မေးတော့ မိချက် က ရယ်ကျဲကျဲနဲ့ ...

"ဦးရှင်ကြီး မွေးနေ့ .."

ရွှေအုံ ဝမ်းသာအားရနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် .. ဟုတ်လား .. ဦးရှင်ကြီးမွေးနေ့ .. ဘယ်နေ့လဲ..၊ ငါ့အမေ ငါ သွားမေးရမယ် .."

ဝမ်းသာအားရနဲ့ ထထွက်သွားတော့မှ တောကြောင် သက်ပြင်းချရပါတော့သည်။

"ဟူး .. တော်ပါသေးရဲ့ .."

တောကြောင် သက်ပြင်းချပုံကြောင့် ဖိုးထောင် အခုလို ပြောပါသည်။

"လွယ်တော့ မလွယ်ဘူးနော် ဆရာကတ် .. ဂျေချို အရေးထက် ဒီဘက်အရေးကိုလည်း ထည့်တွက်ရမယ်"

မိချက် နဲ့ မိခါ ကလည်း ဖိုးထောင် စကားကို ထောက်ခံပါသည်။

"ကဲပါ .. ရွှေအုံ အရေးကို ခဏမေ့ထား ..၊ ငါ ဂျေချို နဲ့ တွေ့ဖို့ ဘယ်လိုလုပ်ရမလဲ ..၊ သူ့ရှာ ငါသွားရင် ထန်းထန်းစန်းနိုင်က သတ်မှာ ..၊ သတ်တာက အရေးမကြီးဘူး၊ ငါ ဂျေချို မရမချင်း မသေရဲသေးဘူး .. ကြံစမ်းပါဦးကွာ .."

ဖိုးထောင် ထန်းပင်ကိုမော့ကြည့်တော့ မိချက် နဲ့ မိခါ က





လိုက်ကြည့်ရင်း ...

"ဘာတွေ့လို့လဲ ဖိုးထောင် .."

"အကြံကောင်းလေးများ တွေ့မလားလို့ .."

"ဟာ!... ဘာများလဲလို့ .."

ဖိုးထောင် က မိချက် နဲ့ မိခါ ကို လှမ်းခေါက်လိုက်ရင်း...

"ဟဲ့ .. ခေါင်းမော့ပြီး စဉ်းစားတော့ အောင်မြင်တာပေါ့ဟဲ့၊ ခေါင်းငုံ့ပြီး စဉ်းစားရင် နဂိုကတည်းက ရှုံးနိမ့်သလို ဖြစ်တာပေါ့၊ သိလည်း သိဘဲနဲ့ .."

ဖိုးထောင် စကားကြောင့် မိချက် တို့လည်း ခေါင်းမော့ပြီး စဉ်းစားပါသည်။

တောကြောင် ကတော့ ရှေ့တည့်တည့်ကြည့်ပြီး စဉ်းစားပါတယ်။

တည့်တည့်သွားရမယ့် စီမံချက်လေ ..။

"ဟုတ်ပြီ .."

တောကြောင် ရှေ့ကြည့်ပြီး လက်ဖျောက်တီးတော့ သူ့တပည့်တွေက ဝမ်းသာအားရနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"အကြံ တွေ့ပြီလား .."

ဖိုးထောင် ငါးခူစဥ်းကော အပြုံးနဲ့ ရှေ့ကို လက်ညှိုးညွှန်ကာ ...

"ဟိုမှာလေ .."

သူတို့သုံးယောက် ရှေ့ကိုကြည့်တော့ ...

"ဟာ .. နတ်ကတော် အခြောက်ကြီး၊ ဘာများလဲလို့ ..."

ဖိုးထောင် စိတ်ပျက်သံနဲ့ပြောတော့ တောကြောင် ဖိုးထောင့် ခေါင်းကို ခေါက်ရင်း ...

"ချီးဘရိန်း ချီးဦးနှောက်ပဲရှိတဲ့ကောင် ..၊ တွေးဆိုရင် မတွေးဘူး၊ မင်းတို့ကြည့်နေ .. ဟော့ .. အပျိုမဒမ်း အသေလန်းတဲ့ မျောက်မနိုင်ရွာသူ သဘောဖြူလေးရေ .. လာပါဦး .."

အပျိုမဒမ်းဆိုတော့ နှစ်ရွာပိုင်နတ်ကတော် ညိုထွန်း သဘောခွေ့သွားပါသည်။

နှစ်ရွာပိုင်ဆိုတဲ့သဘောက နတ်ကတော် ညိုထွန်း က သုံးတောင်ရွာနဲ့ မျောက်မနိုင်ကြားက လယ်ကွက်ထဲမှာ နေသူလေ..၊

အဖေဖြစ်သူက သုံးတောင်ရွာသား ..၊ အမေဖြစ်သူက





မျောက်မနိုင်ရွာသူ၊ နှစ်ရွာလုံးရဲ့အားကိုးရာ ရှာမှရှားတဲ့ နတ်ကတော်လေ ..။

အကြောင်းတိုက်ဆိုင်လို့လား၊ တကယ်ပဲ မှန်လို့လား မသိ.. ရွာဦးကျောင်းက ဆရာတော်နဲ့ မျောက်မနိုင်ရွာက ဆရာတော်က လွဲရင် နတ်ကကော် ညိုထွန်း လည်း ဆရာတစ်ဆူပါပဲ။

အရပ်က ခြောက်ပေနီးပါးရှိပြီး ကလန်ကလားနဲ့ ဒီအခြောက်ကို တောကြောင် အပိုင်ကပ်ထားရမှန်း သိသည်။

"မနှစ်က မာမီညို ကို လှတောရွာကကောင်တွေ ရွာပြင်မှာ ဆွဲကြိုးလုတော့ ကျွန်တော်တို့အုပ်စု ဝင်ကယ်တာ မာမီညို မှတ်မိပါတယ်နော် .."

အညာကို တစ်ချက်ဖမ်းကိုင်လိုက်တော့ မာမီညို လက်တွေက သူ့ပခုံးပေါ်မှာ ပွတ်သီးပွတ်သပ် ...

"မှတ်မိတာပေါ့ သားရယ် .. ဒါကြောင့်လည်း မိချက် နဲ့ မိခါ ကို မှာရတာပေါ့ ..၊ ကြောင်ကြောင် ဘာလိုတယ် ငါ့ကို ချက်ချင်းအကြောင်းကြားလို့ အတန်တန်မှာ ရတာပေါ့ သားရယ်.."

တောကြောင် မျက်နှာ ချက်ချင်းညှိုးကျသွားတော့ ညိုထွန်း



www.burmeseclassic.com

www.burmeseclassic.com



ပျာပျာသလဲနဲ့ ...

"ဟယ် .. သားရယ် .. ဘာအပူမီးတွေနဲ့ မျက်နှာတော် ညှိုနေရတာလဲ၊ မာမီ့ကို ပြော .. မာမီ လုပ်ပေးမယ် .."

ဖိုးထောင် သူ့ဆရာရဲ့အိုက်တင်ကြောင့် သူ့ဆရာကို အထင်ကြီးသွားပါသည်။ မိချက် ကလည်း အဆင်းကို ဘီးရှစ်ဘီး ကိုးဘီးလောက် တပ်ပေးလိုက်ပါသည်။

"မာမီ့သားက မျောက်မနိုင်ရွာက ဂျေချို ဆိုတဲ့ ကောင်မလေးကို တွေ့ချင်လိုတဲ့လေ .."

"ဂျေချို .. ဩော် သိပြီ၊ သူဌေး ဦးစန်းအောင် ရဲ့သမီး ..၊ တွေ့ချင်တာများ သွားတွေ့လိုက်ပေါ့ သားရယ် .."

"တွေ့လို့ မဖြစ်လို့ပေါ့ မာမီညို ရယ် .."

ဖိုးထောင် နဲ့ မိချက် မိခါ တို့က မျောက်မနိုင်ရွာနဲ့ ထန်းထန်းစန်းနိုင် တို့အကြောင်း သေချာရှင်းပြတော့ ...

"မာမီ ပေါက်ပြီ .."

ဖိုးထောင် က နှာခေါင်းပိတ်တော့ မာမီညိုထွန်း က ဖိုးထောင်ခေါင်းကို ခေါက်ပါတယ်။





"ဟဲ့ .. အဲဒီပေါက်တာ ပြောတာမဟုတ်ဘူး၊ သဘောပေါက်တာကို ပြောတာ ..၊ ဒီတော့ မာမီက ဂျေချို နဲ့တွေ့အောင် အကူအညီပေးရမယ်ပေါ့၊ ကြံစမ်း မိညို .. မိညို ကြံစမ်း ..၊ ရုပ်ဆိုးဆိုးကိုသာဗျော တောင် ဆယ့်ရှစ်နှစ်သမီးနဲ့ ရသေးတာပဲ"

မာမီညို ကြံပါသည်။

ပြီးတော့ အဲဒီအကြံအစည်ကို တောကြောင် ကို ရှင်းပြပါသည်။

ပြီးတော့ လက်ဝါးချင်းရိုက်လိုက်ကြပါသည်။



www.burmeseclassic.com

www.burmeseclassic.com



**နတ်**ကတော် ညိုထွန်း စကားကြောင့် အားလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားပါသည်။

ဦးစန်းအောင် ကတော့ ညိုထွန်း စကားဆို ဘယ်အချိန်ဖြစ်ဖြစ် ယုံကြည်သည်လေ ..။

ဘာလို့လဲဆိုတော့ သူ့စီးပွားရေးအတွက် ယတြာတွေ ဘာညာအဆောင်တွေကအစ ညိုထွန်း က စီမံပေးသည်လေ။

အခုလည်းကြည့် .. ညိုထွန်း က ရွာရဲ့လူကြီးမိဘတွေကို အရေးတကြီးခေါ်ခိုင်းပြီး ဦးစန်းအောင် အိမ်မှာ စုခိုင်းထားပြီး အခုလိုပြောခြင်း ဖြစ်ပါသည်။





"အခုလို ဒီအိပ်မက်ကို သုံးရက်ဆက်မက်တာ ကိုကြီးစန်းအညို့ အိပ်မက်ထဲမှာ ဆင်ဖြူတော်တစ်ကောင် ရောက်လာတယ်..၊ ဆင်ဖြူတော်ကြီးက မျောက်မနိုင်ရွာက ဆုတောင်းပြည့်စေတီတော်ကို သုံးကြိမ်ပတ်ပြီး ပူဇော်တယ် ..၊ ပြီးတော့ ဒီရွာရဲ့အထင်ကရ ပုဂ္ဂိုလ်အိမ်ရှေ့မှာ တစ်ညတာ ကွမ်းခိုမယ်လို့ ပြောတယ် .."

အညို့ စကားကြောင့် ရွာထဲက ကိုဘတုတ် က ...

"ဆင်က ဆင်စကားနဲ့ပြောတာ အမေညို က ဘယ်လိုသိလဲ .."

ညိုထွန်း အိုးတိုးအမ်းတမ်း ဖြစ်သွားရင်း ...

"ဟဲ့.. ကလောင် အဲ မဟုတ်ပါဘူး၊ ဟဲ့ကောင် .. အိပ်မက်ထဲမှာတော့ ဆင်စကားဆိုပေမယ့် လူလိုပဲ ပြောတာပေါ့ဟဲ့"

ရွာလူကြီး ဦးဘိုလေး က တွေးတွေးဆဆနဲ့ ...

"ဆင်ဖြူဆိုတာ အတိတ်နိမိတ်ကောင်းတယ်၊ အင်း .. ခက်တာက တိုင်ပင်ရအောင်ဆိုလို့ ရွာကဆရာတော်ဘုရားကလည်း မြို့တက်သွားတော့ ဒီက ညိုထွန်း ကိုပဲ မေးရမှာပေါ့၊ အဲဒါ အိပ်



www.burmeseclassic.com

www.burmeseclassic.com



မက်က ဘာအဓိပ္ပာယ်လဲ ..”

ညိုထွန်း သူ့ခွင်ထဲရောက်ပြီဆိုတာ သိလိုက်တာကြောင့်...

“ဩော် .. ဆင်ဖြူရတနာဆိုတာ ဗုဒ္ဓဘာသာတွေရဲ့ အထွတ်အမြတ်ပဲလေ၊ ဒီရွာကြီး ကြီးပွားတိုးတက်မယ်ဆိုတဲ့ အဓိပ္ပာယ်ပေါ့ ..”

“အင်း .. အထင်ကရပုဂ္ဂိုလ်ဆိုတော့ ခင်ဗျားအိမ်ရှေ့မှာပဲ အဲဒီဆင်ဖြူကိုထားတာ အကောင်းဆုံးပဲ ကိုစန်းအောင်၊ ခက်တာက အဲဒီဆင်ဖြူတော်ကို ဘယ်လိုရှာမလဲ ..”

ရွာလူကြီး ဦးဘိုလေး အမေးကြောင့် ညိုထွန်း က ခပ်နွဲ့နွဲ့လေး ရယ်ပြီး ...

“လွယ်ပါတယ် .. ဆင်မည်းကို ဆင်ဖြူဖြစ်အောင် ဆေးသုတ်လိုက်ပေါ့”

“ဟဲ့ .. ညိုထွန်း .. အဲဒီဆင်မည်းကို ဘယ်လိုရှာမလဲ ..”

ဦးဘိုလေး အမေးကြောင့် ညိုထွန်း က မျက်စမျက်နနဲ့ အခုလို ပြောပါတယ်။

“ဦးလေးနဲ့ သုံးတောင်ရွာက ဆရာတော်နဲ့ သိနေတာပဲ၊





သူတို့မှာ ဘုရားပွဲတွေကျရင် ကပြတဲ့ ဆင်ရုပ်ကြီး ရှိတယ်လေ၊ ဆရာတော်ကို လျှောက်ရင် ငှားမှာပါ”

သုံးတောင်ရွာဆိုတော့ ထန်းထန်းစန်းနိုင် နှာခေါင်းရှုံ့သည်။

ဒီလိုနဲ့ ရွာလူကြီး ဦးဘိုလေး ...၊ ရွာမျက်နှာဖုံး ဦးစန်းအောင် အပါအဝင် လူကြီးတချို့ သုံးတောင်ရွာကို သွား..၊

ဆရာတော်ကို အကျိုးအကြောင်းပြောပြီး ကျောင်းအောက်ထပ်က ဆင်ရုပ်ကြီးကို ငှားပါတယ်။

ဆရာတော်က အခုလို ပြောပါတယ်။

“ဟဲ့ .. ငါ့ဆီမှာရှိတဲ့ဆင်က လူဝင်ပြီးကတဲ့ဆင် မဟုတ်ဘူးဟဲ့၊ အလှပြသက်သက် ဆင်ရုပ်၊ အောက်က ဘီးတွေနဲ့တွန်းပြီး သယ်မှ ရမှာ ..”

“ရပါတယ်ဘုရား .. တပည့်တော် ရွာထဲကလူတွေနဲ့ မနက်ဖြန် မနက်စောစော လာသယ်ပါ့မယ် ဘုရား ..”

“အေး .. အေး .. အဆင်ပြေတယ်ဆိုရင် ပြီးတာပါပဲ၊ ပျက်တော့ မပျက်စီးစေနဲ့နော် ..”



www.burmeseclassic.com

www.burmeseclassic.com



"တင့်ပါ ..၊ ပျက်ရင် တပည့်တော်တို့ ပြင်ပေးပါ့မယ် ဘုရား.."

ဒီလိုနဲ့ နောက်နေ့မနက် သူတို့ ဆင်ရုပ်ကို လာယူမယ်လို့ ဆရာတော်ကို လျှောက်တင်ပြီး ပြန်ခဲ့ကြပါသည်။





"ကိုရင် ဘယ်အချိန် လာရမလဲ .."

ကိုရင်တွေနဲ့တိုင်ပင်ပြီး ဆရာတော် မသိအောင် ဆင်ရုပ်ထဲကို ဝင်မယ့်အချိန်ကို မှာရပါတယ်။

ကိုရင်လေးတစ်ပါးက ကျောင်းပေါ်ကို မော့ကြည့်ပြီး အသံတိုးတိုးနဲ့ ..၊

"မနက် အရုဏ်ဆွမ်းစားတဲ့အချိန် ဆင်ဖင်ပိုင်းမှာ အံဝှက်ရှိတယ် .. ဒကာကြီး၊ ဒကာကြီး ဖွင့်ပြီး အထဲသာ ဝင်နေတော့"

"စိတ်ချ ကိုရင် .."

"ဒကာကြီးဘက်ကလည်း ကိုရင်တို့အတွက် လက်ကိုင်ဂိမ်းကစားစရာ ဝယ်ပေးရမယ်နော် .."



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ချစမ်းပါ ကိုရင် ရယ် .. တပည့်တော် လူကြုံနဲ့မှာလိုက်ပါပြီ၊ မနက်ဖြန် ရစေရမယ် .."

"ဟဲ့ .. ဘယ်သူလဲ .."

ရုတ်တရက် ကျောင်းပေါ်က ဆရာတော်ရဲ့အသံကြောင့် တောကြောင် လန့်ဖျန့်ပြီး ...

"ဆင် ပါ ဘုရား .."

"ဟာ!... ဒကာကြီး .."

"ဟို .. တောကြောင် ပါ ဘုရား .."

ဆရာတော်က ကျောင်းပေါ်ကဆင်းလာပြီး လက်နှိပ်ဓာတ်မီးတလိုးထိုးနဲ့ တောကြောင် နဲ့ ဖိုးထောင် ကို ကြည့်ကာ ...

"ဟဲ့ .. ညကြီးမင်းကြီး ဘာလာလုပ်တာလဲ .. ကျောင်းကို .."

တောကြောင် ခပ်တည်တည်နဲ့ လက်အုပ်လေး ချီပြီး ...

"ဟို .. တပည့်တော်အဘ ဦးဇရမ်း နဲ့ ရွာလူကြီး ဦးဖိုးထောင်တို့က မနက် မျောက်မနိုင်ရွာက ဆင်ရုပ် လာယူကြမယ်ဆိုလို့ ဆင်ရုပ်အပေါက်အပြဲရှိရင် ဖာဖို့ မှာလိုက်လို့ပါ ဘုရား .."





ဆရာတော်က တောကြောင် ရဲ့အဖြီးအဖိန့်ကို ယုံကြည်ဟန်ရှိပါသည်။

"အေး .. အေး .. သေချာစစ်ဆေးပြီး ပေးလိုက်၊ တစ်ရွာနဲ့တစ်ရွာဆိုတာ ကူညီကောင်းပါတယ်၊ ကဲ .. ဘုန်းကြီးလည်း ဘုရားရှိခိုးရဦးမယ်၊ ခိုင်းစရာရှိရင် ကိုရင်တွေကို ခိုင်း .. ကြားလား .."

"စိတ်ချပါ ဘုရား"

ဆရာတော် ကျောင်းပေါ်တက်သွားတော့ တောကြောင် အခုမှ သက်ပြင်းချရပါသည်။

ဒီလိုနဲ့ ကိုရင်တွေကို မှာစရာရှိတာ မှာကြားပြီး မနက်ဆွမ်းမစားမီ အရောက်လာခဲ့မယ်လို့ ကိုရင်တွေကိုပြောပြီး ပြန်လာပါတယ်။

အဲဒီညက ဖိုးထောင် ရဲ့တဲမှာ ပြင်ဆင်စရာရှိတာ ပြင်ဆင်ပါသည်။

အရှံသင့်စားစရာ ငှက်ပျောသီးတစ်ဖီးနဲ့ သောက်ရေအတွက် ရေဗူးတစ်ဗူး ရှာထားခဲ့ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ အကြိုအောင်ပွဲအတွက် အရက်ဝိုင်းဖြင့် ဧည့်[illegible]
သည်။

မာမီညို က မူးမူးနဲ့ မှာပါသည်။ အလွန်အကျွံ မသောက်မိ[illegible]
ကိစ္စပေါ့ ..။





**နောက်**တစ်နေ့ မနက်စောစော တောကြောင် ဆရာတော် အရဏ်ဆွမ်းဘုဉ်းပေးနေချိန်မှာ ဆင့်ရုပ်ထဲ တိုးဝင်နေလိုက်ပါသည်။ မနက်မိုးလင်းတော့ မျောက်မနိုင်ရွာက ရွာသားတွေနဲ့ လူကြီးတွေက ဆင်ရုပ်ကြီးကို လာယူကြပါသည်။

ဆင်ရုပ်ကြီးရဲ့အောက်ခြေက ဘီးတွေနဲ့မို့ အဆင်ပြေပါသည်။ ဒီလိုနဲ့ မျောက်မနိုင်ရွာကိုရောက်တော့ ဆိုင်းတွေဗုံတွေ တီးပြီး ဆင်ဖြူတော်ရုပ်ကို ကြိုဆိုကြသည်။ ချက်ချင်း ပျော်ပွဲရွှင်ပွဲတွေ ကျင်းပပါသည်။

ပြီးတော့ ဆုတောင်းပြည့်စေတီတော်ကို သုံးကြိမ် ရစ်ပတ်ပူဇော်ပြီး သူဌေး ဦးစန်းအောင် ရဲ့အိမ်ရှေ့မှာ ရာဇမတ်ကွက်ကာပြီး တစ်ညတာ ကွန်းခိုပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီလိုနဲ့ ညဦးရောက်တယ် ဆိုပါတော့ ..။

"ကဲ .. ကဲ .. ဆင်ရုပ်ကြီးကို ဟိုကောင် စန်းနိုင် နဲ့ သူ့အုပ်စု ဒီည စောင့်ကြည့်ကြ၊ မနက် သုံးတောင်ရွာကို ပြန်ပို့ရမယ်ဆို တော့ ပျက်စီးသွားလို့ မကောင်းဘူး .."

ရွာလူကြီးတွေနဲ့ ဦးစန်းအောင် တို့က သေသေချာချာမှာပြီး ထားခဲ့ကြပါတယ်။

ပထမ ညဦးပိုင်းကတော့ ဖျတ်လတ် တက်ကြွနေတာပေါ့။ ဦးစန်းအောင် က ဘုရားရှိခိုးပြီး အိပ်ဖို့ပြင်ဆင်နေချိန် နောက်ဖေး မီးဖိုချောင်က ဟင်းအိုးဖွင့်သံကြောင့် ...

"ဟဲ့ .. ညကြီးမင်းကြီး နောက်ဖေးက ဘယ်သူလဲ .."

"သမီးပါ အဖေရဲ့ .."

ထမင်းပန်းကန် ဟင်းပန်းကန်တွေနဲ့ ထွက်လာတဲ့ သမီးဖြစ်သူ အေးချို ကြောင့် ဦးစန်းအောင် မျက်မှောင်ကြုတ်ပြီး ...

"ဟဲ့ .. ဒီအချိန်ကြီးကျမှ ထမင်းပန်းကန် ဘယ်ယူသွားမလို့ လဲ .."

အေးချို က မျက်နှာမပျက်အောင် သတိထားပြီး ...





"ဒီတစ်ရက်နှစ်ရက် ဘာဖြစ်မှန်းမသိပါဘူး အဖေရယ် ..၊ တစ်ရေးနိုး ဗိုက်က ဆာပြီ၊ အဲဒါနဲ့ အသင့်ရှုးထားတာ အဖေ"

"အေး .. အေး.. ကြွက်တွေ ဘာတွေလဲ သတိထား .."

"ဟုတ်ကဲ့ အဖေ"

ဂျေချို အခန်းထဲ တစ်ခါတည်း ဝင်ပြေးရပါသည်။ အထဲ ရောက်တော့မှ သက်ပြင်းချရပါသည်။

မာမီညိုထွန်း တိုးတိုးကျိတ်ကျိတ် မှာထားလို့ သူမ အကုန် သိပြီးထားပါပြီ။ ဒီအချိန်ရောက်တော့မှ မူနေလို့လည်း မဖြစ် တော့ ..။

အခန်းထဲရောက်တော့ သူမ ပြတင်းတံခါးဟပြီး အသာ ကြည့်မိသည်။ ဆင်ရုပ်ဖင်ပိုင်းက သူမအခန်းတံခါးနဲ့ တည့် တည့် ..။

ဒါ မာမီညို့ အကြံလေ ..၊ သူ့အစ်ကို ထန်းထန်းစန်းနိုင် နဲ့ အဖော်တွေက တိုးတိုးနဲ့ စကားတွေပြောကြပြီး အဖေ့အရိပ် အခြည်ကို ကြည့်ပုံရပါတယ်။

နောက်တော့ အဖေ အိပ်မှန်းသိတာကြောင့် အသာလက်တို့



www.burmeseclassic.com

www.burmeseclassic.com



ပြီး ထွက်သွားကြပါတယ်။

ဒီအချိန်ဆိုတော့ သူရာရည်မှိုဝဲဖို့ ကျိန်းသေပါသည်။

ဂျေချို အခြေအနေကို အကဲခတ်ပြီး လူရှင်းပြီဆိုတာ သေချ

ပြီဆိုတော့မှ အသင့်ကောက်ထားတဲ့ ခဲလေးသေးသေးနဲ့ ဆင်ရု

ကို နှစ်ခါ သုံးခါ ပေါက်လိုက်ပါသည်။

ခဏအကြာမှာတော့ ဆင်ရုပ်နောက်ပိုင်းက အံဝှက် ပွင့်လာ

ပါသည်။ လူတော့ မမြင်ရသေးပါ။

နောက် ပျဉ်ပြားအရှည်တစ်ခု ထွက်လာပြီး သူမ အခန်

တံခါးပြတင်းပေါက်ပေါ် လှမ်းတင်လိုက်သည်။

တစ်အောင့်ကြာတော့ ရွှေမင်းသားလေး တောကြောင် ပျဉ်

ပြားကတစ်ဆင့် သူမအခန်းဆီ ကူးလာပါသည်။ ဂျေချို ရင်တေ

ဖိုမိပါသည်။

အခန်းထဲရောက်တော့ ပျဉ်ပြားကို ပြန်ယူ၊ ပြတင်းတံခါးကိ

ပြန်ပိတ်ပါသည်။

“ဝူး .. အထဲမှာ မွှန်းလိုက်တာ ဂျေဂျေ ရာ ..”

ပြောပြောဆိုဆို သူမဘေးမှာ ကပ်ထိုင်တော့ ...





“ရှူး... တိုးတိုး၊ အဖေ မအိပ်သေးဘူး ထင်တယ်”

“ဟဲ့ သမီး .. ဘယ်သူနဲ့ စကားပြောနေတာလဲ ..”

ရုတ်တရက် ဦးစန်းအောင် ရဲ့အသံကြောင့် ဂျေချို ကမန်း

ကတန်း လှမ်းပြောရပါသည်။

“ဆင်နဲ့ အဖေ ..”

“ဟဲ့!...”

“ဟို.. အိပ်မက်ထဲမှာ ယောင်ပြီး ပြောနေတာပါ အဖေ”

“ဩော် .. ငါ့သမီးက အစွဲအလမ်းကြီးတာကို၊ အိပ် .. အိပ်

တော့ သမီး ..”

တောကြောင် က ဂျေချို့ ပခုံးလေးကိုဖက်ပြီး ဖြုံးဖြီးဖြီး

နဲ့...

“အိပ်တော့တဲ့ အဖေက ပြောနေတယ် ..”

ဂျေချို ရှက်ရှက်နဲ့ တောကြောင် ကို ဆွဲဆိတ်တော့ ...

“အား!...”

ဂျေချို တောကြောင် ပါးစပ်ကို ကမန်းကတန်း လှမ်းပိတ်ရ

ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"တိုးတိုးလုပ်ပါ .. အဖေ ရောက်လာမှ ဟုတ်ပေ့ဖြစ်နေ မယ်.."

"ဂျေဂျေ ကိုကိုကြောင် နဲ့ မနက်ကျရင် တစ်ခါတည်း လိုက် ခဲ့တော့ကွာ .."

"ဟာ!... မလိုက်ရဲပါဘူး၊ ပြီးတော့ ကိုကိုကြောင့် ကို ဂျေဂျေ မှ အဖြေမပေးရသေးတာ .."

"ဟင် .. ဟုတ်ပါရဲ့၊ ကိုကိုကြောင် လည်း ဂျေဂျေ့ ကို ချစ်တယ် မပြောရသေးဘူး၊ ဟာ .. ထားပါ၊ ကိုယ်တို့အခြေအနေ က အဲလိုပြောစရာ မလိုအောင် သိနေကြတာပဲ၊ ကဲ .. လိုက်ခဲ့ကွာ၊ ဂျေဂျေ နဲ့ ကိုကိုကြောင် က တစ်ခါတွေ့ဖို့ လွယ်တာ မဟုတ် ဘူး .."

တောကြောင် ပြောတာလည်း ဟုတ်နေတာကြောင့် ဂျေချို ဆုံးဖြတ်ချက်ချရပါသည်။

"ကဲ .. ဗိုက်ဆာနေပြီ မဟုတ်လား ..၊ ဒီမှာ ထမင်း အသင့်ရှုး ထားတယ်၊ စားလိုက်ဦး .."





တောကြောင် ဟန်မဆောင်နိုင်တော့။

တစ်နေကုန် တစ်နေ့ခန်းဆိုတော့ ပါလာတဲ့ ငှက်ပျောတစ်ဖီး လည်း ပြောင်ပြီလေ။

တောကြောင် ဂျေချို ခူးပေးထားတဲ့ ထမင်းနဲ့ဟင်းကို အငမ်း မရ စားပါတော့သည်။ ဂျေချို တောကြောင် ကို သနားလည်း သနားမိပါသည်။

ထမင်းစားသောက်ပြီးစီးတော့ တစ်ညလုံး တိုးတိုးတိတ် တိတ် စကားပြောလိုက် ..၊

ချစ်ကျီစယ်ကြနဲ့ မနက်မိုးလင်းခါနီးလောက်မှ သူတို့နှစ် ယောက်သား ပြတင်းတံခါးပေါက်မှတစ်ဆင့် ဆင်ရုပ်ထဲ ပြန်ဝင် နေလိုက်ကြပါတယ်။

မနက်မိုးလင်းတော့ ဆင်ရုပ်ကြီးကို ပြန်ပို့ရမယ်ဆိုတာ ကြောင့် သမီးဖြစ်သူကို ဦးစန်းအောင် သတိမထားမိ ..။ အိပ်နေ တယ်ပဲ ထင်တာပေါ့။

ထန်းထန်းစန်းနိုင် တို့အုပ်စုက ဆင်ရုပ်ကြီးကို ကြိုးနဲ့ ဆွဲသူက ဆွဲ၊ တွန်းသူက တွန်းနဲ့ သုံးတောင်ရွာကို ပြန်သယ်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ကြပါသည်။

ရွာသားတစ်ယောက်က ...

“ထူးတော့ ထူးဆန်းတယ်ဟေ့၊ အမေညို ပြောတာ မှန်တယ်၊ ငါတို့ သယ်လာတုန်းက ဆင်ရုပ်က ဒီလောက်မလေးပါဘူး၊ အခု အပြန်ကျတော့ လေးလာသလိုပဲ ..”

“ဒါပေါ့ကွ .. ငါတို့ရွာမှာ ဒီဆင်ရုပ်ကြီး အပူဇော်ခံတော့ ငါတို့ရွာရဲ့ အဖူးအပွင့်တွေကို ဒီဆင်ဖြူတော်ကြီးက အင်ပြည့် အားပြည့် ကြည်ကြည်ဖြူဖြူ လက်ခံလိုက်တဲ့သဘောပေါ့ကွာ..”

သူတို့အထင်နဲ့သူတို့ကတော့ ဟုတ်နေပါသည်။

ဆင်ရုပ်ကြီးကို ဆရာတော်ကျောင်းမှာအပ်ပြီး သူတို့ ပြန်လာခဲ့ကြပါသည်။

ကျောင်းဝန်းနားမှာ ဖိုးထောင် တို့အုပ်စုက ရစ်သီရစ်သီနဲ့ ပေါ့ ..။

ဖိုးထောင် တို့အုပ်စုနဲ့ ကိုရင်လေးတို့အုပ်စုက ဆရာတော် အလစ်မှာ တောကြောင် နဲ့ ဂျေချို ကို ဆင်ရုပ်ထဲက ထုတ်သည်။ ဂျေချို ကို မြင်တော့ ဖိုးထောင် တို့ အံ့သြသွားပါတယ်။





“ဟင် .. တစ်ခါတည်း ခေါ်လာတယ် ..”

“ဟ .. မခေါ်လို့ ဖြစ်မလားဟ၊ အခြေအနေက ဒီအခြေအနေ ဆိုက်နေတော့ မထူးဘူးဆိုပြီး တစ်ခါတည်း ခေါ်လာတာ၊ ကဲ.. ဖိုးထောင် တဲ သွားမယ် ..၊ မြန်မြန်လုပ် ..”

သူတို့ ခပ်သုတ်သုတ်နဲ့ထွက်သွားတာကို ချောင်းကြည့်နေ တဲ့တစ်ယောက် ရှိပါတယ်။ အဲဒီသူက ဟန်နီရွှေအုံ ရဲ့ သူလျှို ဒေစီဂွတ်ထော် ပါ။

ဒီလိုနဲ့ ဒေစီဂွတ်ထော် ဆီက ရခဲ့သည့်သတင်းကြောင့် ဟန်နီရွှေအုံ အော်ကြီးဟစ်ကျယ် ငိုပါတော့သည်။

“အမလေး .. အမေရဲ့ .. သမီး လင်မရတော့ဘူး ထင်ပါ တယ်၊ အီး .. ဟီး ..”

ဟန်နီရွှေအုံ ရဲ့ငိုသံကြောင့် ဒေါ်ရွှေအုံ ရင်ဖိရပါသည်။

“မငိုပါနဲ့ သမီးရယ် .. မဖြစ်ဘူး၊ ဒီအကြောင်းကို ကိုဗရမ်း ကို ပြောမှဖြစ်မယ်၊ သမီးပါ လိုက်ခဲ့ ..”

ဒီလိုနဲ့ သုံးယောက်သား ဦးဗရမ်း အိမ်ကို ရောက်လာခဲ့ပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကိုဗရမ်း ရှင့်တူလုပ်ပုံ ကောင်းရဲ့လား .."

"ဟင် .. ဘယ်သူလုပ်သွားတာလဲ၊ မင်းကိုလား .."

"ဟာ!... အရေးထဲ .. ရှင့် တူမောင် မျောက်မနိုင်ရွာက ဦးစန်းအောင် သမီးကို ခိုးလာတယ်တဲ့ .."

"ဟာ!... ဟုတ်လို့လားဟာ .."

"အို .. ဟုတ်ပါတယ်ဆို ..၊ ဒီကိစ္စကို ဘယ်လိုရှင်းမလဲ၊ ရှင်နဲ့ အပြောတစ်မျိုး အလုပ်တစ်မျိုး မလုပ်နဲ့ .."

"တောက် .. ငါ လက်နဲ့ရေးတာကို ခဲဖျက်နဲ့ဖျက်တဲ့ကောင် တွေ့မယ်၊ ဆရာလေး ဘယ်လိုလုပ်ကြမလဲ .."

ဦးဗရမ်း အားကိုးတကြီးနဲ့ ဆရာလေး ကို တိုင်ပင်ရပါသည်။

ဆရာလေးကလည်း ...

"အခုမှတော့ သူတို့ကို အရင်ရှင်းရမှာပေါ့"

ဦးဗရမ်း မယူရသေးတဲ့မိန်းမရှေ့မှာ ဒေါသတွေ စွတ်ထွက်ပြနေရပါသည်။

"ဒီကောင် ဝါမဝင်ခင် ငါ့ထက်အရင် ဦးအောင်လုပ်သွားတာ





ပဲ .."

"ဟာ .. ရှင်ကလည်း အရေးထဲ ..၊ သူတို့ကို ဘယ်မှာရှာရမှာလဲသာ အရင်လုပ် .."

"သေချာပါတယ် အုံ့အုံ့ ရယ်၊.. ဒီကောင် ဖိုးထောင် တဲက လွဲပြီး ဘယ်မှ သွားမှာမဟုတ်ဘူး၊ လာ .. လိုက်ကြမယ်"

သူတို့ လူစုတဝေးကြီး ဖိုးထောင် တဲကို လိုက်ကြပါသည်။

ဖိုးထောင် တဲ ရောက်တော့ ထင်သည့်အတိုင်းပင် ကွက်တိပါပဲ ..။

တောကြောင် သူအဘ ဦးဗရမ်းနဲ့ ဟန်နီရွှေအုံ့ တို့ကို ရုတ်တရက် တွေ့လိုက်တာမို့ ဂျေချို့ လက်ကို ဆွဲပြီးပြေးဖို့ပြင်တော့...

"ဟေ့ကောင် .. မင်း ဘယ်ပြေးမလဲ .."

"အဘနော် အဘ .. သား ဒီဟာကြီးကို မယူဖူးလို့ ပြောထားပြီးပြီနော် .."

"ဘာ .. ကိုကိုကြောင် .. အုံ့အုံ့ ကို မယူဘူး၊ အီး .. ဟီး.. အမေ တွေ့လား၊ သမီးကို မယူဖူးတဲ့၊ ဒါပဲနော် .. သမီးကတော့ ယူမှာပဲ .."



www.burmeseclassic.com

www.burmeseclassic.com



ဂျေချို ကိုယ်တိုင်လည်း ကြောက်လန့်နေမိပါသည်။ တော်သေးတာပေါ့ ..၊ ဒီဟာမကြီးအကြောင်း ဂျေချို ကို သေချာပြောပြထားလို့ပေါ့။

ဦးဗရမ်း သူ့တူနဲ့ နှစ်ယောက်သား တိုးတိုးကျိတ်ကျိတ် တိုင်ပင်ရပါသည်။

"ငါ့တူ ဘယ်လိုလုပ်မလဲ .."

"ဟာ .. အဘကိစ္စပဲ ..၊ အဘ နှစ်ယောက်လုံးကို ယူလိုက်ပေါ့ .."

"ခွေးကောင် .. မင်း ဒီလိုကြီးတော့ ဖွတ်တရွတ် မလုပ်လိုက်ပါနဲ့ကွာ ..၊ ငါ့ချစ်ချစ် အုံအုံ က ငါ့ကိုမယူရင် ဘယ်လိုလုပ်မလဲ..၊ အလိုက်သင့်လေး နေပေးလိုက်ပါကွာ ..၊ ဒီက သမီးလေးလည်း အဘ တောင်းပန်ပါတယ်"

ဂျေချို လည်း ဘာပြောလို့ပြောရမှန်း မသိ။ ဒီလိုနဲ့ ညနေစောင်းလို့ မှောင်သည်အထိ ဟန်နီရွှေအုံ က အဲဒီနေရာက တစ်လက်မမှ မရွေ့ ..။

တောကြောင် လည်း အခက်တွေ့နေပါသည်။





ဖိုးထောင် တို့အုပ်စုလည်း ခပ်လှမ်းလှမ်းကနေ အခြေအနေကို အကဲခတ်နေပါတယ်။ ခေါင်ရွှေအုံ ကိုယ်တိုင် သူ့သမီးကို ခေါ်လို့ မရ ..။

အာဂသတ္တိနဲ့ ဟန်နီရွှေအုံ ..။

"ကဲ .. ခေါ်မရလည်း သမီး နေခဲ့ .."

နောက်ဆုံး မထူးတော့ပါဘူးဆိုပြီး တောကြောင် ကို အလယ်မှာထားကာ ဂျေချို နဲ့ ဟန်နီရွှေအုံ တစ်ဖက်တစ်ချက်မှာ ညှပ်အိပ်ပါတော့သည်။

ဖိုးထောင် တို့ကတော့ သဘောတွေ ကျနေပါသည်။

"တို့ဆရာ ဆရာကြောင် ကတော့ နှစ်ယောက်ကြီးများနဲ့ အတူ အိပ်ရတာ နည်းတဲ့ကုသိုလ်ကံ မဟုတ်ဘူး၊ ဟိ .. ဟိ .."

ဖိုးထောင် စကားကြောင့် မိချက် က ပြုံတီတီနဲ့ ...

"နင်လည်း အိပ်ချင်ရင် ငါတို့နှစ်ယောက်အလယ်မှာ အိပ်လေ .."

ဖိုးထောင် မျက်နှာကြီး ရှုံ့မဲ့သွားပါသည်။ သူတို့ အထင်ကြီးနေတဲ့ ဆရာကြောင် ရဲ့ဖြစ်ရပ်ကတော့ ...



www.burmeseclassic.com

www.burmeseclassic.com



တောကြောင် အလယ်မှာ ပက်လက်ကြီး အိပ်နေရပါတယ်။ အသာလေး မသိမသာ ဂျေချို့ ဘက်လှည့်တော့ မီးခြစ်ခြစ်သံနဲ့ အတူ ဟန်နီရွှေအုံ က ငုတ်တုတ်ထထိုင်ပြီး ...

"ဒါ ဘာလုပ်တာလဲ .."

လက်ထဲမှာ မီးခြစ်ကိုခြစ်ထားပြီး ဒေါသတကြီးနဲ့ ဟန်နီရွှေအုံ။

"ဟို .. ဟို .. ညောင်းလို့ .."

သွားဖြဲလေးနဲ့ပြောပြီး ပြန် ပက်လက်လှန်အိပ်နေရပါတယ်။ နောက် ကြာတော့ ညောင်းလာတာပေါ့။

ဒါနဲ့ ဟန်နီရွှေအုံ့ ဘက် ဖြည်းဖြည်းလှည့်တော့ မီးခြစ်ခြစ်သံနဲ့အတူ ...

"ဒါ ဘာလုပ်တာလဲ .."

ဂျေချို့ကလည်း ဘယ်လိုကြံစည်ထားသည် မသိ။ သူ့မလက်မှာ မီးခြစ် ..။

"ဟို .. ညောင်းလို့ .."

တောကြောင် ခမျာ တစ်ညလုံး ဝဋ်ခံနေရပါသည်။





မနက်မိုးလင်းတော့ လူလည်း တောင့်တောင့်ကြီး ဖြစ်နေသလို မထင်မှတ်တဲ့ ဧည့်သည်တွေကို တောင့်တောင့်ကြီး ဧည့်ခံနေရပါတယ်။

သူ့ရဲ့ တောင့်တောင့်ကြီးပုံစံကိုမြင်တော့ ထန်းထန်းစန်းနိုင်ရင်ထုမနာ ဖြစ်ခဲ့ရပါသည်။

"အဖေ .. ဒီကောင် လေငန်းဖြတ်လောက်အောင် ညီမလေးကို .. ဟာ!... ဒီကောင် ..."

"မဟုတ်ပါဘူး ထန်းထန်း ရာ ..၊ ငါ့ကိစ္စနဲ့ငါ ..."

"ညီမလေး လာစမ်း .."

"မလိုက်ဘူးနော် အစ်ကို"

"ဟော့ကောင် .. ဂျေချို က ငါ့မိန်းမ ဖြစ်သွားပြီနော် .."

"ဘာ ငါ့မိန်းမလဲ .. လာမရှိုးနဲ့၊ ငါ အားလုံးကြားပြီးပြီ၊ မင်း .. ဟန်နီရွှေအုံ နဲ့ ငါ့ညီမကို နှစ်ယောက်ပေါင်းလို့ ရမလား"

ဟိုဘက်ကဆွဲ ဒီဘက်ကဆွဲနဲ့ ရှုန်းရင်းဆန်ခတ် ဖြစ်နေပါသည်။

သူ့ရွာ ကိုယ့်ရွာနဲ့ ပြဿနာက တဖြည်းဖြည်း ကြီးမလာအောင်



www.burmeseclassic.com

www.burmeseclassic.com



ဦးစန်းအောင် နဲ့ ဦးဗရမ်း ဝင်ထိန်းရပါသည်။

"ကဲ .. ကဲ .. ဒီလိုလုပ်၊ အခုအခြေအနေကတော့ လူကြားလို့လည်း မကောင်းဘူး၊ ခင်ဗျားတို့ဘက်က တစ်မှု ရှင်းသွားပြီဆိုရင် ကျုပ်သမီးနဲ့သဘောတူဖို့ ကျုပ် စဉ်းစားပေးမယ်၊ အခုတော့ ကျွန်တော့်သမီးကို ပြန်ခေါ်သွားပါရစေ .."

"ဟုတ်ပါတယ် .. ကိုစန်းအောင် ပြောတာလည်း မှန်ပါတယ်၊ ဖြစ်လည်း ဖြစ်သင့်ပါတယ်၊ စိတ်လျှော့လိုက်ပါ ငါ့တူရာ..၊ အဘလည်း အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးပါမယ် .."

"ဟာ!... မဖြစ်ဘူး အဘ၊ သူတို့ခေါ်သွားရင် ကျုပ် ဂျေချိုကို တစ်သက်လုံး တွေ့ရမှာ မဟုတ်ဘူးဗျ .."

ဆရာလေး မောင်ရင် က တောကြောင် ကို ဖျောင်းဖျရပါသည်။

"ငါရှိပါတယ် တောကြောင် ရာ.. ငါ ကတိပေးတယ်၊ အခုတော့ စိတ်လျှော့လိုက်ပါကွာ .. နော် .."

တောကြောင် က လက်မခံ။

နောက်ဆုံးတော့ ဟိုဘက်ကဆွဲ ဒီဘက်ကတားနဲ့ ဂျေချို





ကို ပြန်ခေါ်သွားကြပါသည်။

အဲဒီအခါကျမှ ဟန်နီရွှေအုံ လည်း သူ့အိမ်သူ သက်သက်သာသာနဲ့ ပြန်သွားပါသည်။

တောကြောင် ရှိုက်ကြီးတငင်နဲ့ ငိုချင်းချပါတော့သည်။

"တောက် .. ဘယ်လိုဟာမကြီးလဲကွာ၊ သူ့ကို မယူပါဘူးဆိုမှ .. အီး .. ဟီး .."

"ဆရာကြောင် ရဲ့ စိတ်လျှော့ပါ"

"အေးလေ .. ဆရာကြောင် ငိုတာလည်း မလှဘဲနဲ့ .."

"ဘာ .. ငိုပါတယ်ဆိုမှ လှမလား၊ ခက်ရာခဲဆစ် နိုးလာပြီးမှ အဲဒီဗြိတ္တာမကြီးကြောင့် ငါ့အသည်းကွဲတာ၊ အဘကလည်း သူ့မိန်းမ မရမှာစိုးလို့ ငါ့ကို ဂျေချို နဲ့ မပေးစားဘူး၊ အီး .. ဟီး .."

ဦးဗရမ်း လည်း တောကြောင် ငိုသံကြောင့် ခေါင်းကုတ်ရပါသည်။

ဆရာမောင်ရင် က ငိုနေတဲ့ တောကြောင် ဘေးမှာ ဝင်ထိုင်ပြီး ပြောပါသည်။

"မင်း ငါ့ကို မယုံဘူးလား တောကြောင် .."



www.burmeseclassic.com

www.burmeseclassic.com



တောကြောင် ရှိုက်ရှင်း ဘာမှမပြော ..၊ ဆရာမောင်ရင်က သာ ဆက်ပြောပါသည်။

"မင်း ဟန်နီရွှေအုံ ကို မယူချင်ဘူး မဟုတ်လား .."

တောကြောင် ခေါင်းညိတ်ပါသည်။

"ဒါဆို ဟန်နီရွှေအုံ ကို လိုချင်တဲ့သူကို မြှောက်ပေးပြီး ရွှေအုံ နဲ့ နီးစပ်အောင် ကြံရမှာပေါ့"

"ဟင်!..."

တောကြောင် ပါးစပ်အဟောင်းသား အားကိုးတကြီးနဲ့ ဆရာလေး မောင်ရင် ကို ကြည့်တော့ ဆရာလေးက ပြုံးနေပါသည်။

ဩော် .. ဒါကြောင့် ဆရာဖိုး က ဆရာဖိုး ဖြစ်နေတာကိုး..

ဆရာလေးက ပြောသည်။

"ဟန်နီရွှေအုံ ကို ကြိုက်နေတဲ့သူ ရှိလား .."

မိချက် က ခပ်မြန်မြန် ဝင်ပြောသည်။

"ရှိတယ် .. ကြည်လင် .."

"နားမကြား နားမကောင်းတဲ့ ကြည်လင် လား .."





ဖိုးထောင် က ဝင်ပြောတော့ မိချက် က ...

"ဟုတ်တယ် .."

တောကြောင် စဉ်းစားရပါသည် ..၊ မျက်ရည် တွေတွေကြီး ကျလျက် စဉ်းစားပါသည်။

"ဒါဆိုရင် ဘေးတီးရုံမကဘူး မညားညားအောင် ကြံရမယ်၊ တွေ့ကြသေးတာပေါ့ ဟန်နီရွှေအုံ ရာ .."

အဲဒီနေ့က စပြီး ဟန်နီရွှေအုံ နဲ့ ကြည်လင် မညားညား အောင် သူတို့အုပ်စု ကြံပါတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်ကွဲနာမကျပေမယ့် ရင်ထဲမှာ ဟာတာတာ ဖြစ်ကျန် တာတော့ တောကြောင် သိနေခဲ့ပါသည်။

ဗိုက်ဆာသလိုလို ထိုင်မရ ထမရ ခေါက်တုံ့ခေါက်ပြ လျှောက်နေရတဲ့ ဝဋ်ဒုက္ခကို 'အလွမ်း'လို့ ခေါင်းစဉ်တပ်ရမလား..

တစ်ခါတလေကျတော့ အမျိုးအမည် ဖော်ပြလို့ မရ ဥပဒေသတွေကို ခံစားချက်လို့ ခေါင်းစဉ်တပ်သည် ထင်ပါရဲ့..

"ဟေ့ကောင် .. ဘာဖြစ်နေတာလဲ .."

သူ့ရဲ့ပရိတ် .. ဟော .. ပရောဟိတ်ဆရာကြီး ဆရာ က ကျောင်းက ကလေးတွေရဲ့စာအုပ်ကို အမှားနဲ့အမှန် ခြစ်နေ မှ အခုလိုပြောတော့ တောကြောင် စိတ်ညစ်ဟန်နဲ့ ထန်းကုလ ထိုင်မှာ ထိုင်ချရင်း ...





"ကျုပ်ကိုယ်ကျုပ် ဘာဖြစ်နေမှန်းကို မသိပါဘူး ဆရာဖိုး ရာ .."

ဆရာဖိုး က ပြုံးရင်း ကိုယ်ချင်းစာဟန်နဲ့ ...

"ဖြည်းဖြည်းပေါ့ကွာ .. မင်း အဆင်ပြေမှာပါ၊ အဓိကက သူတို့ပြောတဲ့အတိုင်း ဟန်နီရွှေအို့ ပြဿနာကို ရှင်းနိုင်ရင် မင်းနဲ့ ဂျေချို နီးစပ်ပြီလေ .."

ဆရာဖိုး စကားကြောင့် တောကြောင် သက်ပြင်းကြီး သက်ပြင်းငယ် ချပြရင်း ...

"နီးစပ်ဖို့ကိစ္စ အဘဗရမ်း က ရှေ့က ခံနေတယ်လေ"

"အဲဒါဆိုလည်း အဘကို ရှေ့မှာမနေနဲ့လို့ ပြောလိုက်ပေါ့ကွာ"

"ဟာ!.. ဆရာလေးကလည်း .."

တောကြောင် ဆရာရဲ့ အနောက်အပြောင်စကားကြောင့် ရယ်မလိုလို ငိုမလိုဖြစ်ကာ ပြောတော့ ဆရာလေးက တဟားဟား ရယ်ရင်း ...

"မင်း စိတ်ပြေလက်ပျောက်ဖြစ်အောင် နောက်တာပါကွာ.."

"လက်တော့ မပျောက်ပါရစေနဲ့ ဆရာသမားရယ် .."



www.burmeseclassic.com

www.burmeseclassic.com



ဆရာက သူ့မေးခွန်းကိုဖွတ်ရင်း တစ်ခုခုကို စဉ်းစားနေဟန် ရှိတော့ တောကြောင် သူ ကြံစည်ထားတာ ပြောမိပါသည်။

"ဆရာဖိုး ကျွန်တော် ဒီလိုစီစဉ်ထားတယ် .."

"ပြောပါဦး .."

"ဒီလို ဆရာလေးရဲ့ .. ဟန်နီရွှေအုံ ကို ဒီပြင်တစ်ယောက်နဲ့ အဆင်ပြေသွားရင် ကျွန်တော်နဲ့ ဂျေချို အလိုလို အိုကေသွားမယ်လေ .."

"ဟာ .. ဒါပေါ့ .. လုပ်ပါဦး၊ ဘယ်သူနဲ့ ဘယ်လိုဖွင့် စဉ်းစားလဲ .."

"ကျွန်တော် ဟန်နီရွှေအုံ ကို ကြည်လင် နဲ့ အဆင်ပြေအောင် ဖွဲ့ဆင်လိုက်မယ်ဆိုရင်ရော ..."

ဆရာဖိုး က မျက်မှောင်ကြုတ်ကာ စဉ်းစားပါသည်။ နောက် ခေါင်းခါကာ ...

"မဖြစ်ဘူး တောကြောင် ..၊ အဲဒီအစီအစဉ်ကို ရုပ်သိမ်းလိုက် .."

"ဘာဖြစ်လို့လဲ ဆရာလေး"





"မင်း ဟန်နီရွှေအုံ က ကြည်လင် လိုကောင်ကို စိတ်ဝင်စားမှာ မဟုတ်ဘူး၊ ဟိုကောင်က ကြားချင်ရာ ကြား .. ပြောချင်ရာ ပြောတဲ့ကောင် .."

တောကြောင် စိတ်ပျက်သွားဟန်နဲ့ ...

"ဒါဆို ဘယ်လိုလုပ်ရမှာလဲ ဆရာလေးရယ် .."

"ငါ့မှာ အစီအစဉ် ရှိပါတယ်ကွ .."

ဆရာလေး စကားကြောင့် တောကြောင် စိတ်ဓာတ်မြင့်တက် သွားပါသည်။

"လုပ်စမ်းပါဦး ဆရာသမားရယ် .."

"အေ .. သေချာ နားထောင်၊ တစ်ချက်ခုတ် နှစ်ချက်ပြတ် သွားအောင် ..."

"ဟာ .. ဟန်နီရွှေအုံ ကို ဓားနဲ့ခုတ်ရင် ကျွန်တော် ထောင်ထဲ ရောက်သွားမှာပေါ့ .."

ဆရာဖိုး စိတ်ညစ်သွားပါသည်။

"ကဲ .. တောကြီးတောကြားက ကြောင် ..၊ ငါ့စကားကို ဆုံးအောင် နားထောင်ပါဦးကွာ ..၊ ဒီလိုဟေ့ .. ဒီလို၊ နှစ်ဦးနှစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



အဆင်ပြေသွားအောင် မင်းကောင် ထန်းထန်းစန်းနိုင် လည်း လှုပ်မရအောင် .."

"ပေါက်ပြီ ..၊ ထန်းထန်းစန်းနိုင် ဆိုတဲ့ကောင်ကို ကြိုးနဲ့တုပ် ရမယ့်သဘောပေါ့ .."

"ဟာကွာ .. ဝေးလိုက်တာ .."

ဆရာဖိုး သူ့နဖူးကို သူရိုက်ရင်း ပြောတော့ တောကြောင် မျက်နှာငယ်ငယ်နဲ့ ...

"သိဘူးလေ ..၊ လှုပ်မရအောင်ဆိုတော့ ..."

ဆရာဖိုး စိတ်ရှည်ရှည်နဲ့ သက်ပြင်းကို ဆောင့်ချရင်း ...

"ကဲ , နားထောင်၊ တိုတိုတုပ်တုပ် ပြောရရင် .."

"တိုတိုတုတ်တုတ်ဆိုတော့ ရေပ်ကျည်ပွေ့ပေါ့၊ ဪ .. အဲဒါနဲ့ .."

"ဟော့ကောင် ..."

ဆရာဖိုး စိတ်မရှည်နိုင်တော့ဘဲ တောကြောင် ခေါင်းကို ခေါက်ခနဲ ခေါက်ကာ ...

"နားထောင် .. ထန်းထန်းစန်းနိုင် နဲ့ ဟာန်နီရွှေအုံ ကို လွှတ်





ပေးလိုက် .."

တောကြောင် ခေါင်းကုတ်ကာ ...

"ဟာ .. သူတို့ကို ကျွန်တော် ဖမ်းမထားပါဘူး"

"ဒီကောင်ကွာ.. သူတို့နှစ်ယောက် ဟိုလိုဒီလို အဆင်ပြေ သွားအောင် လွှတ်ခိုင်းတာ .. ရှင်းလား .."

တောကြောင် မျက်ခုံးတွန့်ကွေးအောင် စဉ်းစားနေရာမှ တဖြည်းဖြည်း ပြုံးလာကာ ဝမ်းသာအားရနဲ့ ...

"ဟာ .. ပေါက်ပြီ .."

"အဲဒီလို ဖြစ်ရမှာပေါ့ .."

ဆရာဖိုး က အကျေနပ်ကြီး ကျေနပ်သွားကာ ပြောလိုက် တော့ တောကြောင် က အခုလို ဆိုသည်။

"ဟိုလိုဒီလို လွှတ်ခိုင်းတာဆိုတာ တစ်ယောက်က ဟိုဘက် ရွာကို လွှတ် .. တစ်ယောက်က ဒီဘက်ရွာကို လာ .. ဟုတ်တယ် မလား .."

ဆရာဖိုး မျက်မှောင်ကြုတ်ပြီး တောကြောင် ကို ကြည့်တော့ တောကြောင် စပ်ဖြီးဖြီးဖြစ်လာကာ တဟားဟား ရယ်နေ၏ ...



www.burmeseclassic.com

www.burmeseclassic.com



"အလကားစ,နေတာပါ ဆရာသမားရယ် .. ဆရာဖိုး စကားစကတည်းက တပည့်ကြီးက ခတ်ပြီးသားပါ .."

"ခြော် .. မင်းက ခတ်ပေါက်နေတာကို .. တော်သေးတာပေါ့၊ ဝဲမပေါက်လို့ .."

ဆရာဖိုး မသိချင်ယောင်ဆောင်ကာ ပြောတော့ တောကြောင် ဆရာဖိုး ကို မကြည်ကြည့် ကြည့်သည်။

ဆ[illegible]က ခပ်တည်တည်နေရာမှ ရယ်တော့ တောကြောင်လည်း ဟန်မဆောင်နိုင်စွာ ရယ်ပါတော့သည်။





"ထန်းပင်ပေါ်ကို လူမသိအောင် သယ်ပြီး ထည့်ထားတဲ့ ရေနှစ်မြှု ချကွာ .."

ဖိုးနီ ရယ် .. တောကြောင် .. မိခါ မိချက် နဲ့ မိုးထောင် ထန်းတောထဲကိုဝင်ပြီး ဖျာပေါ်မှာထိုင်တော့ တောကြောင် က အခုလို ထန်းရည်ကို မှာသည်။

ကိုချက်ကြီး က ဟိုဟိုဒီဒီ ကြည့်ရင်း ...

"ဟော့ကောင်လေး .. ပေါက်တတ်ကရ မပြောပါနဲ့၊ ထန်းရည်က စစ်ပါတယ်ကွ .."

"ဘာလဲ .. ရေကို ရေစစ်နဲ့စစ်ပြီး သယ်သွားတာလား.."

"ဟာကွာ .. ဒီကောင်တော့ တိုးတိုးပြောပါကွာ ..၊ အဟီး နည်းနည်းပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ကိုချက်ကြီး က ဘေးဘီဝဲယာကို ကြည့်ပြီး စပ်ဖြီးဖြီးနဲ့ပြော သည်။

ကိုချက်ကြီး က ကိုယ်တိုင်ကိုယ်ကျ ထန်းရည်အိုးနဲ့ အာပြ ခြောက်ကြော်၊ ပဲကြီးလှော်ပန်းကန်တွေ လာချပေးပါသည်။

မိချက် က ထန်းရည်အိုးကို မ,ကာ ဝါးခွက်တွေထဲ အလိုက် သင့် ဖြည့်ပေးပါသည်။

တောကြောင် မျက်မှောင်ကြုတ် စဉ်းစားနေစဉ် ဖိုးထောင် က သူတို့ဆီ ဦးတည်လျှောက်လာတဲ့ ညိုထွန်း ကို မြင်ပါသည်။

"ဟော .. ဆရာကြောင် ဟိုမှာ နတ်ကတော်ညိုထွန်း .."

ညိုထွန်း က ဝင်ထိုင်ထိုင်ချင်း တောကြောင် ကို မျက်စောင်း ထိုးကာ ...

"ကြောင်ကြောင် တို့ကတော့ သူ့ကိစ္စလည်းပြီးရော လူကို အရေးမလုပ်တော့ဘူးနော် .."

တောကြောင် က ညိုထွန်း စကားကြောင့် ညိုထွန်း ကို မျက်နှာချိုသွေးရပါသည်။

"အညို ရယ် .. ကြောင်ကြောင် လည်း လာမလို့ပါဟယ်၊





လာမယ် လာမယ်နဲ့ ..."

"လကုန်ရက်ဟာ .. ကျော်သွားတယ် ဆိုပါတော့"

"ဘာကြီး .."

တောကြောင် အလန့်တကြား မေးတော့ မာမီညို က ရယ် ကျဲကျဲနဲ့ ...

"ဟိုလေ .. မအားတဲ့ကိစ္စ ပြောပါတယ်၊ ဟွန်းနော် .. အညို ကို ဟိုကောင် စန်းနိုင် က ကြည်တာမဟုတ်ဘူး ..၊ အညို ကြံဖန် မှန်း ဒီအကောင် သိနေတယ်၊ သူ့အဖေကို ကြောက်လို့သာ မပြော တာ .."

တော ကြောင် က ရယ်ရင်း အညို့ ကို ပခုံးချင်းတိုက်ကာ...

"အဲဒါ၊ ကြောင့် မာမီညို ကို ကျုပ်တို့က အားကိုးနေရတာပေါ့၊ အခုလည်း အ ိ ကို အားကိုးရမှာပဲ အညို .."

"ပြောစမ်းပါဦး .."

အညို က ပြောလည်းပြော .. ထန်းရည်တစ်ငုံ့က်ကို ယူ သောက်ပါသည်။ ဖိုးထောင် က အာပြခြောက်တစ်ဖ ့ ် ကို အလိုက် သင့် ယူပေးသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလေ အညို ..၊ ကျုပ်နဲ့ ဂျေချို နီးစပ်ဖို့က ဟန်နီရွှေအုံ ကြီး လာခံနေတယ်လေ .."

"ဟယ် .. ကျွတ် ကျွတ် ကျွတ်၊ ဟန်နီရွှေအုံ ရယ် .. ကောင်မလေး ရည်ရွယ်ချက် မှားနေတယ် .."

"ဟာ!... အဲဒါပြောတာ မဟုတ်ဘူး .. ကြားက ခံနေတာ၊ ဟိုဗျာ .. ရှုပ်နေတယ် ပြောတာ၊ အဲဒါ ..."

မာမီညို က မျက်စောင်းနဲ့ နဲ့ ပြီ အခြောက်ဆန်ဆန် ထိုးရင်း...

"ကောင်လေး .. စကားကို သင်ကုန်းစားနဲ့ရိုက်ပြောနော်.."

"ဘာလဲဗျ .."

ဖိုးထောင် က ဝင်မေးတော့ မာမီညို က ဖိုးထောင် ပခုံးကို ကနွဲ့ကလျ လှမ်းရိုက်ပြီး ...

"ဒါလေးတောင် မသိရလား၊ အ,ပါ .. ထောင်ထောင် ရယ်.. စကားကို ရှင်းရှင်းပြောနိုင်းတာ သိသလား..၊ ကဲ.. ဆက်ပြော.."

တောကြောင် က ဆက်ရှင်းပြရပါသည်။

"အဲဒီတော့ ဟန်နီရွှေအုံ ကို ကျွန်တော်နဲ့ဝေးအောင် ပ,ထုတ်





နိုင်ဖို့ အရေးကြီးပြီလေ .."

"သူက အပမှီနေလို့လား .."

"အပက မမှီဘူး၊ လှဲအိပ်နေပြီ .."

ဘုမသိဘမသိနဲ့ ဖိုးထောင် ဝင်ပြောတော့ မာမီညို လက်သီးဆုပ် ကြမ်းကြမ်းနဲ့ ခပ်ဖွဖွ လှမ်းထုရင်း ...

"အဲဒီအပ မဟုတ်ဘူးဟဲ့ ထောင်ထောင် ..၊ မကောင်းတဲ့မိစ္ဆာ အပမှီတာ ပြောတာ .. တကယ်ပဲ .."

တောကြောင် ခေါင်းကုတ်ရပါသည်။ ပြီးမှ ..

"စကားက ပြောရင်း ဝေးလေပဲ ...၊ ကျုပ် ပြောတာက ဒီလိုဗျာ .."

အညို က တောကြောင် ပုံစံကြောင့် တမျှင်းမျှင်းရယ်ရင်း...

"စ,တာပါ တောကြောင် ရယ် .. တို့ သိပါပြီ၊ ညည်းနဲ့ရင်အုံ အဲလေ .. ရွှေအုံ ဝေးပို့ အရေးကြီးတယ် မှတ်လား .."

"အဲဒါနဲ့ မပြီးသေးဘူး ...၊ ရွှေအုံ ကို ဖိုးခြောက်ချစ်ယောက်ဘက် မြားဦးလှည့်ပေးဖို့ ..."

အညို က ကြောင်တောင်[illegible]နဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ .. ရွှေအုံ မှာ မြားဦးရှိလို့လား၊ ရှိမယ့်ရှိ .."

"တော် .. တော် .. ကျုပ်ပြောတာ နားထောင်ပေးပါ၊ စကား ဖြတ်မပြောနဲ့ .."

တောကြောင် စကားကြောင့် အညို က မဲ့ပြသည်။

"ငါ သိပါတယ်၊ ကဲ .. ရွှေအုံ ကို ဘယ်သူ့ဘက် မြားဦးလှည့် ပေးမှာလဲ .."

"ထန်းထန်းစန်းနိုင် .."

"ဗုဒ္ဓေါ!..."

အညို ရင်ဘတ်လေးဖိ မျက်လုံးလေးပြူး ဘုရားတပြီးမှ နောက် တဖြည်းဖြည်း သဘောပေါက်လာပုံ ရပါတယ်။

... တဖြည်းဖြည်း ပြုံးရင်း...

"တောကြောင် .. တောကြောင် ကမ္ဘာမပျက်ခင် သားကောင် ချနင်းတော့မယ်ပေါ့"

"ဒါပေါ့ .. ဒီတော့ ထန်းထန်းစန်းနိုင် ရဲ့အကြောင်းကို သိဖို့ အညို က တာဝန်ယူပြီး ဘာလုပ်ရင်ကောင်းမလဲ .. အကြံဉာဏ် ကောင်းလေးတွေ ပေးဖို့ အဲဒါပြောတာ .."





မာမီညို က ကနွဲ့ကလျနဲ့ တဟင်းဟင်း ရယ်ရင်း ...

"ဒီလောက်ကတော့ အပျော့ပါ .."

"ဘာပျော့တာလဲဟင် .."

ဖိုးထောင် ရဲ့ အူကြောင်ကြောင်စကားကြောင့် အညို က အမြင်ကတ်ကတ်နဲ့ ...

"နင့်ကြီးတော်လင် .."

"ဟင် .. မာမီညို က ဘယ်လိုသိလဲ .."

"ငါပြောလိုက်ရင် မကောင်းရှိတော့မယ်၊ ကဲ .. ကိုတော ကြောင် ရှင် စိတ်အေးအေးထား ..၊ အညို ကြံပြမယ်၊ ကဲ .. အခြောက်ကြံရင် ခလောက်ဆန်သွားစေရမယ်၊ ကဲ .. ငါဟဲ့ အခြောက် မြွေလိုပေါက်ပြဖို့ ရှာစားရေ ..."

အညို့ စကားကြောင့် အားလုံး တဟားဟား ရယ်ကြပါ သည်။



www.burmeseclassic.com

www.burmeseclassic.com



"သေချာရဲ့လား .. ဒေစီဗွတ်ထော် ရယ် .."

"ဆိုအေ .. ကျုပ်စကား လွဲခဲ့ပါတယ် ဟာန်နီရွှေအုံ ရယ်.. ဟိုတစ်ခါလည်း ကျုပ်ပြောလို့ ညည်း တောကြောင် ကို လက်ရဖမ်းဆီးမိတယ် မဟုတ်လား .."

ဟာန်နီရွှေအုံ ဒေစီဗွတ်ထော် စကားကြောင့် ဟုတ်တော့လည်း ဟုတ်နေတာပဲလို့ တွေးမိပါသည်။

ဒါကြောင့်လည်း ဆုချတဲ့အနေနဲ့ စတော်ပဲဆိုလား စတော်ကင်ဆိုလား ကျပ်ကျပ်ညပ်ညပ် အသားကပ် ဘောင်းဘီတစ်ထည်ကို မြို့ကို လူကြုံမှာလိုက်ပါသည်။





ဒေဝီဗွတ်ထော်က ကိုယ်လုံးတုတ်တုတ်မို့ ရှိုးရှိုးဘောင်းဘီတစ်ထည် ဝယ်ပေးလည်း ကျစ်ကျပ်ညပ်ညပ်ဖြစ်မှာ ဟာန်နီရွှေအုံ သိပါသည်။ အခုလည်း သတင်းကောင်းတစ်ခုကို သယ်ဆောင်လာခဲ့ပါသည်။

"အဲဒီသတင်းကို ငါကိုယ်တိုင် ကြားရတာ မဟုတ်ဘူး၊ ငါ့ကို ကြိုက်နေတဲ့ ထန်းတောက ကိုချက်ကြီး ပြောပြလို့ ကြားရတာဟာ .."

အရေးထဲ ကြော်ငြာက ဝင်နေသေးတာကြောင့် ဟာန်နီရွှေအုံ ဒေစီဗွတ်ထော် ကို မျက်စောင်းထိုးလိုက်ရင်း ...

"နင်ကလည်း ကြော်ငြာဝင်နေသေးတယ်၊ ပြောမှာသာ ပြောစမ်းပါဟယ် .."

"အေးပါဟဲ့ .. ဒီလိုဟ၊ သူတို့ နင် ဟိုတက်ရွာက ဒီညနေ အကြွေးတောင်းပြီးအပြန်မှာ သူတို့က ဓားပြဟန်ဆောင်ပြီး ဝင်တိုက်မယ်တဲ့ .."

ဟာန်နီရွှေအုံ နှုတ်ခမ်းတွန့်ကွေးသွားပါသည်။

တွေ့ကြသေးတာပေါ့ တောကြောင် ရယ် ...၊ နင် အဲ



www.burmeseclassic.com

www.burmeseclassic.com



အကွက်တွေ ရွှေ့နေသလဲဆိုတာ ဟန်နီရွှေအုံ တွေးပြီးသားပါ။

"အေးလေ.. တွေ့ကြပြီပေါ့၊ ဒီကောင် ငါနဲ့ဝေးအောင် ငါ့ကို အမျိုးမျိုးဒုက္ခပေးနေတာ တွေ့မယ် .."

"အေး .. အဓိက ကတော့ ဓားပြတိုက်ဖို့သက်သက်တော့ မဟုတ်လောက်ဘူး ထင်တယ်၊ ဒီကောင်တွေ တစ်ခုခုတော့ ကြံရွယ်နေပုံ ရတယ်ဟ .."

ဒေစီဂွတ်ထော် ရဲ့စကားအရိပ်အခြည်ကို ဟန်နီရွှေအုံ နားလည်ပါသည်။ ဒါကြောင့် ဟန်နီရွှေအုံ နဲ့ ဒေစီဂွတ်ထော် တို့ အစီအစဉ်ရေးဆွဲနေတဲ့အချိန်မှာပဲ နတ်ကတော်ညိုထွန်း က ထန်းထန်းစန်းနိုင် ရှိတဲ့ ထန်းတောရှိရာကို အမောတကောပြေးကာ...

"ဟဲ့ .. ဆံနိုင်း .. ခြော် .. အရေးထဲ စန်းနိုင် .."

ထန်းထန်းစန်းနိုင် နဲ့ သူ့ရဲ့တပည့်ကျော် ရေမြွေ ဆိုတဲ့တစ်ယောက်နဲ့ ထန်းရည်သောက်နေရာမှ အမောတကော ရောက်ရှိလာတဲ့ ညိုထွန်း ပုံစံကြောင့် ...

"ဘာတွေအရေးတကြီး ဖြစ်လာလို့လဲ ဘလပ်ကတော် .."

"နတ်ကတော် လုပ်ပါဟယ်"





"ဘလပ်ကလည်း အနက်ပဲဟာ .. မာမီညို ရယ် .."

ညိုထွန်း က ကန့်ကလျနဲ့ စန်းနိုင် ပခုံးကို ပုတ်ရင်း ...

"ကဲ .. အဲဒါတွေက အရေးမပါဘူး၊ အရေးတကြီးကိစ္စ ရှိတယ်၊ ဒီညနေ လေးနာရီကျော်ကျော်လောက် နင့်ညီမနဲ့ ဟိုကောင် အိမ်မြှောင် .."

"တောကြောင် ပါ မာမီညို ရယ် .."

စန်းနိုင် ပြောတော့ မာမီညိုထွန်း သွားအဖြဲသားနဲ့ ခေါင်းညိတ်ပြီး ...

"အေး .. အေး .. မှားလို့ပါဟယ်၊ ချိန်းတွေ့ဖို့ ပြောနေကြတာ ငါ ကြားလို့ဟဲ့.."

"ဘာ .. တောက် .. ဒီကောင်ကွာ .."

စန်းနိုင် ဒေါသထွက်သွားပုံကြောင့် ညိုထွန်း ကမန်းကတန်း ဝင်ပြောရပါသည်။

"ခြေလွန်လက်လွန် မဖြစ်စေနဲ့ဟဲ့ .."

"ဆရာထန်း .. ကျွန်တော်ပါ လိုက်ခဲ့မယ်၊ တောကြောင် ဆိုတဲ့ကောင်ကို အရေခွံဆုတ်ချင်နေတာ ကြာပြီဗျ .."



www.burmeseclassic.com

www.burmeseclassic.com



မာမီညို ရေမြွေ စကားကြောင့် လန့်ဖျန့်သွားကာ ...

"ဟဲ့ .. နင် မလိုက်သွားနဲ့လေ ..၊ နင်ရယ် ငါရယ်က တစ်ခေအာင့်ကြာမှ ရွာကလူတွေခေါ်ပြီး လိုက်သွားမယ်လေ၊ လက်ပူးလက်ကြပ် မိတာပေါ့"

ထန်းထန်းစန်းနိုင် မာမီညို ရဲ့စကားကြောင့် သဘောကျသွားပါသည်။

"ကောင်းတယ် မာမီညို အကြံမဆိုးဘူး၊ ဒီတော့ ကျုပ် အရင်သွားမယ်၊ တစ်အောင့်ကြာရင် မာမီညို တို့ လူကြီးတွေ ခေါ်ပြီး လိုက်ခဲ့ .."

ထန်းထန်းစန်းနိုင် က မာမီညို နဲ့ ရေမြွေ ကို သေသေချာချာ မှာနေပါသည်။ ပြီးတော့ ...

"တွေ့ကြသေးတာပေါ့ တောကြောင်ရာ .." ဟု ကြိမ်းဝါးနေမိပါသည်။





"ဒီလမ်းက လာမှာ သေချာလို့လား ဗိုလ်ဂုတ်ကျား .."

ဗိုလ်ဂုတ်ကျား ဆိုတဲ့ ဓားပြခေါင်းဆောင်က နှာခေါင်းနဲ့ ပါးစပ်ကို အဝတ်စည်းထားရင်း ဓားရေးတပြပြနဲ့ သူ့ကို လှမ်းပြောတဲ့လူကို အခုလို ပြောသည်။

"သိပ်သေချာတာပေါ့ ဗိုလ်နက်ကျော် ရယ် .."

ဗိုလ်ဂုတ်ကျား ဗိုလ်နက်ကျော် နဲ့ ဗိုလ်မဲလုံး ဆိုတဲ့ ခွေးသုံးကောင် .. အဲ .. ဓားပြသုံးယောက်ဟာ ဒီဘက်နယ်ပယ်မှာတော့ လစ်ရင် လစ်သလို ကိုက်တတ်တဲ့ တိုက်တတ်တဲ့ ဓားပြလူဆိုးတွေပါ။



www.burmeseclassic.com

www.burmeseclassic.com



အခုလည်း ဗိုလ်ဂုတ်ကျား ရဲ့လူတစ်ယောက်ဆီက တစ်လ ကြိမ် အတိုးသွားတောင်းပြီး ဒီလမ်းကပြန်လာတတ်တဲ့ ဌေးမကြီး ဒေါ်ရွှေအုံ ရဲ့သမီး ဟန်နီရွှေအုံ ရဲ့အကြောင်းကို တားလို့ ဒီလို ညနေ နေဝင်ရီတရောမှာ သူတို့ ချုံခိုစားပြ ဖို့ ချောင်းမြောင်းနေခြင်းပါ။

"နေဦးကွာ .. ငါ .. ရှူးရှူးသွားလိုက်ဦးမယ် .."

ဗိုလ်မဲလုံး က အရေးဆို ရှူးရှူးက သွားချင်တာ သူ့ဝသီ ..

"ခင်ဗျားကလည်း အရေးဆို သေးကထွက်ပြီ ဗိုလ်မဲလုံး ရာ .."

"ခဏပါကွာ .. ဟိုကောင်မလေး မလာလောက်သေးပါဘူး"

မဲလုံး ထွက်သွားပြီး သိပ်မကြာပါဘူး တောကြောင် တစ်ယောက် မလှမ်းမကမ်းကနေ အဝတ်တစ်ခု ဗိုလ်မဲလုံး လို စည်းထားရင်း ဟိုဟိုဒီဒီ ကြည့်နေပါတယ်။

ဖြစ်ချင်တော့ ဗိုလ်မဲလုံး စည်းထားတဲ့ လုံချည် အဝတ်စနဲ့





တောကြောင် စည်းထားတဲ့ လုံချည်အဝတ်စက တစ်ပုံစံတည်း အရောင်အသွေးက ဆင်သည်။

"ဒီကောင်တွေကလည်း ကြာလိုက်တာကွာ .."

အမှန်က တောကြောင် ဟိုကောင်တွေနဲ့ အတူလာမလို့ပါ။ ဓားပြအဖြစ်ဟန်ဆောင်မယ့် ဖိုးထောင် နဲ့ ဂျလောက်ဂျလက် ဝေက် က ခဏဆိုပြီး ထွက်သွားလိုက်တာ ကြာနေတာကြောင့် သူ အရင်စောပြီး ထွက်လာခဲ့ခြင်းပါ။

"ဟော့ကောင် .. အမြန်လာ .."

သူ့ကို လှမ်းခေါ်သံကြောင့် ကြည့်လိုက်တော့ ...

"အံမယ် .. ဒီကောင်တွေ တကယ့်ဓားပြတွေ ကျနေတာပဲ.."

"ဟာ!... ဓားပြဆိုမှကွာ .. လာ .. လာ ဟိုမှာလာနေပြီ .."

အသံနဲ့ မာန်နဲ့ ပုံစံကြောင့် တောကြောင် ဒီကောင်တွေကို သဘောကျနေမိပါသည်။

ဗိုလ်ဂုတ်ကျား တို့ကလည်း အဝတ်စစည်းထားတဲ့ တော ကြောင် ကို သူ့လူပဲ ထင်နေတာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဟိုးဝေးဝေးက လျှောက်လာတဲ့ လူတစ်ယောက်ကြောင့် အာရုံများနေပြီး အသာပုန်းနေကာ အနားရောက်တော့ ဗိုလ်နက်ကျော် က အရင်ထွက်ကာ စန်းနိုင် နောက်ကျောကနေ ဓားထောက်ရင်း ...

"ရှိတာ အကုန်ထုတ် .."

စန်းနိုင် လန့်ဖျန့်သွားပါသည်။

ဟုတ်တယ်လေ ..၊ သူ ဒီကိုလာခဲ့တာ သူ့ညီမနဲ့ တောကြောင် ကိစ္စလေ ..။ အခုဟာက ..၊

"ချမ်းသာပေးပါဗျာ ..၊ အမှန်တော့ ကျွန်တော်က ဆင်းရဲပါတယ်"

"အေး .. ချမ်းသာ တွေ ရွှေမန်း တွေ ကျော်ကျော်ဗိုလ် တွေ လာမလုပ်နဲ့ ..၊ ရှိတာ အကုန်ထုတ် .."

ဗိုလ်ဟုတ်ကျား ရဲ့စကားကြောင့် တောကြောင် က ...

"ဟေ့လူ .. ကျုပ်တို့ ဟိုဟာမလေးကို ချောင့်ရဦးမယ်နော်.."

"အေးပါ .. မဲလုံး ရယ် .."

"ဘာ!... ဩော် ..."





တောကြောင် စိတ်ထဲမှာ ဂျလောက်ဂျလက် က သူ့ကို သင်္ချာန်လုပ် သရုပ်တူအောင် နာမည်တွေ တမင်ပေးထားတယ် ထင်တာပေါ့ ..။

အဲဒီအချိန် ခပ်လှမ်းလှမ်းမှာ သေးပေါက်နေတဲ့ မဲလုံး ပြန်အလှည့်မှာ ...

"ဟာ .. စောင့်နေရတာ ကြာပြီလား .."

ဖိုးထောင် က အဝတ်စည်းထားပြီး ဓားကို လက်က ကိုင်..၊ ကျန်လက်တစ်ဖက်က ပုလင်းတစ်လုံးကိုင်ပြီး ဗိုလ်မဲလုံး ကို ပြောပါသည်။

ဗိုလ်မဲလုံး ကလည်း သူ့လူပဲ ထင်တာပေါ့။

"ဟာကွာ .. ငါ သေးပေါက်မယ်လို့ ပြောခဲ့တယ်လေ ..၊ ဘာလဲ .. မင်းတို့ သေးပေါက်မလို့လား .."

"မပေါက်ပါဘူးကွာ၊ ထားပါ .. ကဲ .. အစီအစဉ်မစခင် ရော့ .. ဒါလေး သောက်ထားလိုက် .."

ဖိုးထောင် က ပုလင်းပေးပြီး မဲလုံး လက်ထဲကဓားကို လှမ်းယူကာ ...



www.burmeseclassic.com

www.burmeseclassic.com



"မှန်းစမ်း .. ဟ .. ဓားက အစစ်ကြီးပါလား .."

"ဟာကွာ .. ဓားပြတိုက်ပါတယ်ဆိုမှ တကယ်ဓားပေါ့ကွ.."

မဲလုံး ပြောလည်းပြော မျက်နှာမှာစည်းထားတဲ့ လုံချည်ကို ဖြုတ်ပြီး အရက်ပုလင်းကို မော့တော့ ...

"အိုး .. မိုင်ဂေါ့ .."

ဖိုးထောင် နဲ့ ဂျလောက်ဂျလက် မျက်လုံးအပြူးသား ..၊

မဲလုံး ကတော့ အရက်ပုလင်းကလွဲပြီး ဘာမှမသိ ..၊ ဘာမှ မရိပ်မိ ..။

အဲဒီအချိန်မှာ တောကြောင် ကလည်း နက်ကျော် လက်ထဲ ကဓားကို ကိုင်ကြည့်ရင်း ...

"မင်းဓားက ကောင်းလှချည်လားကွ၊ တကယ့်ဓားအစစ်ပဲ ဟ .."

နက်ကျော် မဲလုံး လို့ ထင်ထားတဲ့ တောကြောင် ကို မကျေ မနပ်နဲ့ ကြည့်နေမိပါသည်။

ဒီကောင် ဘာဖြစ်နေတာလဲပေါ့ ..၊ ဓားပြတိုက်ပါတယ်ဆိုမှ ထူးထူးဆန်းဆန်း ဓားက အစစ်လား အတုလား လာမေးနေသည်





လေ ..။

"ဟော .."

ဖြုန်းစားကြီး သူတို့ရှေ့ရောက်ချလာတဲ့ ဟန်နီရွှေအုံ ..။

ဗိုလ်ဂုတ်ကျား က လွယ်အိတ်ကို စလွယ်သိုင်းထားပြီး အကြွေးတောင်းပြီး ပြန်လာတဲ့ ဟန်နီရွှေအုံ ကို အားရဝမ်းသာနဲ့...

"မင်း ဘယ်ပြေးမလဲ မိချိုသဲ .. ဟဲ .. ဟဲ .."

"ဘယ်မှမပြေးဘူး .. လာခဲ့ .."

"ဟာ .. ဟာ .. ဆော်တယ်ဟ"

ဟန်နီရွှေအုံ က သူ့အိတ်ထဲက လေးခွကိုထုတ်ကာ ဆော်ပါ သည်။

ထန်းထန်းစန်းနိုင်က အားရဝမ်းသာနဲ့ ရွှေအုံ့ နောက်မှာ ရွှေအုံ့ ခါးကိုဖက်ကာ ပုန်းသည်။

"ဟဲ့ .. ဖြည်းဖြည်းဖက်ပါဟဲ့ .."

တောကြောင် နဲ့ ဂုတ်ကျား ကျောချင်းကပ်မိပြီး ဂုတ်ကျား က ...

"ဟော့ကောင် မဲလုံး .. အသေဆော်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ!... အသေဆော် .."

"ဟာ!... ဒီကောင် .."

တစ်ခုခုလွဲနေပြီဆိုတာ တောကြောင် သိလိုက်ပါသည်။ ဒါ ကြောင့် ဂုတ်ကျား ကို လှမ်းတို့ကာ ...

"နေဦး .."

ဂုတ်ကျားက လှည့်ကြည့်ပြီး ...

"ဘာလဲကွ .. အရေးထဲ .."

တောကြောင် ဖိုးထောင် လို့ ထင်တဲ့ ဂုတ်ကျား မျက်နှာကို စည်းထားတဲ့အဝတ်ကို ဆွဲချွတ်တော့ ဂုတ်ကျား က ...

"ဟောကောင် .. ဘာလုပ် .."

"ဟင်!..."

တောကြောင် လန့်ဖျန့်သွားတော့ ဂုတ်ကျား က တောကြောင် မျက်နှာပေါ်ကအဝတ်ကို ဆွဲချွတ်ပြီး တောကြောင် ကို မြင်တော့ ...

"ဟင် .. မင်း ဘယ်သူလဲ"

"တောကြောင် .."





တောကြောင် ကလည်း မြန်သည်။

သူ့လက်ထဲက ဓားနောင့်နဲ့ ဂုတ်ကျား ခေါင်းကို မိတ်ဆက်ပေးလိုက်ပါသည်။

"ဟောကောင်တွေ မပြေးနဲ့"

နှစ်ရွာပေါင်းက ရွာသူရွာသားတွေက ဟိုဘက်ဒီဘက် လမ်းပိတ် လိုက်တော့ နက်ကျော် ပြေးမလွတ်တော့ပါ။

**ဇာတ်သိမ်း**



www.burmeseclassic.com

www.burmeseclassic.com



အဖြစ်က မနှစ်ကနဲ့မတူ ဆိုတာမျိုးပေါ့။

ဒါမှမဟုတ် ယုန်ထင်ကြောင်ထင်ဆိုတဲ့ ဇာတ်လမ်းမျိုးလို ဦးဗရမ်း တို့နဲ့ မျောက်မနိုင်ရွာက သူကြီးတို့ ပြောပြီး ရယ်မိကြပါသည်။

ပွဲပြီးတော့ ဟိုသကောင့်သား ဖိုးထောင် တို့က သတိလစ်နေတဲ့ ဗိုလ်မဲလုံး ကို ကြိုးတုပ်ပြီး ထမ်းခေါ်လာခဲ့ပါသည်။

ဗိုလ်ဂုတ်ကျား ကတော့ ရှိုက်ကြီးတငင်နဲ့ အခုလို အော်ငိုပါတော့သည်။

"အောင်မလေး အမေရယ် .. လူကြားလို့မှ ကောင်းရဲ့လား၊ ဓားပြအတုကြောင့် သားတို့ ဓားပြအစစ်တွေ အဖမ်းခံရပြီလေ.."





သုံးထောင်ရွာက ရွာလူကြီး ဦးဖိုးကောင်း က အပြစ်ပြောရခက်လှတဲ့ တောကြောင် ကို ကြည့်ကာ...

"ကိုဗရမ်း ရေ .. ခင်ဗျားတူ တောကြောင် ကတော့ အပြစ်ပေးရမလိုလို .. ကျေးဇူးပဲ တင်ရမလိုလိုပဲဗျ .."

ဦးဖိုးထောင် စကားကြောင့် ဦးဗရမ်း က ရယ်သည်။ မျောက်မနိုင်ရွာသူကြီးက ...

"ကျေးဇူးတင်ဖို့ကောင်းတယ် ထားလိုက်ပါဗျာ၊ ဒီ လူဆိုးဓားပြ သုံးကောင်က မြို့ကပြန်လာလို့ လူသူပြတ်တဲ့နေရာရောက်ရင် ဘယ်အချိန် ကိုယ့်ကို ဓားထောက်ဓားပြတိုက်မလဲ လန့်နေရတာလေ .."

ရွှေအုံ က အခုထက်ထိ အားကိုးတကြီးနဲ့ သူ့မနောက်ကျောကနေ သူ့မပခုံးကိုဖက်ထားတဲ့ စန်းစန်းထန်းနိုင် ကို တံတောင်နဲ့တွတ်ရင်း ...

"ကဲ .. ကျေးဇူးရှင် .. ဓားပြတွေလည်း ကြိုးနဲ့တုပ်ပြီးပြီ၊ လွှတ်ပါတော့ .."

အဲဒီလိုပြောမှ စန်းနိုင် က သွားအဖြီးသားနဲ့ လွှတ်ပေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



ပါသည်။

ဒါပေမယ့် ရင်ခုန်မြန်တာက မပြေသေးပါ။ ဒီရင်ခုန်သံ မြန်သည့်ကိစ္စဟာ ဓားပြတွေနဲ့ မဆိုင်ပါ။

အားကောင်းမောင်းသန် တောင့်တောင့်တင်းတင်းရှိလှတဲ့ ဟန်နီရွှေအုံ ရဲ့ တောင့်တင်းသန်မာတဲ့အလှကို သူ 'ဂုလု'ခနဲနေ အောင် တံတွေးမျိုချရင်း ငေးကြည့်မိပါသည်။

ဟန်နီရွှေအုံ ကတော့ အခုမှ တောကြောင် ကို သတိရ ကာ ...

"တောင်ကြောင် .. အဲလေ တောကြောင် .. ဒါ နင့်အကြံ အကုန်ပဲလား .."

တောကြောင် က စပ်ဖြီးဖြီးနဲ့ ...

"ဟင့်အင်း ရှိသေးတယ်၊ ဟာ .. ဘာတွေလာပြောတာလဲဟ၊ ငါတို့ကသာ ဒီဓားပြတွေလာမှာ သတင်းရထားလို့ နင်နဲ့မှုားပြီး ငါတို့ ဝင်တိုက်တဲ့ဟာကို နော် .. ဖိုးထောင် .."

"ဒါပေါ့ ဆရာကြောင် ရယ် .. ကျွန်တော်တို့ရဲ့ ရေဝေး သရှိုင်း ဓားမဆိုင်းသိုင်းကွက်နဲ့ ဗျူဟာကြောင့် ဒီဓားပြတွေ





အလစ်အငိုက် ခံလိုက်ရတာလေ .."

ဖိုးထောင် စကားကြောင့် ဓားပြဗိုလ် နက်ကျော် က အခုလို အော်ငိုပါတော့သည်။

"သေဒဏ်ပေးမယ်ဆိုရင်လည်း ပေးကြပါတော့၊ ဒီလူဖလံ တွေရဲ့ စကားလုံးအောက်မှာတော့ ကျုပ်တို့ဘဝကြီး ရစရာမရှိ အောင် မှောမချလိုက်ပါနဲ့ .. အီး .. ဟီး .. ဟီး .."

ဓားပြဗိုလ် နက်ကျော် စကားကြောင့် တောကြောင် က လူမိုက်ကြီးစတိုင်နဲ့ ...

"တယ် .. ဒီဓားပြတော့ အရိပ်မဲ့ဓား မထုတ်ရဘဲ သေတော့ မယ်၊ ဖိုးထောင် .."

"ဆို .. ဆရာကြောင် .."

"ဒီလူဆိုးတွေကို ငါတို့ အမိအရ ဆက်စွန့်ဆံဖျား ဖမ်းလိုက် ရတာ သိုင်းကွက် ဘယ်နှစ်ကွက်အတွင်းလဲကွ .."

"တစ်ကွက်တည်းနဲ့ ဆရာကြောင် .."

တောကြောင် က ဆရာကြီးစတိုင်နဲ့ တဟင်းဟင်း ရယ်ပါ တော့သည်။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ ဗျူဟာ မြောက်ပါသည်။

တစ်ခါ ဒီဓားပြတွေရဲ့လက်ချက်ကြောင့် တခြားရွာက စပါးတွေသယ်လာတဲ့ လှည်းငါးစီး အဆုံးရှုံးခံခဲ့ရဖူးတဲ့ ဂျေချို ရဲ့ဖခင် ဦးစန်းအောင် ဒီသတင်းကို ကြားကြားချင်း သမက် မဖြစ်သေးတဲ့ တောကြောင် ကို လုံးဝ အထင်ကြီးသွားပါသည်။

ရွာရောက်တော့ သမီးဖြစ်သူ ဂျေချို (ခေါ်) မိအေးချို ကို အခုလို ရာဇသံ ထုတ်ပါသည်။

"သမီးလေး .."

"ရှင် .. ဒယ်ဖေ .."

"ဟာ!... အရေးထဲ ဒယ်ဒီဆိုလည်း ဒယ်ဒီပေါ့၊ ဖေဖေဆိုလည်း ဖေဖေပေါ့၊ ကဲ .. အဲဒါတွေ ထားပါ၊ သမီးအကောင် တောကြွက် ကို ..."

"တောကြောင် ပါ အဖေရယ် .."

"အေးပါ .. အဲဒီကောင်ကို လူကြီးစုံရာနဲ့ အဖေ့ဆီ လာခဲ့လို့.."

"ရှင်!... ဖေဖေက တောကြောင် ကို ယူမလို့လား .."





"ဟာ .. နင့်အမေ .. ခေါ်သိန်းစိန် ..၊ နင့်ကို လာတောင်းဖို့ဟဲ့ .."

"တကယ် .."

ဂျေချို အလွန့်အလွန်ကို ပျော်သွားတုန်းပဲ ရှိပါသေးတယ် စန်းနိုင် တစ်စခန်း ထပါတော့သည်။

"သဘောမတူဘူး ..၊ လုံးဝ သဘောမတူဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ကျေးရူးရှင်ရယ်လို့ မဟုတ်ပါဘူး အစ်ကိုစန်းအောင် ရယ်.. သမီးလေး ရွှေအုံ က ရှင့်သား စန်းနိုင် ကို အမှတ်တမဲ့ ကယ်လိုက်တာပါ .."

အခုလို အုန်းပွဲငှက်ပျောပွဲနဲ့ လာတော့ ဟန်နီရွှေအုံ့ အမေ ဒေါ်ရွှေအုံ အားနာတာပေါ့။

အဲဒါကြောင့် သူ့ရဲ့ချစ်ချစ်ကြီး အစ်ကိုဗရမ်း ကို အားကိုးတကြီးကြည့်တော့ ဦးဗရမ်း ကလည်း သိတာပေါ့ ..။

"ဟုတ်ပါရဲ့ဗျာ .. ဒီအတိုင်း ပါးစပ်နဲ့တောင်းပန်လည်း ရပါတယ်ဗျာ၊ အခုလို ပန္နည်းပစ္စယတွေ ငှက်ပျောပွဲ အုန်းပွဲနဲ့ဆိုတော့ အနေရ အထိုင်ရ ခက်ပါရဲ့ဗျာ .."





ဦးစန်းအောင် က အမြန်ဝင်ပြောရပါသည်။

"ဟို .. ဟို .. ဓားပြကိစ္စကြောင့် မဟုတ်ဖူးဗျ၊ ဟိုလေ .. ကျုပ်သား စန်းနိုင် က ဟိုလေ .. ဟန်နီရွှေအုံ ဆိုတဲ့ ကလေးမကို မရရင် ကိုယ့်ကိုယ်ကိုယ် ..."

ဦးဖိုးကောင်း က အလန့်တကြားနဲ့ ...

"ဟာ .. သတ်သေမလို့လား .."

"ဟင့်အင်း .. ဘုန်းကြီးဝတ်တော့မယ်တဲ့ .."

ဟန်နီရွှေအုံ အခန်းလိုက်ကာ အကွယ်ကနေ ဒေစီဂွတ်ထော်နဲ့အတူ ဟိုဟိုဒီဒီကြည့်ကာ သူမကိုလိုက်ရှာနေတဲ့ ထန်းထန်း စန်းနိုင် ကို ငေးကြည့်ရင်း ဖုတ်လိုက်ဖုတ်လိုက်ဖြစ်နေတဲ့ ကိုယ့်ရင်ခုန်သံကို ကိုယ် ပြန်ဖိနေရပါတယ်။

"ဟဲ့ .. နင့်ကိုလာတောင်းတာတဲ့ ..၊ တောင်းတာတော့ ဟုတ်ပါပြီ၊ အပိုင်ပေးလိုက်ပါပြီတဲ့ .. ထည့်စရာလည်း မပါဘူး"

"ဟာ .. ဒေစီဂွတ်ထော် ကလည်း .."

ရှက်ရမ်းရမ်းပြီး ပြောတော့ ...

"ဩော် .. နင်က မကြိုက်ဘူးပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



ဒီအချိန် ဒီအခါကိုတော့ ဟန်နီရွှေအုံ လက်မလွှတ်ရဲ ..။

"မဆိုးပါဘူး .. သူက တောကြောင် မဟုတ်ပေမယ့် အိမ်ကြောင် လောက်တော့ ရှိလောက်မယ် ထင်တယ် .."

"သမီးရေ .."

ဒေါ်ရွှေအုံ ရဲ့အသံကြောင့် စောစောထဲက ထွက်လာချင်နေတဲ့ ဟန်နီရွှေအုံ ..၊

ဒေစီဂွတ်ထော် နဲ့အတူ လိုက်ကာစကို မ,ကာ ဆင်မယဉ်သာလို လုံးလုံးလုံးလုံးနဲ့ လိမ့်လာ .. အဲ .. ထွက်လာပါတယ်။

ပြီးတော့ ထန်းထန်းစန်းနိုင် ရှိရာကို အရဲကိုးပြီး မသိမသာ ကြည့်မိသည်။

"ကဲ .. သမီး .. ဒီက ကိုစန်းအောင် တို့ကတော့ သမီး သဘောတူမယ်ဆိုရင်တော့ သူတို့သား စန်းနိုင် နဲ့ သမီးကို လက်ထပ်ပေးချင်တယ်တဲ့ ..၊ သမီး သဘောကရော .."

ရွှေအုံ ရင်တုန်တုန်နဲ့ အရှက်ကြီးရှက်နေတုန်းပဲ ရှိသေး ..၊

"ဦးလေးဗရမ်း .. ဦးလေးဗရမ်း .. ကယ်ပါဦး .."

ပြောရင်းအော်ရင်း အိမ်အပေါ်ကို ပြေးတက်လာတဲ့ ဖိုးထောင်





တစ်ကိုယ်လုံးလည်း ရေတွေ စိုရွှဲနေပါသည်။

ဂျေချို က ဖိုးထောင် ပုံစံကိုမြင်တော့ အထိတ်တလန့် အလန့်လန့်နဲ့ .. အစ်ကိုဖြစ်သူလက်မောင်းကို ဆုပ်ကိုင်မိပါသည်။

ဦးဗရမ်းလည်း စိုးရိမ်တကြီးနဲ့ ..

"ဟေ့ကောင် ဖိုးထောင် .. ဘာဖြစ်လာတာလဲ .."

ဖိုးထောင် ငိုသံကြီးနဲ့ ခုလိုပြောပါသည်။

"တောကြောင် .. တောကြောင် လေ .. ကျွန်တော်တို့ ခေါ်ပြီး ချောင်းထဲမှာ လှေနဲ့ထွက်လာတယ်၊ ချောင်းအလယ်ရောက်တော့ ကျွန်တော့်ကို သူ က .. အီး .. ဟီး .."

ဖိုးထောင် က ဆက်မပြောနိုင်တော့ဘဲ ရှိုက်ကြီးတငင် ငိုပါတော့သည်။

ဂျေချို ဝုန်းခနဲ ထကာ ဖိုးထောင် အနားကို ရောက်လာပြီး ဖိုးထောင် လက်မောင်းကို ကိုင်ကာ မျက်ရည် ပိုးပိုးပေါက်ပေါက်နဲ့ ...

"ပြော .. ပြောပါဦး .. ကိုကိုကြောင် ဘာပြောတာလဲ .."

ဖိုးထောင် ရှိုက်သံနဲ့ အခုလို ဆက်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုခွဲထားခွဲထား ပေါင်းရဖို့ အဓိကတဲ့ ..၊ ကျွန်တော လည်း ဘာပြောမှန်းမသိတာနဲ့ လှည့်မကြည့်မိဘဲ လှေဦးကမ ထိုင်ပြီး လှေကို လှော်တာပေါ့၊ နောက်တော့ လှေက တစ်မျိုးဖြ နေတာကြောင့် နောက်လှည့်ကြည့်တော့ တောကြောင် လှေပေါ်မှ မရှိတော့ဘူး၊ အဟစ် .. အီး .."

"ဟင်!..."

"ဟာ!..."

အာမေဋိတ်သံတွေ စုံလင်သွားပါသည်။

"ဂျေချို .. သမီး .."

လဲကျမတတ် ဖြစ်သွားတဲ့ ဂျေချို ကို ပိုင်းထိန်းလိုက်ရပါ သည်။

"ဟင့်အင်း .. သမီး မယုံဘူး .."

ဂျေချို ရှိုက်ကြီးတငင် ငိုပါတော့သည်။ သူတို့ ချောင်းအစပ် ဆီ တစ်အုပ်ကြီး လာခဲ့ကြပါသည်။

ဟိုရောက်တော့ ကမ်းစပ်မှာ မိချက် နဲ့ မိခါ .. မာမိညို(ခေါ် ညိုထွန်း နဲ့ ရွာသူရွာသားတွေနဲ့ အုပ်အုပ်သောင်းသောင်း ဖြစ်နေ





ပါသည်။

"မိချက် ကို သူ လှေပေါ်မကက်ခက် ပြောသွားသေးတယ်၊ အောင် ကြည့်ထားတဲ့ ..၊ အမလေး .. မိချက် က ဘယ်သိပါ့ မလဲ"

ဦးဗရမ်း ကိုယ်တိုင် မျက်ရည်တဝဲဝဲ ..၊ ဆရာလေးက တောက်ခေါက်သည်။

"အဆင်ပြေခါနီးကျမှကွာ ..၊ ဒီကောင်ကွာ .."

ဂျေချို က ငို .. ရွှေအုံ က ဂျေချို ကို နှစ်သိမ့်ပါသည်။

"ငါ့ညီမ စိတ်ကိုထိန်းလေ .."

ဦးဖိုးကောင်း က ညိုထွန်း ကို မေးသည်။

"ဟဲ့ .. မာမိညို အလောင်းပေါ်အောင် လုပ်ပြီးပြီလား"

မာမိညို က စိတ်မကောင်းတဲ့လေသံနဲ့ ...

"အင်း .. ခုနလေးတင် သူ့အိပ်တဲ့ခေါင်းအုံးနဲ့ သူ ရေနစ်တဲ့ နေရာလောက်ကိုမှန်းပြီး ပစ်လိုက်တာ .. ဟာ .. ဘာပြောကောင်း မလဲ၊ ဦးလေး ဦးဖိုးကောင်း ရယ် .. ခေါင်းအုံးက ရေကိုဆန်တက် လာတာ မြုပ်တဲ့နေရာလောက်ကျတော့ ဗြုန်းဆို ရပ်သွားပါလေ



www.burmeseclassic.com

www.burmeseclassic.com



ရော .."

"ဟဲ့ .. မိညို .. နင် ပစ်လိုက်တဲ့ခေါင်းအုံးမှာ မော်တာပါ လို့လား ဟဲ့ .. ဟုတ်မှ ပြောစမ်းပါဟာ .."

ဦးဖိုးကောင်း စကားကြောင့် ဝမ်းနည်းနေရတဲ့အထဲ ရယ်မိ မလို အားလုံး ဖြစ်ကြရပါသည်။

"ဒီလောက် ရေစီးကသန့်နေတာ ခေါင်းအုံး ရေဆန်ပြန်တက် တာ ငါ့တစ်သက် မမြင်ဖူးပါဘူးဟ .."

မာမိညို ဘာပြောလို့ပြောရမှန်း မသိတော့ ..။

ဂျေချို က ကျိတ်ငိုနေတာကြောင့် အဖေဖြစ်သူ ဦးစန်းအောင် က ...

"သမီး ငိုချလိုက် .. ငိုစမ်း .. ဝအောင် .. ငိုစမ်း .."

"ဘာ ပေါ် လယ် .. ဝအောင် ငို ရ လယ် .."

ဦးစန်းအောင် အပါအဝင် အားလုံး ကြောင်တောင်တောင် ဖြစ်သွားကာ အသံရှိရာကို လှည့်ကြည့်တော့ တရုတ်ပေါက်ဖော် တစ်ယောက် ..၊

အိုးတစ်အိုးကိုကိုင်ကာ လူကြားထဲကနေ သူတို့ ဆီ တိုးဝှေ့





လျှောက်လာနေပါသည်။

ဦးလေးဗရမ်း က ထိုတရုတ်ကို ...

"ဝအောင် .. နင့်လက်ထဲက ဘာအိုးလဲ .."

ဝအောင် က ဟိုဟိုဒီဒီကြည့်ကာ ...

"ဝအောင် ရဲ့အိုးလား .. ပေါင်းအိုး .. ကောက်ညှင်းပေါင်း ဖို့.. တောကြောင် က အိုးလိုတယ် ပြောတယ်လေ .. ဟော .. ဟိုမှာ ..."

ဝအောင် ညွှန်ပြနေရာကို ကြည့်တော့ တောကြောင် က သူတို့ရှိရာဆီ ရေကူးပြီး လာနေပါသည်။

ဂျေချို မျက်ရည်ကို ကမန်းကတန်းသုတ်ပြီး ...

"ကို .. ကို .. ကြောင် .."

"ဂျေချို .."

ကမ်းစပ်ရောက်တော့ တောကြောင် နဲ့ ဂျေချို ပြေးဖက်ကြ ပါသည်။

ဦးဗရမ်း ဒေါသထွက်ကာ ဖိုးထောင် ကုပ်ကို ဆွဲကာ ...

"ဟေ့ကောင် .. မင်း ပြောတော့ ငါ့တူ ရေနစ်လို့ဆို .."



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထောင် မျက်နှာငယ်လေးနဲ့ ...

"ဟို .. ဟို .. သား မပြောဘူးလေ၊ ဖုည့်ကြည့်တော့ ဆ ကြောင် မရှိတော့တာလေ .."

"ဟဲ့ .. မိချက် နင်ပြောတော့ .. ဝအောင် ကြည့်ထားဆို.."

မိချက် မျက်နှာငယ်လေးနဲ့ သူတို့ဆီလျှောက်လာတဲ့ တော ကြောင် ကို လက်ညှိုးထိုးပြပါသည်။

တောကြောင် က ဂျေချို လက်ကိုဆွဲကာ လျှောက်လာရင်း ထုံးစံအတိုင်း စပ်ဖြဲဖြဲနဲ့ ...

"ဟိုလေ .. ဝအောင် ကြည့်ထားဆိုတာ ဝအောင် အိုးလာဖို့ လိမ့်မယ် .. ကြည့်ထား ပြောတာ"

ဖိုးထောင် က ရှုတင်တင်နဲ့ ...

"ဘယ်လိုပဲ ခွဲထားခွဲထား ပေါင်းရဖို့ အဓိကဆိုတာ .."

တောကြောင် တဟားဟား ရယ်ရင်း ...

"ဟုတ်တယ်လေ .. ဆရာတော်က ကန်ကို ပြန်ဆည်ဖို့ လုပ် အားပေးတဲ့သူတွေကို ကောက်ညှင်းပေါင်း ကျွေးမယ်တဲ့၊ သပ် သပ်တစ်အိုးစီ ပေါင်းတဲ့ ..၊ ငချိတ်နဲ့အဖြူကို ရောမပေါင်းနဲ့တဲ့



BURMESE CLASSIC .com



ပေါင်းရဖို့ အဓိကဆိုတာ လိုတဲ့အိုးတစ်အိုးကို ဝအောင် ဆီမှာ ယူလိုက်ဖို့ ဝအောင်ကို ကြည့်ခိုင်း ထားတာ၊ အဲဒါ လေ့လျော်နေ ရင်းနဲ့ ဟိုဘက်ကမ်းက တဲက ထွက်လာတဲ့ ငဝက် က ပုလင်း ထောင်ပြလို့ ဟောဒီပုလင်း သွားယူတာ .."

တောကြောင်က ခါးကြားမှာထိုးထားတဲ့ ပျားရည်ပုလင်းကို ပြသည်။

ဦးဗရမ်း ရှက်ရမ်းရမ်းတော့သည်။ တောကြောင် နဲ့ ညိုထွန်း ကို ကြည့်ကာ ...

"ခွေးကောင် ညိုထွန်း ခေါင်းအုံးကြီးက အရှိန်နဲ့ရေဆန်ပြန် တက်တယ်ဆို .. တုံ့ခနဲ ရပ်သွားတယ်ဆို .. နှစ်ကောင်လုံး သေ ပေတော့ .."

ဦးဗရမ်း ခါးတောင်းကျိုက်ပြီ ..၊ ရွာသားတွေရဲ့ရယ်သံ..။

ညိုထွန်း က အရင်ပြေးတော့ တောကြောင် ဂျေချို့ လက်ကို ဆွဲပါသည်။

ဆရာလေးက ရယ်ရင်း မေ့ကာ သူ့ဘေးက ဆရာမလေး မြတ်စန္ဒာ ကို ဖိုးနီ မှတ်ပြီး ပခုံးပေါ် လှမ်းဖက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာမလေးကလည်း ရယ်နေရလို့ မေ့နေသည် ထင်သည်..။

သုံးထောင်ရှာမှာတော့ မကြာခင် မင်္ဂလာပွဲတွေ တစ်ပွဲပြီး တစ်ပွဲ ကျင်းပမှတော့ သေချာပါသည်။

ဒီနှင်းခ



BURMESE CLASSIC .com

www.burmeseclassic.com